စာပေဗိမာန်စာမူဆုရ

မင်းသျှင်အောင်
(တွံတေး)

# မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင်
# နန်းညွန့်ရှိန်





၂၀၀၁ ခုနှစ် စာပေဗိမာန် စာမူဆု

စာပဒေသာ ဒုတိယဆု

''မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင် နန်းညွန့်ရှိန်''

ရေးသူ- မင်းသျှင်အောင်

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ကျိုက်ထော်ရွာတွင် အဖ ဦးထိတန်၊ အမိ ဒေါ်အုန်းမြိုင်တို့မှ ၁၉၄၇ ခုနှစ်တွင် မွေးဖွားသည်။ တွံတေးမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ဒသမတန်း အထိ ပညာသင်ကြားခဲ့သည်။

၁၉၆၄ ခုနှစ်၊ တပ်မတော် (ကြည်း) အမှတ် (၈၉) ခြေလျင် တပ်ရင်း၌စစ်မှုထမ်းခဲ့သည်။ "တပ်မတော် မင်းသျှင်အောင် (စစ်မြေ)" ကလောင်အမည်ဖြင့် ၁၉၆၅ ခုနှစ်၊ ဧပြီလထုတ် သင့်ဘဝ မဂ္ဂဇင်း "တိတ်တခိုး ချစ်ကြိုးဖြေမယ်" ကဗျာဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ "ချိုတေးရှင်"၊ "ရုပ်ရှင်အမြုတေ"၊ "ရုပ်ရှင်ထူး" မဂ္ဂဇင်းတို့တွင် ကဗျာများ ရေးသားခဲ့သည်။

၁၉၆၉ ခုနှစ်တွင် တပ်မတော်မှ နုတ်ထွက်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် တွံတေး အထက ကျောင်းသားစာစောင်ကို ပုံနှိပ်ထုတ် ဝေခဲ့သည်။ ယခုအခါ "မင်းသျှင်အောင် (တွံတေး)" ဖြင့် ရောင်ပြန်၊ ဇမ္ဗူရတနာ၊ မြစ်မခ၊ ကနောင်၊ ငွေတာရီ မဂ္ဂဇင်းများတွင် ဆောင်းပါး များရေးသားခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတွင် စာရင်းကိုင် (၂) တာဝန်ထမ်းဆောင်လျက် ရှိသည်။

အမည်ရင်းမှာ ဦးလှသိမ်းဖြစ်သည်။ နေရပ်လိပ်စာ- အမှတ် (၁၈၉)၊ စကြံန်လမ်း၊ ကျွန်းတောရပ်၊ တွံတေးမြို့တွင် နေထိုင်လျက် ရှိသည်။

၂၀၀၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု

စာပဒေသာ ဒုတိယဆု

# "မြန်မာ့ရုပ်သေးကြိုးဆွဲ ပညာရှင် နန်းညွန့်ရှိန်"

ရေးသူ – မင်းသျှင်အောင် (တွံတေး)

စီစဉ်တည်းဖြတ်သူ – ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၅ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ – ၂၀၀၀

**တန်ဖိုး ၂၃၀ ကျပ်**

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန်စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံဟင်အမှတ် ၀၇၄၉၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

★ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
★ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်သော
အဘဦးထိတန်၊ အမိဒေါ်အုန်းမြိုင်
နှင့် ရှေးခေတ်မြန်မာ့ရုပ်သေးမင်းသမီးကြီး
အဘဦးဘိုးကြာမြစ်တို့အား ဤစာအုပ်ဖြင့်
ကန်တော့ပါ၏။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | နိဒါန်း | |
| ၂ | မွေးရပ်ဌာနေဇာတိမြေ | ၁ |
| ၃ | သင်ယူလေ့လာရုပ်သေးပညာ | ၆ |
| ၄ | မြန်မာ့အမြင့်သဘင်ရုပ်စုံစင်တော်ပေါ်မှ ကြိုးတော်ဆွဲနန်းညွန့်ရှိန် | ၁၃ |
| ၅ | ချိန်ခါသင့်နွဲ မင်္ဂလာပွဲ | ၁၅ |
| ၆ | ကိုလိုနီခေတ်ဦး မြန်မာ့ရုပ်သေးသဘင် | ၁၇ |
| ၇ | မြန်မာ့အမြင့်သဘင်ရုပ်စုံစင် တည်ဆောက်ခင်းကျင်းမှု | ၂၀ |
| ၈ | ရုပ်သေးမှာအသံ | ၂၃ |
| ၉ | သပြေခံ၊ အကြိုခံ၊ စမုတ်ခံနှင့် လေပြည်များ | ၂၅ |
| ၁၀ | သပြေခံ (သို့မဟုတ်) ဇာတ်ပန္နက်နိဒါန်း | ၂၇ |
| ၁၁ | အကြိုခံ | ၃၉ |
| ၁၂ | စမုတ်ခံ | ၄၀ |
| ၁၃ | နန်းညွန့်ရှိန်၏ လေပြည်များ | ၄၁ |
| ၁၄ | ယုန်စန္ဒရမင်းသားနှင့် စန္ဒပုဏ္ဏားတွေ့သည့် အခါ ကြိမ်းစာ | ၄၂ |
| ၁၅ | နန်းညွန့်ရှိန်၏ ဝန်ခေါ်စာများ | ၄၃ |
| ၁၆ | နန်းညွန့်ရှိန်၏ ရုပ်သေးကြိုးဆွဲပညာရသများ | ၄၄ |
| ၁၇ | နန်းညွန့်ရှိန် ကခဲ့သော ရှမ်းစော်ဘွားဇာတ်ထုပ် | ၅၂ |
| ၁၈ | နန်းညွန့်ရှိန်၏ သစ္စာထားနှစ်ပါးသွား မြိုင်ထသီချင်းနှင့် သံချို | ၅၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉ | စင်တိုင်ခြင်း၊ ဟိမဝန္တာခန်းနှင့် နန်းညွှန့်ရှိန်၏ ကြိုးစွမ်းပြ ကကွက်များ | ၅၉ |
| ၂၀ | ပွဲဦးထွက်စင်တိုင်ခြင်း | ၅၉ |
| ၂၁ | ဟိမဝန္တာခန်း | ၆၇ |
| ၂၂ | နန်းညွှန့်ရှိန်၏ ရှေးမြန်မာမင်းများ တိုင်းခန်းလှည့်လည်ခြင်း ကကွက်များ | ၇၃ |
| ၂၃ | နန်းညွှန့်ရှိန်၏ ကြိုးစွမ်းပြကကွက်များ | ၇၆ |
| ၂၄ | နန်းညွှန့်ရှိန်၏ အခြေခံကကြိုးများ | ၈၂ |
| ၂၅ | နန်းညွှန့်ရှိန်နှင့်အတူ တွဲကခဲ့သော မင်းသမီးများ၊ ဆိုင်းနှင့် ရုပ်စုံစင်တော်များ | ၈၅ |
| ၂၆ | ကမ္ဘောဇတင်တင် (ခေါ်) ဒေါ်င်းယဉ်ရွှေ | ၈၇ |
| ၂၇ | ယဉ်ကျေးမှုတက္ကသိုလ်တွင် ရုပ်သေး အကြံပေးတာဝန် ထမ်းဆောင်ခြင်း | ၉၀ |
| ၂၈ | မြဝတီဖန်သားပြင်ပေါ်က နန်းညွှန့်ရှိန်၏ ကြိုးစွမ်းများ | ၉၃ |
| ၂၉ | မြန်မာနိုင်ငံသဘင် အစည်းအရုံးဝင်ဖြစ်ခြင်း | ၉၅ |
| ၃၀ | ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်သို့ တစ်ခေါက် | ၉၆ |
| ၃၁ | နန်းညွှန့်ရှိန်၏ ရုပ်သေးမျိုးဆက်သစ်များ | ၉၇ |
| ၃၂ | ကိုယ်တိုင်ထုလုပ် ရုပ်သေးရုပ် | ၁၀၂ |
| ၃၃ | ရုပ်စုံသဘင် ဗန်းစကားနှင့် ဓဝေါဟာရများ | ၁၀၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄ | စင်ကာပူနိုင်ငံသို့ ရုပ်စုံသဘင်ခရီးစဉ် | ၁၀၉ |
| ၃၅ | ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်အား ကြိုဆိုပူဇော်ခြင်း | ၁၁၃ |
| ၃၆ | နန်းညွန့်ရှိန်နှင့် ဒေါက်တာတင်မောင်ကြည် ရုပ်သေးကြိုးပညာ ဆွေးနွေးပွဲ | ၁၁၈ |
| ၃၇ | ရုပ်သေးပြိုင်ပွဲ ခြိမ့်ခြိမ့်သဲ | ၁၂၃ |
| ၃၈ | ဘူရိဒတ် ဇာတ်တော်ကြီး | ၁၂၇ |
| ၃၉ | နိဂုံး | ၁၃၅ |
| ၄၀ | ကျမ်းကိုးစာရင်း | ၁၃၇ |

# နိဒါန်း

ရောဝတီသည် မြောက်ဘက်ကုန်းမြင့်ဒေသမှ ဣန္ဒြေကြီးစွာစီးဆင်းလာသည်မှာ နှစ်ပရိစ္ဆေဒကြာခဲ့ပြီ။ မြန်မာတို့၏ ဂန္ထဝင်ယဉ်ကျေးမှုပုံရိပ်တစ်ခုဟုဆိုရသော် မှားအံ့မထင်။ ဟသ်ာတကို လွှန်လျှင်အပြောကျယ်သောပင်လယ်ကြီးနှင့် တွေ့ဆုံမိတ်ဖွဲ့ရန် မြစ်ခွဲများဖြင့်အင်အားဖြန့်ကြက်လိုက်သည်။ ထိုအင်အား ဖြန့်ကြက်ခြင်းသည်ပင်လျှင် မြစ်ဝကျွန်းပေါ်ဒေသကို မွေးဖွားဖြစ်ထွန်းစေပါ၏။ တစ်နည်းအားဖြင့် ထိုဒေသသည် မြန်မာ့ရိက္ခာစပါးကျီပင်မဟုတ်ပါလော။ ခက်ဖြာစီးဆင်းသွားသော မြစ်ခွဲဆယ်စင်းရှိသည့်အနက် ကျွန်တော်နှင့်အရင်းနှီးဆုံးအကျွမ်းဝင်ဆုံးဖြစ်သည့် မြစ်သည် တိုးမြစ်ပင်ဖြစ်ပါသည်။ ထိုမြစ်သည် ပင်လယ်ဒီလှိုင်းများနှင့် ဆော့ကစားရန်ပင်လယ်ပြင်ဆီသို့ စီးဆင်းလျက်ရှိသည်။ ထိုမည်သော တိုးမြစ်ကမ်းနံဘေးက ကျွန်တော့်မွေးရပ်မြေ ကျိုက်ထော်ရွာကြီးသည်သောင်းကျန်းသူများ ဝင်ရောက်စီးနင်းမီးရှို့ဖျက်ဆီးခံရသဖြင့်မီးတောက်မီးလျှံများဖုံးလွှမ်းကာ ကျန်ရစ်ခဲ့သည်ကို သတိရမိသည်။ ကောင်းကင်မျက်နှာပြင်တစ်ခုလုံး ဒေါသကြီးသော မျက်နှာထားဖြင့်နီမောင်းခက်ထန်နေသည်ကို သံမင်လည်ပြန်ကြည့်မိသည်။

xx xx xx

သမ္ဘန်ခတ်တက် ခတ်တိုင်တို့မှ ထွက်ပေါ်လာသော "ကျွိကျွိ . . . ကျွိကျွိ" မြည်သံနှင့်ခတ်တက်ဖျားရေရှုပ်ထိသံဖြင့် "ဖျတ်ဖျတ်ဖျတ်ဖျတ်" အသံတို့က နားတွင်ကြားနေသည်မှာ ခွဲခွဲပျစ်ပျစ်နှင့်အိ

နေသည်။ ခနိပင်၊ လမုပင်၊ အုန်းပင်တို့ဖြင့် စိမ်းစိုနေသောချောင်းရိုးတစ်လျှောက်ခရီးနှင်နေခြင်းသာဖြစ်သည်။ ကျူရိုးကျူပင်၊ ဒိုက်သရောနှင့် ဗေဒါပင်များက အုပ်စုဖွဲ့ကာ ခရီးနှင်နေကြသည်။

ကျွန်တော်နှင့်ခရီးဖော်ဖြစ်ကြပြီ။ ကျွန်တော်တို့မိသားစုသမ္ဘန်အိမ်လေးခရီးနှင်ရာချောင်းသည် တိုးမြစ်ထဲသို့စီးဆင်းနေသည့် ထရော်ချောင်းပင်ဖြစ်သည်။ ကျိုက်လတ်မြို့နယ်နှင့်မအူပင်မြို့နယ်တို့၏နယ်နိမိတ်ချောင်းလည်းဖြစ်သည်။ ရေတက်ချိန်တွင် ဘုတ်အီးငှက်အော်သံများက စည်းချက်မှန်လှသည်။ ချောင်းဖျားသို့ဆန်ချည်တစ်လှည့်စုန်ချည်တစ်ခါ၊ တစ်ရွာဝင်တစ်ရွာထွက်ဈေးလှည့်ရောင်းသည့်ဈေးသမ္ဘန်ကို ကျွန်တော်စီးနင်းလိုက်ပါနေရခြင်းသာဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရပါမူ ကျွန်တော်တို့မိသားစုနေထိုင်ရာအိမ်လေးလည်းဖြစ်သည်။ အနေဆင်းရဲသည်ဟု ကျွန်တော်မခံစားမိပေ။ ငယ်သူမို့မသိခြင်းလည်းဖြစ်နိုင်သည်။

တစ်ချိန်တွင် ရွာတစ်ရွာ၏အိမ်တစ်လုံးပေါ်သို့ ကျွန်တော်တို့မိသားစုရောက်ခဲ့ရပြန်သည်။ ထိုရွာမှာတမံကြီးရွာပင်ဖြစ်လေသည်။ ထိုအခါကျမှပင် လွယ်အိတ်ကလေးလွယ်၍ကျောင်းတက်ရသည့်ကျောင်းသားတစ်ယောက်ဖြစ်လာရတော့သည်။ ဤသို့ဖြင့် ချောင်းတစ်ဖက်ကမ်း ဘုန်းကြီးကျောင်းအောက်တွင်ရှိသည့် မူလတန်းကျောင်းသို့ ကိုယ့်လှေကိုလှော်ကာကျောင်းတက်ခဲ့ရသောနေ့များကို ပိုင်ဆိုင်ခွင့်ရခဲ့သည်။ ဟောင်းနွမ်းသွားသောထိုကာလများကို မေ့ပျောက် နိုင်စွမ်းမရှိသည့် အကြောင်းများတွင် အဘဘိုးကြာမြစ်နှင့်မင်းသမီး မင်းသားရုပ်[illegible]ရုပ်ကဒလးများလည်း ပါသည်။ အဘဘိုးကြာမြစ်အိမ်ကလေးသည် ကျောင်းနှင့်နီးပြီးချောင်းကမ်းစပ်တွင်ရှိသည်။ ကျောင်းသွားကျောင်းပြန်ဝင်ရသည့်

အလုပ်မှာ ကျွန်တော့်အတွက် နိစ္စဒူဝအလုပ်ဖြစ်လာသည်။ ကျောင်းနောက်ကျသဖြင့် အရိုက်ခံရသည့်အကြိမ်ပေါင်းကလည်း မရေမတွက်နိုင်အောင်ဖြစ်ခဲ့သည်။

ထိုစဉ်က အဘဘိုးကြာမြစ်၏အသက်ကို တိတိပပမသိရသော်လည်း အသက် ၉၀ ခန့်ရှိမည်ထင်၏။ မျက်မမြင်ဒုက္ခိတတစ်ဦးဖြစ်ပြီး ဇနီးဖြစ်သူဒေါ်မင်းဟန်နှင့်အတူ နှစ်ယောက်တည်းသာနေသည်။ ကျွန်တော့်မိဘများမှာ ကုန်ခြောက်ဆိုင်ပိုင်ရှင်များဖြစ်၍ အမေ့အားပူဆာကာ ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ခွင့်ရလာသည်။ ကြာတော့လည်းကျွန်တော်နှင့်အဘကြား မြေးအဘိုးသံယောဇဉ်များပွားစည်းလာတော့သည်။ "ယောဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသည်. . ." အစချီ၍ဗုဒ္ဓဝင်ဘုရားရှိခိုးကိုလည်းသင်ပေးသည်။ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များ၊ ဇာတ်ကြီးဆယ်ဘွဲ့နှင့်မဟာဝင်ပုံဝတ္ထုများကိုလည်း ပြောပြသေးသည်။ ထိုပုံဝတ္ထုများမှ ဒီဃာဝုမင်းသားအကြောင်းသည် ကျွန်တော့်နှလုံးသားဝယ်မမေ့မပျောက်စွဲကျန်ရစ်ခဲ့သည်။ ရန်ဖန်ရန်ခါတွင် ရွှေခေတ်အမြင့်သဘင်ရုပ်စုံစင်တော်ပေါ်မှ သူသီဆိုကခဲ့ရသော ရုပ်သေးသီချင်းများကို တိုးတိုးတိတ်တိတ်ဆိုပြတတ်သေးသည်။ ပုဆိုးဟောင်းနှင့်ထုပ်ပိုးချိတ်ဆွဲထားသော ရုပ်သေးမင်းသား၊ မင်းသမီးအရုပ်ကလေးများကို ကျွန်တော်စိတ်ဝင်စားသည်။ ကုန်းဘောင်မင်းဆက်ချုပ်ငြိမ်း၍ ကိုလိုနီခေတ်ဦးကာလတစ်ခုသော ရုပ်စုံစင်တော်ပေါ်မှ ရုပ်သေးမင်းသမီးအဘဘိုးကြာမြစ်က သူ၏အနုပညာဘဝခရီးကို တွေးမြင်ကာ ပြောပြနေတတ်သည်။

၁၉၆၃ ခုနှစ်ကာလများတွင် ကျွန်တော်တို့မိသားစုတွံတေးမြို့သို့ပြောင်းရွှေ့နေထိုင်အခြေချလိုက်သည်။ ထိုအချိန်မှစ၍ ရုပ်သေး

မင်းသမီးကြီးအဘဘိုးကြာမြစ်နှင့် ပြန်မတွေ့ရတော့ချေ။ အလွမ်းပြေကျွန်တော်ဖတ်ကြည့်ရသော ဆိုင်းဘုတ်တစ်ခုတွံတေးတွင် တွေ့ခဲ့ဖူးသည်။ ထိုဆိုင်းဘုတ်မှာ လူရွှင်တော်ဦးကျောက်မီး၏ သားတည်ထောင်သော မောင်ထွန်းလှိုင်ရုပ်စုံမဂ်လာစင်တော်ဟူသော ဆိုင်းဘုတ်ပင်ဖြစ်ပေတော့သည်။ တွံတေးဧရာဝတီသဘော်ဆိပ်အနီး မင်းရဲကျော်စွာလမ်းမတစ်နေရာတွင် မြင်ဖူး တွေ့ဖူး၊ လွမ်းခဲ့ဖူးခြင်းဖြစ်သည်။

၁၉၇၅ခုနှစ် ပတ်ဝန်းကျင်က တွံတေးရွှေဆံတော်ဘုရားပွဲများတွင် နန်းညွှန့်ရှိန်ရုပ်စုံသဘင်အဖွဲ့ ကပြခဲ့သည်ကိုမူသတိပြုမိသည်။ ရုပ်သေးဆရာကြီးဦးထွန်းလှိုင် ကွယ်လွန်လေလျှင် သူ၏ရုပ်စုံသဘင်ဆိုင်းဘုတ်သည်လည်း မမြဲခြင်းသဘောဖြင့် ပျောက်ကွယ်ခဲ့လေသည်။

ရှေးခေတ်မြန်မာဘုရင်များ လက်ထက်တော်က ချီးမြှင့်မြှောက်စားခြင်းခံရသော မြန်မာ့အမြင့်သဘင်ရုပ်စုံစင်တော်များသည်တော် ကောက်ခြင်းများပင်ခံရသော်လည်း ခေတ်ကာလ အပြောင်းအလဲများနှင့်အတူ တစ်စထက်တစ်စမှေးမှိန် တိမ်ကောလာလေသည်။ ယခုအခါ အငြိမ့်သဘင်များလည်း တိမ်ကောလာသည်ကို သတိမူမိပါ၏။ ထို့အတူ မြန်မာ့ဇာတ်သဘင်ကြီးများသည်ပင်လျှင် နောက်ပိုင်းဇာတ်ထုပ်ကြီးများ ခင်းကျင်းကပြမှုများ လျော့ရဲလာကာ ဇာတ်ကြီးတစ်ခု၏အရည်အသွေးနှင့်အစဉ်အလာများ တိမ်မြုပ်မှေးမှိန်လာသည်ကို တွေ့ရပြန်သည်။

ထို့ကြောင့်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ၁၉၉၃ ခုနှစ်မှစ၍ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပခဲ့သည်မှာ ၂၀၀၂ ခုနှစ်တွင် ဒသမ

အကြိမ်သို့ပင်တိုင်ခဲ့ပြီဖြစ်သည်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရုပ်စုံအမြင့်သဘင် ရုပ်သေးကြိုးဆွဲပညာရပ်များကို ပြန်လည်ဖော်ထုတ်လျက်ရှိပေသည်။ ထိုပြိုင်ပွဲမတိုင်မီကာလများအတွင်း မြဝတီရုပ်မြင်သံကြားအစီအစဉ်မှ ရုပ်သေးကြိုးဆွဲပညာရှင် နန်းညွန့်ရှိန်၏ ရုပ်သေးကြိုးစွမ်းပြကကွက်များကို ကြည့်ရသည်မှာ ကြည့်မဝရှုမဝဖြစ်ရလေသည်။ ကျွန်တော်၏ ငယ်ဘဝငယ်အိပ်မက်ထဲမှ ရှေးခေတ်ရုပ်သေးမင်းသမီးကြီး အဘဘိုးကြာမြစ်နှင့်သူ၏ ရုပ်သေးကလေးများကို သတိရလွမ်းဆွတ်မိပါသည်။

xx xx xx

ကျွန်တော်သည် မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင် ဆရာကြီး နန်းညွန့်ရှိန်ထံ သွားရောက်တွေ့ဆုံရန် တွံတေးမြို့၊ ကျောက်တံတားကူးတို့ဆိပ်မှ စက်သမ္ဗန်ဖြင့်အောင်စေတီသို့ကူးခဲ့သည်။ ဇီးဖြူကုန်းချောင်းမှာ ရေထိန်းတံခါးပြုလုပ်ထားသဖြင့် ချောင်းပိတ်ထားသည့်ကာမှတစ်ဆင့် ဟွန်ဒါစက်လှေဖြင့် ဇီးဖြူကုန်းရွာသို့ခရီးဆက်ခဲ့သည်။ ပြေးလွှားခရီးနှင်နေသော စက်လှေပေါ်တွင် လိုက်ပါရင်းတစ်ချိန်က ငယ်ပေါင်းထရော်ချောင်းနှင့်လမုပင်၊ ဓနိတောနှင့် အုပ်စုဖွဲ့ကာ ပျံသန်းနေသည့်အိပ်တန်းပြန်ဗျိုင်းငှက်များ၊ ဘုတ်အီးငှက်အော်သံများ၊ ရေတက်ရေကျတွင် စုန်မျှောခရီးနှင်နေသည့် ကျူပင်၊ ကိုင်းပင်များနှင့်ဗေဒါ၊ ဒိုက်သရောများကို မြင်ယောင်လွမ်းယောင်နေမိသည်။

ထိုမည်သောထရော်ချောင်းကမ်းနံဘေးက ယိုင်နဲ့နဲ့ဓနိအိမ်ကလေးနှင့် အသက် ၉၀ အရွယ် မျက်မမြင်ရှေးခေတ် ရုပ်သေးမင်းသမီးကြီးအဘဘိုးကြာမြစ်ကို မြင်ယောင်နေမိ၏။ ယခုထိုအိမ်

ကလေးဆီသို့ သွားနေသလားဟုပင် ကျွန်တော့စိတ်ထဲ ထင်ယောင်နေသည်။ မကြာလိုက်ပါချေ။ စိမ်းညို့ညို့ကျောက်ခလောက်တောင်တောတန်းကို လှမ်းမြင်လိုက်ရလေပြီ။ သည်တော့မှပင် အဝေးသို့ပျံ့လွင့်နေသော အတွေးများ ရုပ်တန့်သွားတော့သည်။ ကျွန်တော် စီးနင်းလိုက်ပါလာသည့် ဟွန်ဒါစက်လှေငယ်သည် ဇီးဖြူကုန်းရွာ ဆိပ်ကမ်းသို့ပင် ဆိုက်ကပ်နေပြီ ဖြစ်တော့သည်။

မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင် ဆရာကြီးနန်းညွှန့်ရှိန်၏ နေအိမ်ခြံဝင်းအတွင်းသို့ လှမ်းဝင်မိလိုက်သည်နှင့် ရုပ်သေးရုပ်တစ်ရုပ်ကို ကိုယ်တိုင်ထုလုပ်နေသည့် ဆရာကြီးနန်းညွှန့်ရှိန်ကို အခန့်သင့်ပင်တွေ့ရလေသည်။ ကျွန်တော်တွေ့ဆုံခွင့်ရသော ရုပ်သေးဆရာကြီးသည် သာမန်ကြိုးတော်ဆွဲမျှသာမဟုတ်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်၏ ရုပ်သေးအကြံပေးပညာရှင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်။

မြန်မာ့ရုပ်သေးလောကတွင် ခေတ်အဆက်ဆက်ရှည်လျားလွှမ်းမောစွာ ဖြတ်သန်းကျင်လည်ခဲ့ရသည့် သက်ရှိထင်ရှားရုပ်သေးပညာရှင် ဦးပန်းအေး (မန္တလေး)၊ ဇော်ဂျီပုံဆရာလှ (ပုဂံ)၊ ဦးအောင်သွင် (သာယာဝတီ) ဦးနန်းညွှန့်ရှိန် (တွံတေး) တို့သည် ရှားရှားပါးပါး ရုပ်သေးပညာရှင်ကြီးများဖြစ်သည်။ ဦးစံပယ်ခိုင် (ရန်ကုန်)၊ ပန်းသာဦးခင်မောင် (စစ်ကိုင်း)၊ ဦးမြသွင် (မန္တလေး) တို့မှာ ကွယ်လွန်ခဲ့ရှာပြီဖြစ်သည်။

ထိုထိုသောပညာရှင်ကြီးများအနက် ယဉ်ကျေးမှုတက္ကသိုလ် ရုပ်သေးအကြံပေးပညာရှင်နန်းညွှန့်ရှိန် (တွံတေး)၏ အနုပညာဘဝခရီးရသပန်းတစ်ခင်းအား ဖန်ဆင်းမွှေးထုံသင်းပျံ့စေပါတော့သတည်း။




ပုံ (၁)

**မွေးရပ်ဌာနေဇာတိမြေ**

စိမ်းညို့ညို့ကျောက်ခလောက်တောင် တောတန်းကို ကျောခိုင်းလျက် အုန်းပင်၊ ဓနိပင်၊ မာလကာခြံတို့ဖြင့် စိမ်းစိုနေသော ဇီးဖြူကုန်းရွာသည် မြွေတစ်ကောင်လို တွန့်လိမ်နေသော ဇီးဖြူကုန်းချောင်းနံဘေးတွင် မှေးတင်လျက်ရှိသည်။ ချောင်းက ဇီးဖြူကုန်းရွာကို အရှေ့ဘက်ကမ်းနှင့်အနောက်ဘက်ကမ်းအဖြစ် ပိုင်းခြားထားသည်။ တွံတေးမြို့နှင့်နှစ်မိုင်ခန့်သာ ကွာဝေးသည်။

ရွာတည်နေရာ အတိအကျဆိုရပါမူ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၅ မိနစ်တွင် တည်ရှိသည်။ ပဲခူးတိုင်း၊ ဟံသာဝတီခရိုင်၊ တွံတေးမြို့နယ်အပိုင်



တွံတေးမြို့နယ်မြေပုံ

ဖြစ်သည်။ တွံတေးမြို့သို့သွားရန် ကူးတို့လက်ခတ်သမ္ဗန်ကိုသာ အားကိုးအားထားပြုကြရသည်။ အခြေခံစီးပွားရေးလုပ်ငန်းများမှာ လယ်ယာလုပ်ငန်း၊ ခြံလုပ်ငန်း၊ တံငါလုပ်ငန်း၊ ကျူဖျာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ပညာရေးတွင်မူ လောကမာတ်ကျောင်းမရှိ ဘုန်းကြီးကျောင်းသာရှိသည်။ ရွာမြောက်ဘက် ကျောက်ခလောက်တောင် တောစပ်တွင်ရှိသော ဘုန်းတော်ကြီးကျောင်းကို ကျောင်းဟောင်းဟုခေါ်ကြပြီး ရွာတောင်ဘက်တွင်ရှိသော ဘုန်းတော်ကြီးကျောင်းကိုမူ ကျောင်းသစ်ဟုအလွယ်တကူခေါ်ကြသည်။ ဗုဒ္ဓဘာသာကိုးကွယ်သည့် ရွာပီပီစွာရွာ့ကျက်သရေဆောင်စေတီသုံးဆူရှိပေရာ ဖက်တစ်ရာစေတီ၊ ရွှေဘုန်းပွင့်စေတီ၊ ပုဂံတိုက်စေတီဟူ၍ ရှေးအစဉ်အဆက် ကိုးကွယ်ထားရှိသည်။ ရွာတောင်ဖျားတွင် ဆင်းတုတော်ကြီးတစ်ဆူကလည်း ရှေးခေတ်ကာလ ဇီးဖြူကုန်းရွာ၏ ခနအင်အားကြွယ်ဝမှုမှာ မသေးငယ်လှကြောင်းဖော်ပြနေသည်။ ရှေးဘိုးဘေးတို့၏ ဘာသာတရား ကြည်ညိုကိုင်းရှိုင်းမှု သက်သေများပင် ဖြစ်ပေသည်။ ထူးခြားသည်မှာ ကျောက်ခလောက်တောင်တွင် အဆံရှိပြီးအသံမြည်သော ကျောက်ခဲများ ကံကောင်းသူတို့ရရှိကြသည်။ ဆေးဖက်ဝင် ကျောက်ခဲများပင်ဖြစ်သည်။

ခေတ်ကာလအားဖြင့် ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရအုပ်စိုးချိန်ဖြစ်သည်။ မောင်ထွန်းခင်၊ မသိန်းညွန့်တို့ဇနီးမောင်နှံသည် မိရိုးဖလာတောင်သူလယ်သမားများဖြစ်၏။ မိမွေဘမွေလယ်မြေဧက ၃၀ ကျော် ပိုင်ဆိုင်လုပ်ကိုင်သည့် လယ်သူကြီးလည်းဖြစ်သည်။ ဥစ္စာစီးပွားမချို့တဲ့သော်ငြားလည်း သားသမီးရတနာချို့တဲ့နေသဖြင့် မျှော်လင့်တောင်းတခဲ့ကြသည်။ တစ်ခုသောဆောင်းရာသီတွင် သူတို့မျှော်လင့်ချက်ဆန္ဒများ ပြည့်ဝခဲ့လေသည်။

ထိုရက်ထိုနေ့သည်ကား မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ်၊ ပြာသိုလဆုတ် ၁၁ ရက်၊ ခရစ်နှစ် ၁၉၃၂ ခု၊ ဖေဖော်ဝါရီလ ၂ ရက်၊ အင်္ဂါနေ့ည ၉ နာရီခန့်တွင်ဖြစ်သည်။ မသိန်းညွှန့်မှာ သူတို့လိုချင်တောင်းတခဲ့သော သားဦးရတနာကို သန့်စင်ခဲ့လေသည်။ မီးထွက်လေလျှင် ခေါင်းဆေးကင်ပွန်းတပ်ခဲ့ရာ မောင်ညွှန့်ရှိန်ဟူ၍ အမည်နာမမှည့်ခေါ်ခဲ့ကြသည်။ သူ့နောက် မွေးချင်းမောင်နှမသုံးယောက်ထပ်မံထွန်းကားခဲ့သည်။ ၎င်းသူတို့မှာ မောင်ဟန်စိန်၊ မတင်စိန်၊ မောင်တင်ဝင်း တို့ဖြစ်သည်။

## ကလေးအရွယ်ငယ်စဉ်ဘဝ

မောင်ညွှန့်ရှိန် ကျောင်းနေရန်အရွယ်သို့ရောက်ချိန်တွင် ကျောင်းဟောင်းဆရာတော် ဦးကဝိန္ဒထံ မိဘများကိုယ်တိုင်သွားရောက်အပ်နှံပေးခဲ့သည်။ ဘုန်းကြီးကျောင်းတွင် မြန်မာသင်ပုန်းကြီးဖတ်စာ၊ ဆယ်စောင်တွဲတို့ကို သင်ယူရသည်။ ထို့ပြင် ဆရာတော်ကလောကီရေးရာသိမှတ်ဖွယ်ရာဖြစ်သည့် ပြဿဒါး၊ ရက်ရာဇာ၊ ဝါရမိတ္တု ရက်ရွေးနည်းများ၊ မြေခံအဟော၊ နဂါးလှည့်နှင့်ကိန်းတံကျရွေးခြင်းစသည်တို့ကို သင်ယူရသည်။ ကိန်းတံကျ၏ အဓိပ္ပာယ်မှာ မြန်မာလဆန်း ၁ ရက်နှင့်လဆုတ် ၁ ရက်နေ့တွင် တနင်္ဂနွေနေ့ကျရောက်ခြင်းကို ဆိုလိုပါသည်။ မောင်ညွှန့်ရှိန်သည် ကျောင်းဟောင်းတွင် နှစ်နှစ်ခန့်သာ ကျောင်းနေခဲ့ရပြီးနောက် ဘုန်းကြီးကျောင်းမှထွက်ခဲ့သည်။

မောင်ညွှန့်ရှိန်သည် ဘုန်းကြီးကျောင်းသားဘဝမှာပင် ကစားချိန်များ၌ ရွှံ့စေးဖြင့်အရုပ်ကလေးများပြုလုပ်ကာ အဝတ်ပတ်ပြီးကြိုးတပ်၍ ကြိုးဆွဲကပြဆော့ကစားလေ့ရှိသည်။ ဘုန်းကြီးကျောင်း

မှ ထွက်ခဲ့ပြီးနောက် မိဘများ၏လယ်ယာလုပ်ငန်းတွင် တစ်ဖက်တစ်လမ်းမှပါဝင်ကူညီလုပ်ကိုင်ပေးရလေသည်။ သူလုပ်ရသောအလုပ်မှာ ကျွဲကျောင်း၊ နွားကျောင်း၊ လယ်ထဲထမင်းပို့နှင့်ထင်းခွဲရေခပ်စသည့်အလုပ်များကိုသာ လုပ်ကိုင်ခဲ့ရသည်။

**အဘိုးအမွေဆက်ခံပေ**

မောင်ညွန့်ရှိန်၏ အဘိုးဖြစ်သူရုပ်သေးဆရာကြီး ဦးစံပယ်ဒွေးသည် ဇီးဖြူကုန်းရွာသူ မမယ်တင့်နှင့်အကြောင်းပါသဖြင့် အညာဒေသ ပခုက္ကူသို့မပြန်တော့ဘဲ အောက်ပြည်အောက်ရွာအရပ်မှာပင်အခြေချနေထိုင်လေတော့သည်။ အဘိုးဦးစံပယ်ဒွေးမှာ အသက်အရွယ်ကြီးရင့်လာပြီဖြစ်သဖြင့် ရုပ်သေးသမားပီပီရုပ်သေးထောင်ရန်ကိုသာ စိတ်ဝင်စားနေသည်။ သားဖြစ်သူမောင်ထွန်းခင်မှာ ရုပ်သေးပညာသင်ယူရန်နှင့် ရုပ်သေးကရန် လုံးဝဝါသနာမပါသဖြင့် လက်လျှော့လိုက်ရသည်။ မြန်မာစကားပုံတွင်သားမှာအချစ် မြေးမှာအနှစ်ဟူသော ဆိုစကားရှိပေသည်။ မောင်ညွန့်ရှိန်သည် ကျောင်းသားဘဝအရွယ်ကပင် ရွှံ့ရုပ်ကလေးများဖြင့် ရုပ်သေးက ခြင်းဖြင့်သာကစားလေ့ရှိသူမို့ ရုပ်သေးအမွေဆက်ခံနိုင်သူဟု ဦးစံပယ်ဒွေးက တွေးကာတြိတ်၍ ဝမ်းသာနေသည်။ မောင်ညွန့်ရှိန် ၁၂ နှစ်သားအရွယ်ရောက်သည်နှင့် ရုပ်သေးပညာ အမွေဆက်ခံရန် စီစဉ်လေတော့သည်။ မောင်ညွန့်ရှိန်မှလွဲ၍လည်း အခြား ညီအစ်ကိုမောင်နှမများမှာ ရုပ်သေးပညာအမွေဆက်ခံရန် ဝါသနာမပါ စိတ်မဝင်စားကြချေ။ ဦးစံပယ်ဒွေး၏ ရုပ်သေးအမွေကို ဆက်ခံမည့်မျိုးဆက်သစ်မှာ မြေးဖြစ်သူမောင်ညွန့်ရှိန်တစ်ဦးတည်းသာ ရှိသည်။ မောင်ညွန့်ရှိန်အား ရုပ်သေးပညာသင်ပေးရန်ကိုသာ ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

## သင်ယူလေ့လာရုပ်သေးပညာ

အဘိုးဦးစံပယ်ငွေသည် မြေးကလေး မောင်ညွန့်ရှိန်ကို ရုပ်သေးပညာတတ်စေချင်လွန်းသဖြင့် ရုပ်သေးစင်တစ်စင်ထောင်ရန် ဟသ်ာတနယ်သား ကြိုးတကာ့ဘုရင် ဆရာခင်ကို ခေါ်ယူခဲ့လေသည်။ ဤသို့ဖြင့် ကြိုးတကာ့ဘုရင် ဆရာခင်သည် မောင်ညွန့်ရှိန်၏ ပထမဆုံးသင်ဆရာဖြစ်လာလေသည်။ ဆရာခင်ကို စတင်တွေ့စဉ်ကပင် အသက် ၇၀ ကျော်ခန့်ရှိပြီး ပိန်ပိန်ရှည်ရှည်ခါးကိုင်းကိုင်းပုံဖြစ်သည်။ ကတုံးရိတ်ထားသော ဦးခေါင်းကိုအမြဲတစေခေါင်းပေါင်းထားတတ်သည်။ ဆရာခင်သည် သဘောကောင်းသူဖြစ်သဖြင့် သင်ကြားရာ၌ မာန်မဲကြိမ်းမောင်းဆူပူခြင်းမရှိချေ။ အလွန်အေးအေးဆေးဆေးနေတတ်သူဖြစ်သည်။ မျက်စိနှစ်ကွင်းမှာ အမြင်မသန်စွမ်းရှာချေ။ အသက် ၁၃ နှစ်ဝင်စ ဆယ်ကျော်သက်အရွယ်သာရှိသေးသည့် မောင်ညွန့်ရှိန်သည် ဆရာ့ထံမှ ရုပ်သေးကြိုးဆွဲပညာများ စတင်သင်ယူရာ သူငယ်တော်၊ မြင်း၊ မျောက်၊ ဘီလူးတို့က စပြီးသင်ယူရသည်။ မောင်ညွန့်ရှိန်ကြိုးဆွဲပညာ စတင်သင်ကြားရသည့်အရုပ်မှာ သူငယ်တော်အရုပ်ပင်ဖြစ်သည်။

ရုပ်သေးကြိုးဆွဲပညာသင်ရိုးသင်လက်မှာ လက်ဝဲလက်ဖြင့် ဂျက်ကိုကိုင်ပြီး ရုပ်သေးဖနောင့်ကြိုးကို ထိပ်ဆုံးလက်မောင်းထဲသို့ သွင်းပေးရသည်။ ဒုတိယအချက်မှာ လက်မနှင့်လက်ခလယ်ကြိုးခွဲတတ်ရန်လိုသကဲ့သို့ ဘယ်ညာပြောင်းပေးတတ်ရပါမည်။ အရုပ်ကို ဘယ်ခြေညာလက်လှုပ်ရှားတတ်ရန် စတင်သင်ယူရသည်။ တစ်ဆက်တည်းမှာပင် ခြေစုံ၊ လက်စုံ၊ ကြိုးဆွဲကိုလေ့ကျင့်ရသည်။ သဘင်စကားဖြင့် ဆိုရပါမူ "ခေါင်း၊ ခါး၊ ခြေ၊ လက် ဤလေးချက် မပျက်

စေရသုခုမ"ဟူသောစကားနှင့်အညီ လိုက်နာကာလေ့ကျင့် ကြိုးစားရလေသည်။

ရုပ်သေးကြိုးဆွဲရာတွင် မြင်းရုပ်ဆွဲရသည်မှာ အလွယ်ဆုံးဟုထင်မြင်ယူဆကြသည်။ အမှန်တကယ် လက်တွေ့ကြိုးဆွဲရာတွင်ထင်သလောက်မလွယ်ကူပါချေ။ အကြောင်းမှာမြင်းရုပ်ကြိုးဆွဲရာတွင်မြင်းသဏ္ဍာန်၊ မြင်းဟန်တူရန်လိုအပ်သည်။ မြင်းပြေးကြိုးဆွဲရာတွင် ခွာသဇင်ပြေးကြိုးဆွဲတတ်ရမည်။ ကောင်းကင်လေရှူတတ်ရမည်။ နားကုတ်တတ်ရမည်။ နားယားသဖြင့် နားကုတ်ရာတွင်လက်ဖြင့်မကုတ်ရချေ။ နောက်ခြေထောက်ဖြင့်သာ ကုတ်ရပါသည်။ သိုလည်းချတတ်ရပါမည်။ ကဆုန်ချပြေးတတ်ရမည်။ ဗိန်းခဗောင်းပြေးတတ်ရမည်။ ဖောင်းက တတ်ရမ--ည်။ လှည့်က တတ်ရမည်။ မြေလူး တတ်ရမည်။ ဤသို့သော ကြိုးဆွဲအရည်အချင်းများ ပြည့်စုံ၍ လိမ်မာကျွမ်းကျင်မှသာလျှင် ကြိုးဆွဲကောင်းတစ်ယောက်ဖြစ်လာနိုင်ပေသည်။

မြန်မာ့ရုပ်သေးမှာ ကြိုးပညာသာလျှင် အဓိကဖြစ်၍ ကြိုးဆွဲကျွမ်းကျင်ရန်သာလိုအပ်သည်။ ရုပ်သေးရုပ်တစ်ရုပ်တွင် ကြိုး (၁၃) ကြိုးမှ (၁၈) ကြိုးအထိရှိသည်။ အရုပ်တစ်ရုပ်တွင် အကြမ်းအားဖြင့်တပ်ဆင်ထားသောကြိုးများမှာ-ဒူးကြိုး၊ လက်ကြိုး၊ ရင်ကြိုး၊ တင်ကြိုး၊ ပခုံးကြိုး၊ ခေါင်းကြိုး၊ ဘနောင့်ကြိုး၊ ခြေဖျားကြိုး၊ ခါးကြိုးဟူ၍ အသီးသီးရှိသည်။ ထို့ကြောင့် ကြိုးသည်ရုပ်သေး၏အသက်ပင်ဖြစ်ပေတော့သည်။

အရုပ်အမျိုးအစားအားလုံးထဲတွင် ဇော်ဂျီရုပ်သည် ကြိုးနည်းသော်လည်း ကြိုးဆွဲရန်အခက်အခဲဆုံးအရုပ်ဖြစ်၏။ သူ၏ပထမဆရာဖြစ်သူ ကြိုးတကာ့ဘုရင်ဆရာခင်ထံတွင် ဇော်ကြိုးဆွဲကို မသင်

ယူခဲ့ရချေ။ ကြိုးတကာ ရှင်ဆရာခင်ထံတွင် ရုပ်သေးကြိုးဆွဲပညာကို တစ်နှစ်ကြာမျှ သင်ယူဆည်းပူးခဲ့ရာ ဟိမဝန္တာခန်းကကွက်များအားလုံးကျွမ်းကျင်တတ်မြောက်ပြီဖြစ်၏။ မောင်ညွန့်ရှိန်ရုပ်သေးပညာသင်ယူနေချိန်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများ ဆင်နွှဲနေချိန်ဖြစ်သည်။

## ဒုတိယသင်ဆရာ ချန်ပီယံ ဦးသိန်းအောင်

ရုပ်သေးဆရာကြီး ဦးစံပယ်ဌေးသည် မောင်ညွန့်ရှိန်တွင်ပညာမလုံလောက်သေးသည်ကို ရိပ်စားမိရကား ရုပ်သေးပညာများဆက်လက်ဆည်းပူးသင်ယူနိုင်ရန် ရောဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ တညီရွာသားချန်ပီယံဦးသိန်းအောင်အား ခေါ်ယူကာ သင်ကြားစေခဲ့ပြန်ပါသည်။ ဆရာ့အား ဖျာပုံအရေးပိုင်မင်းက ချန်ပီယံဟုခေါ်ဝေါ်ချီးမြှောက်ခဲ့သဖြင့် ထိုအချိန်မှစ၍ ချန်ပီယံ ဦးသိန်းအောင်အမည်တွင်ခဲ့ခြင်းဖြစ်သည်။ ဆရာနှင့်တွေ့ချိန်တွင် မောင်ညွန့်ရှိန်သည် မင်းသမီးကြိုးဆွဲအကကို ကျွမ်းကျင်တတ်မြောက်နေပြီဖြစ်သည်။

မောင်ညွန့်ရှိန်သည် ဒုတိယသင်ဆရာ ချန်ပီယံဦးသိန်းအောင်ထံမှ မြင်း၊ မျောက်၊ ဘီလူး၊ ဆင်၊ ကျား၊ ဂဠုန်၊ နဂါး၊ ငှက်စသည့်အရုပ်များ၏ ကြိုးဆွဲအကများကို ဆက်လက်သင်ယူဆည်းပူးရလေသည်။ အထူးသဖြင့် မင်းသား၊ မင်းသမီး ကြိုးဆွဲအကများကိုထိုခေတ်က အလွန်ကျော်ကြားခေတ်စားခဲ့သော "ရေနံ့သာဦး" သီချင်းဖြင့်ကကွက်များကို သင်ကြားပေးခြင်းဖြစ်သည်။ ဆရာ့ထံမှကြိုးရှမ်းပြကွက်များဖြစ်သည့် မီးကွင်းအက၊ အရုပ်နောက်ပြန်ကြိုးဆွဲအက၊ အရုပ်နှစ်ရုပ်တစ်ပြိုင်တည်းကြိုးဆွဲအက၊ အရုပ်လေးရုပ်



တတိယသင်ဆရာ တွံတေးမောင်ထွန်းလှိုင်

တစ်ပြိုင်တည်း ကြိုးဆွဲအကများနှင့်နောက်ပိုင်း ကသည့် ဇာတ်ထုပ်၊ ဇာတ်တော်ကြီးများ၏ ကြိုးဆွဲအကများကိုလည်း သင်ယူရသည်။ ဒုတိယမြောက်သင်ဆရာချန်ပီယံ ဦးသိန်းအောင်ထံမှ ရုပ်သေးကြိုးဆွဲပညာများကို လေးနှစ်လေးရာသီတိုင်တိုင် သင်ယူခဲ့ရသည်။ ဆရာ့ထံမှ ရုပ်သေးကြိုးပညာများ သင်ယူခဲ့ရသည်မှာ ကာလအကြာမြင့်ဆုံးဖြစ်သည်။

မြန်မာ့အမြင့်သဘင် ရုပ်စုံစင်တော်ကြီးများပေါ်မှ ရုပ်သေးပညာများမှာ အဆိုပညာ၊ ကြိုးဆွဲပညာဟူ၍ရှိပေရာ ကြိုးဆွဲပညာတွင် ပညာရပ်တစ်ခုကောင်း ကျွမ်းကျင်သူများ ပါ၏။ ကြိုးဆွဲပညာရပ်တွင်က မင်းသားကြိုး၊ မင်းသမီးကြိုး၊ မင်းသားကြီးကြိုး၊ လူကြမ်းကြိုး၊ လူပြက်ကြိုးစသည်ဖြင့် ကျွမ်းကျင်ကြ၍ အနုပညာရှင် အမည်နှင့်အတူ ထူးချွန်သောကြိုးပညာ တွဲလျက် နာမည်ကျော်ကြားခဲ့ကြသည်။ မောင်ညွန့်ရှိန်မှာ မင်းသားကြိုးကို ပိုမိုကျွမ်းကျင်ပိုင်နိုင်သဖြင့် မင်းသားကြိုးဆွဲဖြစ်လာရပေသည်။ ကြိုးဆွဲပညာအပြင် ဆိုင့်ပြောပညာများကိုလည်း ကျွမ်းကျင် ပိုင်နိုင်သူဖြစ်ပေသည်။

# လူရွှင်တော် ဦးဇော်ဂျာကော်မိုး၏ (သား) တွံတေး–မောင်ထွန်းလှိုင် တည်ထောင်သော–ရုပ်စုံအဖွဲ့၊







မင်းသား
နေမြည်တော် — အသံမြင့်မိုရ်၊
အစောင်းနင်းသခင်
မင်းသားကြီး မောင်ထွန်းလှိုင်၊
လူရွှင်တော် — ဦးစံစိန်ဆေး

မင်းသားကြီး ဂုဏ်ဝတ်အား၊
ဆုရွှေတံဆိပ်မင်းသားကြီး
မြို့ဝေအား၊
ဦးဘအောင်ဦး ★ ရွှေမန်းအောင်

မင်းသမီး
ရွှေမိုးမကေသီး–မဒေဝမိန်
အောင်တင်ဦးညွန့်၊
မင်းသမီးကြီး ဦးသံဒိုင်
လူရွှင်တော်
မောင်ထောက်ထွန်း

[illegible]

★ [illegible]

[illegible]

## တတိယသင်ဆရာဦးထွန်းလှိုင်

ချိုမြိန်သော ပျားရည်ဘဏ်တိုက်ဖြစ်တည်ရန်မှာ ပန်းများ၏ ဝတ်မှုန်၊ ဝတ်ရည်များကို ရှာဖွေစုဆောင်းသိမ်းဆည်းရပေ၏။ မြန်မာ့အမြင့်သဘင် ရုပ်သေးအနုပညာရှင် ဖြစ်တည်လာရန်မှာ ဆရာကောင်း ဆရာမွန်များထံမှ ရှေးသမားစဉ်ကျ အနုပညာ ဝတ်ရည်များ မိမိနှလုံးသားထဲသို့ ကူးစက်စီးဆင်းရောက်ရှိရန် အားထုတ်ကြိုးစား ကြရသည်သာဖြစ်သည်။

မောင်ညွန့်ရှိန်၏ တတိယသင်ဆရာမှာ တွံတေးမှရုပ်သေး ဆရာကြီးဦးထွန်းလှိုင်ဖြစ်သည်။ ဆရာ့၏စင်အမည်မှာ လူရွှင်တော် ဦးကျောက်မီး၏ သားမောင်ထွန်းလှိုင်တည်ထောင်သော ရုပ်စုံစင် တော်ကြီးဖြစ်သည်။ ထိုစဉ်တွင်မောင်ညွန့်ရှိန်သည် မင်းသားကြိုး တော်ဆွဲ နန်းညွန့်ရှိန်အမည်ဖြင့် ပါဝင်ကပြနေခြင်းဖြစ်သည်။ ထိုသို့ ကပြရင်း ဆရာ့ထံတွင် ရုပ်သေးပညာများ ဆက်လက်သင်ယူခဲ့ခြင်း ဖြစ်သည်။ ဆရာဦးထွန်းလှိုင်ထံတွင် သင်ယူခဲ့ရသော ရုပ်သေးကြိုး ပညာများမှာ စည်ခတ်အက၊ ထီးအက၊ ပန်းကွင်းအက၊ မီးကွင်း အက၊ သုံးပိုင်းပြချက်အကများ သင်ယူတတ်မြောက်ခဲ့သည်။ ထိုစဉ် က လူရွှင်တော်ဦးကျောက်မီးကို နန်းညွန့်ရှိန် ကောင်းကောင်း မီလိုက်သေးသည်။

မောင်ထွန်းလှိုင်၏ ရုပ်စုံစင်တော်ကြီးတွင် မင်းသားကြိုးဆွဲ နန်းညွန့်ရှိန်၊ လူရွှင်တော်ဦးရှုပ်ထွေး၊ လူရွှင်တော်ဦးတောက်ထွန်း၊ မင်းသားနေပြည်တော်တင်မြင့်စိန်၊ မင်းသမီးဗလ[illegible]၊ မင်းသမီး ဒေါ်ဝင်းယဉ်ရွှေ မင်းသားစိန်လှရီ (သာယာဝတီ၊ ဥတို) ကြိုးဆွဲ ဝိဇ္ဇာ အေး (ဦးစိန်အေး) တို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။

မင်းသားကြိုးဆွဲနန်းညွန့်ရှိန်၏ တတိယသင်ဆရာဦးထွန်းလှိုင်သည် ရွှေခေတ်မန္တလေးအမြင့်သဘင် ရုပ်စုံစင်တော်မင်းသမီးဦးလူထွားအဖွဲ့မှ လူပြက်ဦးကျောက်မီး (ဦးအောင်ပန်း)၊ ဒေါ်အေးနုတို့က မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင်ရန်ကုန်မြို့ ကျောက်မြောင်းရပ်တွင် မွေးဖွားပါသည်။ မွေးချင်းနှစ်ယောက်သာရှိသည်။ ညီဖြစ်သူမင်းသားကြိုးဆွဲ ဦးထွန်းရှိန်သည် တနင်္သာရီ၊ မြိတ် အရပ်သို့ထွက်သွားရာ ထိုအရပ်၌ပင်ကွယ်လွန်သည်။ ရုပ်သေး ဆရာကြီးဦးထွန်းလှိုင်သည် တွံတေး၀အောက်ဘက်ဆူးကလပ် ရေကျော်ရွာသူ ဒေါ်သိန်းကြည်နှင့် အိမ်ထောင်ကျကာ တွံတေးမြို့ ကျုံးကြီးရပ်ကွက်တွင်နေထိုင်သည်။ သားသမီးလေးယောက်ထွန်း ကားခဲ့ရာ မတင်တင်၊ မတင်ဝင်း၊ မခင်သန်းမြင့် (ဝါးနက်ချောင်း တိုက်နယ်ဆေးရုံ)၊ မောင်သက်ဦး (ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွံတေး)တို့ဖြစ်သည်။

လူရွှင်တော် ဦးကျောက်မီး၏သား ရုပ်သေးဆရာကြီး ဦးထွန်းလှိုင်သည် မြန်မာသက္ကရာဇ် ၁၃၄၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်။ ခရစ်နှစ် ၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် တနင်္ဂနွေနေ့တွင် ကွယ်လွန်ခဲ့လေသည်။ ကွယ်လွန်ချိန်တွင် အသက် ၆၃ နှစ်ရှိပြီ ဖြစ်သည်။ ဦးထွန်းလှိုင် ကွယ်လွန်ပြီးနောက်ပိုင်းတွင် သားသမီးများက မိသားစုအမြင့်သဘင် ရုပ်စုံစင်တော်ကြီးကို ပြန်လည်တည်ထောင်ရန် ကြိုးစားခဲ့ကြသော်လည်း ရုပ်သေးပညာ ခံယူမှု အမွေနည်းခြင်း၊ အတွေ့အကြုံမရှိခြင်း၊ အသက်ငယ်ရွယ်သူ မိန်းကလေးများသာဖြစ်၍ ဦးမဆောင်နိုင်ခြင်း၊ ခေတ်ကာလ မှာလည်း ရုပ်သေးခေတ် တိမ်မြုပ်မှေးမှိန်လာသည့် အချိန်ဖြစ်သဖြင့် လူရွှင်တော် ဦးကျောက်မီး၏သား မောင်ထွန်းလှိုင် ရုပ်စုံစင်တော် ကြီးမှာ ၁၉၈၂ ခုနှစ်မှစ၍ ပျောက်ကွယ်သွား လေတော့သည်။

## မြန်မာ့အမြင့်သဘင်ရုပ်စုံစင်တော်ပေါ်မှ ကြိုးတော်ဆွဲနန်းညွှန့်ရှိန်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးကာလများတွင် ဇာတ်သဘင်များသည် ဇာတ်ခုံခင်းကျင်းမှုနှင့် တင်ဆက်မှုများကို ခေတ်မီတိုးတက်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းခဲ့ကြသည်။ ခေတ်ပြားခေတ်၊ ပြဇာတ်ခေတ်များကိုလည်း တည်ဆောက်နိုင်ခဲ့ကြသည်။ အငြိမ့်များနှင့်အတူ ရုပ်သေးများသည်လည်း သူ့နေရာနှင့်သူ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းနိုင်ခဲ့ပေသည်။ ရုပ်သေးမှာ အသံ၊ ဇာတ်မှာ ဟန်ဆိုသကဲ့သို့ ရုပ်သေးသည် ကြိုးဖြင့်ကသောအရုပ်ဟု ဆိုသော်ငြားလည်း အသံဖြင့် ပွဲကြည့်ပရိသတ်ကို ထိန်းနိုင်ခဲ့သည်။ ဇာတ်ကြီးများနှင့်ပင် ယှဉ်ပြိုင်ကခဲ့သည်ကို အံ့သြဖွယ်တွေ့မြင်နိုင်ကြပေသည်။

မောင်ညွှန့်ရှိန်သည် ကြိုးတကာ့ဘုရင်ဆရာခင်နှင့် တစ်နှစ်တစ်ဝါမျှသာ ကြာခဲ့ပြီး ချန်ပီယံ ဦးသိန်းအောင်ထံတွင် လေးနှစ်လေးမိုးကြာသည်အထိ ရုပ်သေးပညာရပ်များကို သင်ယူဆည်းပူးခဲ့သည်။ အသက် ၁၇ နှစ်အရွယ်တွင် အဘိုးဦးစံပယ်ဌေးတည်ထောင်သည့် ဟန်ပါဒါမောင်ညွှန့် ရုပ်သေးစင်တွင် မင်းသားကြိုးဆွဲအဖြစ် စတင်ကခဲ့ရသည်။ ထိုစင်၌ သုံးနှစ်သုံးမိုးကပြီးသောအခါ အဘိုးဦးစံပယ်ဌေးတည်ထောင်သည့် ရွှေမန်းတင်အောင် ရုပ်စုံစင်တော်တွင် လိုက်ပါကခဲ့ရသည်။ ရုပ်သေးကြိုးဆွဲဘဝ ကိုးနှစ်ကာလအတွင်း ဆရာလည်းစုံ၊ ပညာလည်းစုံနှင့် အတွေ့အကြုံများရခဲ့သည်။



ဆရာကြီးနန်းညွန့်ရှိန်နှင့် ဇနီးဒေါ်ခင်မ

မြန်မာ့အမြင့်သဘင် ရုပ်စုံစင်တော်ကြီးများသည် ပွဲကြည့်ပရိသတ်များအား ဖျော်ဖြေတင်ဆက်ရာတွင် ဟိမဝန္တာခန်းပြီးသည်နှင့် ဇာတ်ထုပ်ဇာတ်လမ်းများဖြင့် တင်ဆက်ရန် ဦးစွာတိုင်းပြည်တည်ရမည်။ ဇာတ်ကြောင်းပြောနိုင်ရမည်။ လေပြည်ထိုးနိုင်ရမည်။ သပြေခံ၊ စမုတ်ခံ၊ အကြိုခံ၊ ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ပြောနိုင်၊ ဆိုနိုင်၊ ငိုနိုင်စွမ်းရှိရမည်။ ဤသို့သော သဘင်အနုပညာ အရည်အချင်းများဖြင့် အရည်အသွေးကြွယ်ဝစွာ နန်းစီးနိုင်သဖြင့် ရှေးခေတ်ရုပ်သေးဆရာကြီးများဖြစ်ကြသည့် အောက်ပြည်အောက်ရွာရောက် စံပယ်နှစ်ပွင့်ဟု တင်စားခြင်းခံရသော ဦးစံပယ်ငွေးနှင့် ဦးစံပယ်လှိုင်တို့ နှစ်ဦးတိုင်ပင်ဆွေးနွေးကြပြီးလျှင် "နန်းညွန့်ရှိန်" ဟူ၍ အမည်နာမဘွဲ့တံဆိပ်ခပ်နှိပ်ပေးခြင်းဖြစ်သည်။ ဤသို့နှယ် အပြောကျယ်ဝန်းလှသော အနုပညာကောင်းကင်ကြီးဝယ် နန်းညွန့်ရှိန်ဟူသော အနုပညာ ကြယ်တံခွန်သည် ထွန်းလင်းတောက်ပစွာပေါ် ထွက်လာလေတော့သည်။ ထိုစဉ်က မောင်ညွန့်ရှိန်၏ အသက်မှာ ၂၆ နှစ်ဖြစ်သည်။

## ချိန်ခါသင့်နွဲ မင်္ဂလာပွဲ

ဝါလကင်းလွတ် သီတင်းကျွတ်ပြီ။ ပွင့်လင်းရာသီရောက်ခဲ့ပြီမို့ သာတောင့်သာယာရှိလာသည်။ အိုးစည်သံ၊ ဗိုးပတ်သံများ မကြာခဏ ကြားရသည်မှာ ကြည်နူးစရာ ပျော်စရာပင် ကောင်းတော့သည်။ မီးထွန်းပွဲ၊ ကထိန်ပွဲ၊ ဘုရားပွဲတို့ဖြင့် ပျော်စရာနေ့ရက်များစွာ ဖြတ်သန်းရသော တောမလေ့၊ တောစရိုက်တို့က ချစ်ခင်နှစ်လိုဖွယ် ကောင်းသည်။ ထိုထိုသော ပွဲများကား ခင်မတို့လို လူငယ် မိန်းမပျို တလေးများနှင့် ကင်းလွတ်သည်ဟူ၍ မရှိ။ သူတို့မပါလျှင် ပွဲမစည် တော့။ လုလင်ပျို၊ လုံမပျိုတို့၏အလှများကား ရွာ့အလှ ရွာ့ကျက်သရေတို့ပင် ဖြစ်သည်။

မခင်မသည် ဇီးဖြူကုန်းရွာမှ လယ်သမားကြီး ဦးဘုန်းငွေ၊ ဒေါ်သိန်းညွန့်တို့၏ သမီးသုံးယောက်ရှိသည့်အနက် အကြီးဆုံးသမီးကြီး ဖြစ်သည်။ သူ့အောက်တွင် မခင်ငွေနှင့် မထွေးပို ညီမနှစ်ယောက် ရှိ၏။ သူငယ်စဉ်က ဂျပန်ခေတ်ဆရာညွန့်ကျောင်းတွင် နေခဲ့ဖူး သဖြင့် သေစာရှင်စာတော့ ရေးတတ်ဖတ်တတ်သည်။

ရွာ၏အလှူမင်္ဂလာပွဲများတွင် တကျညီလက်ညီနှင့် ပျော်ပျော် ပါးပါး ဆောင်ရွက်တတ်ကြသည်မှာလည်း လူငယ်ကာလသားကာလ သမီးများပင် ဖြစ်၏။ ကာလသား လူပျိုဝိုင်းတွင် မောင်ညွန့်ရှိန် ပါဝင်ရသကဲ့သို့ အပျိုဝိုင်းတွင်လည်း မခင်မတို့ ပါဝင်ရလေသည်။ အလှူမင်္ဂလာ၊ သာရေးနာရေးအကြောင်းကိစ္စများတွင် ရပ်မလေ့ ရွာမလေ့ ထုံးစံအတိုင်း ပါဝင်ရသည်ချည်းဖြစ်၏။ တစ်ရွာတည်းနေ တစ်ရေတည်းသောက်၊ တစ်ဦးနှင့်တစ်ဦးပြောမနာ ဆိုမနာ ရင်းနှီး ကျွမ်းဝင်ကြသူများလည်း ဖြစ်သည်။ အများအကျိုး ရပ်ရွာအကျိုး

များ ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ ညီညီညွတ်ညွတ် စုပေါင်းလုပ်ကိုင်တတ်ကြသည်။ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ် ရာတွင်လည်း ပျော်ပျော်ပါးပါး လုပ်ကိုင်တတ်ကြသည်။

ပွင့်ဖတ်ပွင့်ချပ်တို့ဖြင့် အဆုပ်လိုက်ပွင့်နေသော ဇီဇဝါပန်းရနံ့က မွှေးထုံသင်းပျံ့နေပေါ်၏။ ပန်းသတင်းကို လေညှင်းဆောင်ချေ၏။ သီးချိန်တန်သီး၍ ပွင့်ချိန်တန်ပွင့်ခြင်းသည် လောကဓမ္မတာပင် ဖြစ်သည်။ နှစ်ဖက်သောလူကြီးမိဘတို့ စေ့စပ်စကား အပြန်အလှန် တုံ့လှယ်ကြကာ မောင်ညွန့်ရှိန်နှင့် မခင်မတို့နှစ်ဦးအား ဖူးစာဖက်စေသည်။ ထိုစဉ်က မောင်ညွန့်ရှိန်၏ အသက်မှာ ၁၉ နှစ်နှင့် မခင်မ၏ အသက်မှာ ၁၈ နှစ်သာ ရှိကြသေးသည်။

ထိုအချိန်ကာလတွင် မောင်ညွန့်ရှိန်မှာ အဘိုး ဦးစံပယ်ဒွေး တည်ထောင်ထားသည့် ရွှေမန်းတင်အောင် ရုပ်စုံသဘင်တွင် လိုက်ပါကပြနေပြီဖြစ်၏။ မောင်ညွန့်ရှိန်တို့ ရုပ်သေးအဖွဲ့သည် ပွဲရာသီများတွင် မြစ်ဝကျွန်းပေါ်ဒေသ၊ ဘိုကလေး၊ မြင်းကကုန်းသို့ သွားရောက်ကပြရသည်မှာ သုံးနှစ်ဆက်တိုက်ပင် ဖြစ်သည်။ မောင်ညွန့်ရှိန်ရုပ်သေးကထွက်လျှင် ဇနီးဖြစ်သူ မခင်မက မကြိုက် နှစ်သက်ပေ။ ဗျစ်တောက်ဗျစ်တောက်ဖြင့် ပြောဆိုနေတတ်သည်။ မခင်မ၏ဘခင် ဦးဘုန်းငွေက ရုပ်သေးကြည့်ရန် အလွန်ဝါသနာပါသည်။ ရုပ်သေးလောကတွင် အောင်မြင်မှုအရှိန်ရနေပြီဖြစ်သော မောင်ညွန့်ရှိန်၏ အနုပညာအရည်အသွေးကို အသိအမှတ်ပြု အားပေးသည်။ ထို့ကြောင့်လည်း မခင်မနှင့် သူ့ဖခင်မှာ တစ်ဦးနှင့်တစ်ဦး သဘောထားချင်းမတူညီချေ။ မခင်မမည်ကဲ့သို့ ပြောပြော မောင်ညွန့်ရှိန်က မတုန်မလှုပ် ဆိတ်ဆိတ်သာ သည်းခံနေတတ်သည်။ စကားခွန်းတုံ့ခွန်းလှယ် ပြန်မပြောပေ။ ပင်ကိုကပင် အေးအေးဆေးဆေး နေတတ်သူ

ဖြစ်သည်။ ကြားကမနေနိုင် မထိုင်နိုင် ဖြစ်နေသည့် မခင်မ၏ ဘခင် ဖြစ်သူ ဦးဘုန်းငွေက အားမလိုအားမရ ဖြစ်နေတတ်သည်။ "ညွန့်ရှိန်ရယ် မင်းမိန်းမကို မရိုက်ရဲဘူးလားကွာ၊ မှတ်လောက် သားလောက်အောင် ဆုံးမလိုက်စမ်းပါကွာ" ဟုပင် နှုတ်မှ ဖွင့်ပြောရသည်အထိ ဖြစ်သည်။ သို့သော် လည်း မောင်ညွန့်ရှိန်ကား သူနေတတ်သလိုသာ အေးအေးဆေးဆေးပင် နေမြဲတိုင်းသာ နေလေသည်။ မောင်ညွန့်ရှိန် အိမ်ထောင်ကျကာစတွင် ရုပ်သေး အဖွဲ့နှင့်အတူ ဘိုကလေး၊ မြင်းကကုန်းသို့ လိုက်သွားခဲ့ဖူးသည်။ အခြားဒေသ များသို့ လိုက်ပါသွားခြင်းမရှိပေ။ သို့ဖြစ်၍ ရုပ်သေး သဘင်သည် တို့၏ဘဝကို ခင်မ အထင်ကြီးတတ်ချေ။ မခင်မက သူ၏ခင်ပွန်း သည်ကို မိရိုးဖလာ လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင် စေချင်သည့် ဆန္ဒအာသီသများကသာ လွှန်ကဲနေတော့သည်။ သို့သော်လည်း မောင်ညွန့်ရှိန်၏ မျိုးရိုးဗီဇဝါသနာဖြစ်နေသည့် ရုပ်သေးကြိုးဆွဲ အကကို မည်သူမျှ တားဆီးနိုင်စွမ်းမရှိ လက်လျှော့ လိုက်ရသည်သာ ဖြစ်တော့သည်။

## ကိုလိုနီခေတ်ဦး မြန်မာ့ရုပ်သေးသဘင်

၁၈၈၅ ခုနှစ်၊ မြန်မာဘုရင် သီပေါမင်း ပါတော်မူပြီးနောက် အညာအရပ်ဒေသမှ ရုပ်စုံသဘင်သည်များသည် လှေကြီးလှေငယ် များဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း အကြေအရပ်သို့စုန်၍ ရုပ်သေးပွဲများ လှည့်လည်ကပြကြသည်။ ရေကြည်ရာမြက်နုရာ အရပ်တွင် တချို့ရုပ်သေးအဖွဲ့မှာ အခြေချကြလေသည်။ ဤသို့ဖြင့် အင်္ဂလိပ်အုပ်စိုးသည့် ကိုလိုနီခေတ်ကာလအတွင်းမှာပင် မြန်မာ တစ်နိုင်ငံလုံးသို့ မြန်မာ့ရုပ်သေးပညာမျာ ပြန့်ပွားစည်ပင်နေပြီ

ဖြစ်သည်။ ရုပ်သေးပွဲများကို လူထုပရိသတ်များက လက်ခံအားပေး အားမြောက်ပြုနေကြပေပြီ။

ဤအချိန်တွင် ပုခန်းနယ်တစ်ဝိုက်မှာလည်း ရုပ်သေးစင်များ၊ ရုပ်သေးမင်းသား၊ မင်းသမီးများ၊ စာရေးဆရာများ၊ မင်းသားကြီးများ၊ ကြိုးဆွဲများ၊ လူရွှင်တော်များပေါ်ထွက်နေပြီ ဖြစ်သည်။ ရေရှား၊ ပခန်းငယ်၊ အလယ်သောင်၊ ကြူရွာ၊ ဆင်ကြိုး၊ ရေစကြို၊ ဆားလင်းကုန်း၊ လက်ယက်မ၊ မအူစသည်တို့မှ စင်များကို ပုခန်းစင်ဟု ခေါ်ပြီး ကျောက်ရစ်တစ်ဝိုက်မှ စင်များကို ကျောက်ရစ်စင်၊ နဂါးပေါက်တစ်ဝိုက်မှ ထွက်သောစင်များကို နဂါးပေါက်စင်၊ မုံရွာမှ ထွက်သောစင်ကို မုံရွာစင်ဟု ခေါ်ကြလေသည်။

ဤတွင် ပုခန်းတစ်ဝိုက်မှ ပုခန်းမြောက်ဘက် မအူစင်သည်လည်း အပါအဝင်ဖြစ်သည်။ မအူမှလာသော လေးငါးစင်တွင် မအူဦးစံရွှေ၏ စင်ကားနာမည်ကြီးစင်ဖြစ်ခဲ့သည်။ မအူကထွက်သော မင်းသားများအနက် မအူဦးစံရွှေသည် အသံလည်းကောင်းပေရာ သေတ္တာမှောက် မင်းသားတစ်လက်အဖြစ် ထင်ရှားကျော်ကြားလေသည်။ မအူဦးစံရွှေအကများသော အရုပ်များမှ ဆဒ္ဒန်ဆင်မင်း၊ ဗုဒ္ဓဝင်၊ ငမိုးရိပ် စသည်တို့ဖြစ်သည်။ ကိုယ်ပိုင်စင်ဖြင့် အနှစ် ၅၀ နီးပါးခန့် ကခဲ့ရာ မိမိဒေသ ပုခန်းနယ်နိမိတ်ကို ကျော်ကာ အောက်ရွာ ရန်ကုန်အထိ ကျော်ကြားခဲ့လေသည်။ ရန်ကုန်တွင် ၁၇ နှစ်ကြာမျှ နေခဲ့ဖူးပြီး မြစ်ဝကျွန်းပေါ်တခွင်လုံးသို့ လှည့်လည်ကပြခဲ့သည်။ ထိုစဉ်က မအူဦးစံရွှေ၏ စင်တွင် မင်းသားမှာ ဆဒ္ဒန်မြဟန်ဖြစ်သည်။ ရန်ကုန်ဆဒ္ဒန်မြဟန်လေးဟုလည်း ခေါ်ကြသေးသည်။ မအူဦးစံရွှေမှာ မင်းသားကြီးနေရာမှ ကခဲ့ခြင်း ဖြစ်၏။

နောင်တစ်ချိန်သောကာလတွင် ဆဒ္ဒန်မြဟန်မှာ ကိုယ်ပိုင်စင်ထောင်၍ ကလေသည်။ ထိုစဉ်က နန်းညွန့်ရှိန်သည် ငယ်ရွယ်သူ

ဖြစ်၍ ပညာမျှား ဆည်းပူးရင်း ဆဒ္ဒန်မြဟန်စင်တွင် ပါဝင်ကပြ နေပြီဖြစ်သည်။ ဆဒ္ဒန်ဆင်ပျံမောင်မြဟန်ဟူသော ဆိုင်းဘုတ်ထောင်ကာ ရန်ကုန်ကျောက်မြောင်းတွင် နေထိုင်လေသည်။

ထိုခေတ်အခါက မြန်မာ့ရိုးရာရုပ်စုံသဘင် အမြင့်စင်တော်ပေါ်မှ ပရိသတ်များအား ဖျော်ဖြေတင်ဆက်ကပြရာတွင် ယမနေသစ်သရုပ်ကို ကြိုးတပ်၍ အနှစ်ထုတ်လိုက်သောအခါမှာ ဇာတ်ဝင်ရုပ်သေးများအနေဖြင့် ကြိုးဆွဲအနုပညာစျာန်ဝင်ကာ ထခြင်း၊ ထိုင်ခြင်း၊ လမ်းသွားခြင်း၊ ကခြင်း၊ ခုန်ခြင်း၊ ရယ်မောခြင်း၊ ငိုခြင်း၊ လူးလိမ့်ခြင်း၊ ရင်ထုခြင်း၊ မျက်ရည်သုတ်ခြင်း၊ လက်ခုပ်လက်ဝါးတီးခြင်း စသည်တို့ကို လူနှင့်မခြား သက်ဝင်လှုပ်ရှားမှုကို တွေ့မြင်ရပါသဖြင့် မနသီကာယဖောကျပြီး၊ ရဟန်းရှင်လူပြည်သူ အမြောက်အမြား မြောက်စား၍တောက်လျှောက်ခဲ့သည်။ ဘုရားပွဲ၊ ကျောင်းပွဲ၊ ရှင်ပြု ရဟန်းခံ အဖန်ဖန်များပြားလှသည်များမှာ ရုပ်သေးမပါလျှင် မပြီးသလောက်ပင်ဖြစ်သည်။

ရုပ်သေးစင်တော်သားများသည် နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၆ ရက်မှစ၍ ကဆုန်လဆုတ် ၅ ရက်နေ့တွင် ဇာတ်ခေါင်းမြှုတ်တော့သည်။ ၎င်းကို နောက်ဈေးရေပေါ် ဟုခေါ်သည်။ ဆောင်းနွေခုနစ်လရာသီအတွင်း နှစ်ချီပွဲအကြိမ်ပေါင်း ၇၀၊ ၈၀၊ ၉၀ ကြိမ်အထိ ကပြကြရသည်။

၁၉၆၄-၆၅ ခုနှစ်တွင် ပွဲခွင်ရာသီကာလအတွင်း ဆယ်ပွဲမှဆယ့်နှစ်ပွဲအထိ ခပ်ကျဲကျဲဖြင့်သာ တဖြည်းဖြည်းမှေးမှိန်လာသည်။ ရုပ်သေးကြည့်သူလည်း နည်းလာကာ တိမ်ကောပပျောက်စပြုလာသည်။ တစ်ချိန်တည်းမှာပင် အနိမ့်သဘင်ဟုခေါ်သော ဇာတ်ကြီးများသည် ခေတ်မီမီးဆလိုက်ကြီးများ၊ ခမ်းနားကြီးကျယ်သော



နန်းညွန့်ရှိန်ရုပ်စုံသဘင်စင်တော်

ဇာတ်ဝင်ခန်း ခင်းကျင်းမှုများဖြင့် လူကိုယ်တိုင်ဟန်အမူအရာများဖြင့် ကပြကြသည်ဖြစ်ရာ လူကြည့်များလာလေသည်။

## မြန်မာ့အမြင့်သဘင်ရုပ်စုံစင်တည်ဆောက်ခင်းကျင်းမှု

ခရစ်နှစ် ၁၈၄၁ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ မြန်မာ့ရုပ်စုံသဘင်၏ အရှိန်အဟုန်သည် အင်အားကြီးမားစွာ တိုးတက်ခဲ့ပေသည်။ ရှေးမြန်မာမင်းများ၏ လက်ထက်တော်ကာလများက သဘင်ပညာကို အနိမ့်သဘင်၊ အမြင့်သဘင်၊ အတီးသဘင်၊ အဆိုသဘင်ဟူ၍ လေးမျိုးခွဲခြားနိုင်ပေသည်။ ထိုလေးမျိုးတွင် အမြင့်သဘင်ခေါ် ရုပ်သေးသဘင်သည် အခက်ခဲဆုံးဖြစ်သကဲ့သို့ စင်ထိုး၍ကပြအသုံးတော်ခံရသည်။ ထို့ကြောင့်လည်း ရုပ်သေးကို အမြင့်သဘင်ဟုခေါ်ဆိုခြင်းမှာ စင်မြင့်ပေါ်တွင် ကပြရသောကြောင့်ဖြစ်သည်။

ဘိုးတော်ဘုရား အထွတ်အထိပ်သို့ ရောက်တော်မူသောအခါ ကျေးတော်မျိုးမောင်သော်မှာ မြဝတီမင်းကြီးဦးစနှင့်တွဲ၍ သဘင်ဝန်

ဖြစ်လာရသည်။ ထိုအချိန်မှစ၍ ရုပ်သေးကရန် ရုပ်စုံစင်ဆောက်လုပ်ရာတွင် စည်းစနစ် သတ်မှတ်ပြဋ္ဌာန်းလိုက်လေသည်။

ရုပ်စုံစင်တော်၏ မျက်နှာစာမှာ ခုနစ်ပင်ခြောက်ခန်း၊ ငါးတောင်ပန္နက်ချ၊ နောက်ကငါးပင်လေးခန်း၊ တစ်ခန်းငါးတောင်ပန္နက်ချ၊ ရှေ့ပန္နက်မှနောက်ပန္နက်အကျယ်အတောင် ၂၀ ရှိရမည်။

ဘေးနှစ်ဖက်မှာ ရှေ့မျက်နှာစာထောင့်နှင့်နောက်တိုင်ထောင့်ကိုရှူး၍သွားရမည်။

စင်မြင့်အရှေ့သုံးတောင်ထွာ၊ နောက်လေးတောင်ရှေ့နိမ့်နောက်မြင့်မှပရိသတ်များ ကြည့်ရှုရန်မြင်ကွင်းကောင်းပေမည်။

ရှေ့မျက်နှာစာမှ နှစ်တောင့်ထွာအဝေးမှာ လက်ရန်းတိုင်ထိပ်တစ်ခုနှင့်တစ်ခု အကွာအဝေးနှစ်တောင် အဝေးမှာထား၍ လက်တန်းကန့်လန့်ကာမှ တစ်ခုစီလက်ယာဖက်က ကန့်လန့်ကာလက်ဝဲဖက်တိုင်ထိပ်ကို ကျော်လွန်၍ဖုံးရမည်။

လက်နှစ်ခုကြားကအပေါက်ကို မင်းပေါက်ဟုခေါ်ရမည်။ ယင်းရှေ့တည့်တည့်မှာ ရုပ်စုံစင်ပေါ် သို့တက်ရန်လှေကားတစ်စင်းတတ်ထားရမည်။

စင်တွင် ကြာယပ်နှစ်ထပ်ဆွဲရမည်။

သိုင်းလေးလက်ဘွဲ့ဖြူချည်လျက်၊ ကျည်ထောက်နှင့်ရုပ်စုံစင်၏ရှေ့တိုင်မှချည်စိုက်ရမည်။

မင်းတက်လှေကားမင်းပေါက်မှငယ်သားများအတွက် အဝင်အတက်အဆင်းမပြုရ။ တော်ကောက်ခံရသော အကြီးအကဲ၏နေရာဖြစ်ပေသည်။

လက်ယာဖက်ကထားသည့် သေတ္တာတွင်းမှ လက်ယာရုပ်ကို ထုတ်၍ လက်ယာဖက်တန်းမှာချိတ်ပြီး လက်ဝဲဖက်မှာထားသည့် သေတ္တာတွင်းမှ ရုပ်စုံထုတ်၍ လက်ဝဲတန်းမှာချိတ်ရသည်။

ဘိုးတော်ရုပ်ကို စင်၏ခေါင်းရင်းဖက်အပေါ်မှာဆွဲချိတ်၊ မင်းသမီး၊ မင်းသားအရုပ်များကို ယင်း၏ကြိုးဆွဲများ၏ တာဝန်ဖြစ်စေ။

ရှေးကရုပ်သေးစင်တစ်စင်၏ အဆင်အယင်ဘာမျှမရှိချေ။ ရင်တားခေါ်ပိတ်ဖြူကားတစ်ခုကို ဇာတ်ဗင်တွင်အလျားလိုက် ကန့်လန့်ဖြတ်တန်းထားလျက် ခင်းကျင်းထားသည်။

ရုပ်စုံစင်ပေါ်ကို မိန်းမ မဆိုထားဘိ၊ ယောကျ်ားများပင်ဖိနပ်စီး၍မတက်ရ။ တက်မိလျှင်ငှက်ပျောပွဲအုန်းပွဲတို့ဖြင့် ကန်တော့ရသည်။

ဤကားသဘင်ဝန်ဦးသော်လက်ထက်က ရုပ်စုံစင်တည်ဆောက်ပုံနှင့် အခင်းအကျင်းအဝင်အထွက် စီစဉ်ပုံများဖြစ်လေသည်။

ယခုမျက်မှောက်ခေတ်တွင် မြန်မာ့ရုပ်သေးပညာရှင်နန်းညွန့်ရှိန်၏ ရုပ်သေးစင်တည်ဆောက်ပုံမှာ ဤသို့ဖြစ်ပေသည်။

နန်းညွန့်ရှိန်တို့ခေတ်တွင် ရုပ်သေးစင်ကို ၁၆ တောင်ပတ်လည် အရွယ်ပမာဏထား တည်ဆောက်ကြသည်။ စင်အမြင့်ကို မြေပြင်မှ ၃ ပေအမြင့်ထားဆောက်ရသည်။ တစ်ဖန်စင်ပေါ်မှ ခေါင်းမိုးအထိ ၆ တောင်အမြင့်ထား၍ဆောက်သည်။ လက်တန်း ရင်တားမှာ အမြင့် ၃ ပေရှိပြီး နဖူးစီးနှင့် ၃ ပေအကွာတွင် တည်ဆောက်ရလေသည်။

ရုပ်စုံစင်၏ တိုင်ဖုံးတွင်အရုပ်နှစ်ရုပ် တပ်ဆင်ထားသည်ကို တွေ့မြင်ရသည်။ နန်းညွန့်ရှိန်ရုပ်သေးသဘင်စင်တော်၏ လက်ယာတိုင်ဖုံးတွင် ဗြဟ္မာရုပ်တပ်ဆင်ထားရှိပြီး လက်ဝဲဖက်တိုင်ဖုံးတွင်မူ သကြားမင်း အရုပ်ကိုတပ်ဆင်ထားရှိလေသည်။

လက်တန်းရင်တားနောက်အတွင်းစင်ပေါ်တွင် ရုပ်သေးများ ချိတ်ဆွဲထားရှိလေရာ အလယ်ဗဟိုနှင့်လက်ဝဲလက်ယာပိုင်းခြား သတ်မှတ်ချိတ်ဆွဲကြရသည်။

အလယ်ဗဟိုတွင် ဘုန်းကြီးရုပ်ကိုသာထားရသည်။ ထိုအရုပ် ကိုစင်ထိန်းဟုလည်းခေါ်သည်။ ရုပ်သေးသမားများကမူ ဘိုးတော် ဟုလည်းခေါ်ကြသည်။

ရုပ်သေးစင်၏ လက်ယာဖက်တွင် ချိတ်ဆွဲထားသော အရုပ် များမှာ ဖြူဟွာ၊ သိကြား၊ ရှင်ဘုရင်၊ ဝန်လေးပါး၊ မင်းသားကြီး၊ မင်းသား၊ ဇော်ဂျီ၊ ဆင်၊ မြင်း၊ သူငယ်တော်၊ စစ်သူကြီးတို့ဖြစ်ကြ သည်။ဘိုးတော်ရုပ်၏လက်ဝဲဖက်တွင် ခါးကိုင်လက်ဝဲမင်းသားကြီး၊ မင်းသမီး၊ အဘိုးအို၊ အဖွားအို၊ ဘီလူး၊ မျောက်၊ နဂါး၊ ဂဠုန်၊ ကျား၊ ငှက်၊ နတ်ကတော်၊ ပုဏ္ဏား၊ မိဖုရားနှင့် လူရွှင်တော် အရုပ် နှစ်ရုပ်တို့ဖြစ်ကြသည်။

ဤသည်မှာလွတ်လပ်ရေးရပြီးနောက်ပိုင်းခေတ်တွင် နန်း ညွန့်ရှိန်ရုပ်စုံစင်တော်၏ ရုပ်သေးစင်ဆောက်လုပ်ခြင်းနှင့် ခင်းကျင်း မှုအစိတ်အပိုင်းများပင်ဖြစ်ပေတော့သည်။

## ရုပ်သေးမှာအသံ

ရုပ်သေးမှာအသံ ဇာတ်မှာဟန်ဟူ၍ ဆိုစကားရှိပေသည်။ မြန်မာ့အမြင့်သဘင်ရုပ်သေးစင်တော်များသည် အသံအားဖြင့်သာ ရုပ်သေးရုပ်ကလေးများကို အသက်ဝင်စေပါ၏။ အသံကြားရုံဖြင့် သနားခြင်း၊ ဝမ်းနည်းပူဆွေးခြင်းစသည့် ဂရုဏာ ... လှိုင်းများက ပရိသတ်များထံကူးစက်ခံစားစေပါသည်။ သရုပ်သကန်အမှတ်ပေါ် အောင်ဖော်ထုတ်ပေးသည်။ အနီးအဝေးရှိပရိသတ်များအား

စွဲဆောင်ထိန်းကျောင်းနိုင်စွမ်းပေသည်။ ရှေးအခါက အသံအင်္ဂါရပ်နှင့်ညီညွတ်ကျွမ်းကျင်လိမ္မာသော ရုပ်သေးမင်းသား၊ မင်းသမီးများပေါ်ပေါက်ခဲ့ပါသည်။ ထို့ပြင်တစ်ဦးချင်း အရည်အသွေးအလိုက်ထူးချွန်ကာ နာမည်ကောင်းများလည်း ရတတ်ကြသည်။ ထို့ကြောင့်အပြောမှာဦးဖူးညိုက အလွန်ကောင်းကြောင်း သတင်းမွှေးလှသည်။ အဆိုပညာတွင် မိန်းမသံဖြင့် အဆိုကောင်းသူမှာဦးပု (အမေပု) ပင်ဖြစ်ပါသည်။

စကားသံဖြစ်တည်ရာ ဇာတိအရပ် (၇) ပါးကိုဌာန်ဟုခေါ်ပါသည်။ ယင်းအင်္ဂါ (၇) မျိုးမှာ-လည်ချောင်း၊ အာခေါင်ပျော့၊ အာခေါင်မာ၊ အာထိပ်၊ သွား၊ အထက်နှုတ်ခမ်းနှင့် နှာခေါင်းတို့ဖြစ်သည်။

ရုပ်သေးစင်တော်ပေါ်မှ ဆိုငိုပြောသံသည် သီးသီးခြားခြားသီးသီးသန့်သန့်သူကိုယ်ပိုင်ဟန်နှင့်သူရှိသည်။ ရုပ်သေးကြိုးဆွဲဆရာတိုင်းအသံလေးပါးကို နားလည်ကြရသည်။ ထိုအသံလေးပါးတို့သည်ကား ဒါနသံ၊ ကာမသံ၊ ရာဇသံ၊ မာနသံ ဟူ၍ဖြစ်၏။ ဆိုလိုသည်မှာ သူတော်ကောင်းများ တရားဓမ္မနှင့် ကျင့်ကာကြိုးကုတ်အားထုတ်ရသော သဒ္ဒါအသံသည် ဒါနသံဟုခေါ်ပါသည်။ ကာမဂုဏ်အာရုံဇောဖြင့် လေတိုလေရှည်အဝေးအနီးသုံးသပ်သည့်တိုးညင်းချိုနွဲ့သော ကာမသံ ဖြစ်ပါသည်။ 'ဟဲ့...'ဟူသော မင်းများ၏သဒ္ဒါအသံသည်ကား ရာဇသံ ဟုခေါ်ဆိုပေသည်။ သူတစ်ထူးနှင့်တွေ့သောအခါ ညီညီနိူင်းနိူင်းမပြောနိုင်ပဲမောက်မာ ရင့်သီးပလွှားစွာ ပြောဆိုသော မာနသံဟူ၍ အသံလေးပါးရှိသည်။

ရုပ်သေးပညာရှင်တို့သည် ကြိုးပညာကိုသာ ဂရုစိုက်ရသည်မဟုတ်၊ အသံပညာကိုလည်းအားထုတ်ကြိုးပမ်းကြရသည်။ ရုပ်သေးမင်းသားမင်းသမီးတို့မှာ အပြောကောင်းအဆိုကောင်း အငိုကောင်းအသံကောင်းမှသာ ပရိသတ်ကိုဖမ်းစားနိုင်ပြီး အရုပ်ဇာတ်ကောင်

များတွင်လည်း အကယ်ပင်အသက်ဝင်လာနိုင်ပေသည်။ အသံသည် ရုပ်သေး၏ အသက်ပင်ဖြစ်ပေတော့သည်။ ရုပ်သေးသမားစဉ်အရ ဆိုငိုပြောတွင် အသံအရည်အချင်းသုံးရပ်နှင့်အညီ ပြည့်စုံကိုက်ညီရန် လိုအပ်လှပေသည်။

အသံတွင်ရှိအပ်သည့် အချက်သုံးရပ်မှာ- အာစောက်ကျရမည်။ စဘောင်ပဲ့ရမည်။ စကိုက်နာရမည်ဟူ၍ဖြစ်သည်။ အာစောက်ကျရမည်ဟူသော အဓိပ္ပါယ်မှာ ဖိုသံ၊ မသံ၊ အနိမ့်အမြင့် ပြည့်စုံညီညွတ်ရမည်။ စဘောင်ပဲ့ခြင်းသည် မိမိပြောဆိုသော စကားမှာ ကြည်လင်ပြတ်သားရမည်။ စကိုက်နာရမည်ဆိုသည်မှာ အလှမ်းကွာဝေးနေသည့်ပွဲကြည့်ပရိသတ်များနားထဲသို့ စွဲစွဲမြဲမြဲ ကြားနိုင်အောင် လွှမ်းသွားအောင်ဆိုနိုင်ပြောနိုင်ရမည်ဖြစ်ပါသည်။

ရုပ်သေးမင်းသား၊ မင်းသမီးများသည် အများအားဖြင့် အာသံ၊ လျှာသံ၊ နှာသံတို့ကိုသာအသုံးများသည်။ ထိုသို့ဆိုလေ့ ဆိုထရှိကြသည်ကိုလည်း တွေ့ရသည်။ အသံပရိယာယ် သံလွှဲ၊ သံပြောင်း၊ သံချများကိုလည်း နားလည်ကျွမ်းကျင်ရန် လိုအပ်ပေသည်။ ထို့ပြင် ရတု၊ ရကန်၊ သဖြန်၊ အဲအန်၊ လူးတား၊ ပုံထောက်ဟူ၍လည်း အသံ (၇)ပါးအပေါ် သူ့နေရာနှင့်သူ အံဝင်ခွင်ကျအောင်ဆိုတတ်ရမည်။ ရုပ်သေးသမားတိုင်းစကားပြောလျှင် ရုပ်သေးသံဖြင့်သာပြောသည်။ ရုပ်သေးသမား လေမှာအေးအေးနှင့်အသံပီသသည်။ အသံဗလုံးဗထွေးမဖြစ်ချေ။

## သပြေခံ၊ အကြိုခံ၊ စမုတ်ခံနှင့်လေပြေများ

ရုပ်သေးပွဲများတွင် ရုပ်သေးသမားစဉ်အရ ပွဲဦးထွက်တွင်စင်တိုင်ခြင်းအခန်း၊ ဘုရားကန်တော့ခန်း၊ နတ်ကတော်ထွက်ခန်း၊ ဟိမဝန္တာခန်းပြီးလျှင် နောက်ပိုင်းခန်းမှာ ဇာတ်ထုပ်ခင်းကျင်းမှုပင်

ဖြစ်သည်။ ထိုသို့ဇာတ်ထုပ်၊ ဇာတ်လမ်းခင်းကျင်းကပြရန် သဘြေခံ၊ အကြိုခံ၊ စမုတ်ခံနှင့် ဇာတ်စာ၊ ဇာတ်စကားများကျွမ်းကျင်ရန် အရေးကြီးသည်။ ဇာတ်ထုပ်ဇာတ်လမ်းမှာပင် ကြားညှပ်၍မင်းသား မင်းသမီးနှစ်ပါးခွင်မြိုင်ထကလေ့ရှိသည်။ တိုင်းပြည်တည်၍ ဝန် လေးပါးစကားပြောခန်းတွင် ထိုနေ့ညကပြမည့်ဇာတ်ထုပ် ဇာတ်လမ်းကို ပန္နက်ရိုက်လေသည်။

ထို့ကြောင့်တိုင်းပြည်တည်ခန်းမှာ ဇာတ်လမ်းအတွက်အရေး ပါသော အဓိကအချက်ဖြစ်ရုံသာမက နိဒါန်းလည်းဖြစ်ပေတော့၏။ ထိုအခန်းတွင် လေးနက်ကြွယ်ဝသော စကားအသုံးအနှုန်းများ၊ ထိမှုနန်းဟန်များထုတ်ဖော်တင်ပြကပြရသော အခန်းဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှာန်း ဖြင့်နေကြသူများဖြစ်ကြောင်းအတိတ်သမိုင်းဖြစ်ရပ်၏ အောက်မေ့ ဖွယ်ဇာတိမာန် ကကွက်များပင်ဖြစ်သည်။

နန်းရင်းဝန် (သို့မဟုတ်) သက်တော်ရှည်အမတ်ကြီး၊ တရား ရေးဝန်၊ ဝန်ထောက်မင်းနှင့် မြို့ဝန်တို့သည် အစဉ်အတိုင်းလက်ဝဲ ဖက်မှ လက်ယာဖက်သို့ထွက်ရာ၊ ရာဇပလ္လင်ကိုဦးခိုက်တုပ်ဝပ်ရလေ သည်။ ဝန်လေးပါးထွက်သည်နှင့် ဆိုင်းကစမုတ်ခံတီး၍ ဘုရင်မင်း မြတ်ထွက်စံ၊ စံပါယ်တော်မူလေသည်။ ထိုအခါရာဇသတ်၊ ဓမ္မသတ် ဖြတ်ထုံးများ၊ တိုင်းပြည်ရေးရာများကို ခန့်ခန့်ထည်ထည်စီကာ ပတ်ကုံးဖြင့် အသံပညာပရိယာယ်သုံး၍ အပြန်အလှန် ဆွေးနွေး ရလေသည်။

ဤတွင် လူကြီးပိုင်းက 'စာ' ကို 'နာ' ကြလျက်ကလေးများက အရှုပ်ယယ်များကို ကျေနပ်စွာကြည့်ရှုကြလေ့ရှိပေသည်။ ဤသည်မှာ ရုပ်သေး၏ အရသာသဘောပင်ဖြစ်ပေတော့သည်။

## သပြေခံ (သို့မဟုတ်) ဇာတ်ပန္နက်နိဒါန်း

ရှေးအခါက ယခုကဲ့သို့ စက်နာရီများ မပေါ်သေးသဖြင့် အချိန်ကာလကို မြန်မာ့နည်းမြန်မာ့ဟန်မြန်မာ့ဓလေ့ယဉ်ကျေးမှုအရ သတ်မှတ်ခေါ်ဝေါ်သုံးစွဲသည့် ဝေါဟာရများရှိခဲ့ပေရာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။

ရှေးမြန်မာတို့၏ အချိန်ပိုင်းခြားဝေါဟာရများကား ချစ်ခင်မြတ်နိုးဖွယ်ကောင်းပေစွ။ နေ့အခါတွင် နေကိုကြည့်၍ နေထွက်စပြု၊ နေထန်းတစ်ဖျား၊ ဆွမ်းခံပြန်၊ နေမွန်းတည့်၊ နေမွန်းတိမ်း၊ နေစောင်း၊ နေကျ၊ နေစွယ်ကျိုး၊ နေအေး၊ နေဝင်ရီတရော၊ ဆည်းဆာ၊ နေဝင်ဖျိုးဖျ ဟူ၍ဖြစ်သည်။

ညအခါတွင် ကြက်တွန်သံကို အမှီပြု၍ မှတ်သားကြရသည်။ အိပ်တန်းတက်၊ သူငယ်အိပ်ဆိတ်၊ သက်ကြီးခေါင်းချ၊ လုလင်ပြန်၊ သန်းခေါင်ကြက်၊ ကြက်ဦးတွန်၊ လင်းကြက်ဆော်၊ အရုဏ်တက်ဟူ၍ဖြစ်သည်။

ရှေးအခါက မြန်မာဘုရင်များ နန်းစိုက်ရာမြို့များတွင် အချိန်ကာလကို သိစေရန်အလို့ငှာ နန်းတော်အနီးပဟိုရ်စင်မြင့်မှ အချိန်မှန်မှန်စည်တော်တီးပေးရသဖြင့် မည်သည့်အချိန်ရောက်နေကြောင်း သိနိုင်ပေသည်။ ထို့ကြောင့်နန်းမြေနှင့်ဝေးတစ်ရပ် တစ်ကျေးသို့ ရောက်သူတစ်ဦး၏ ခံစားမှုကဗျာတစ်ပုဒ်ဖတ်ခဲ့ဖူးပါသည်။

ရွှေပဟိုရ်စည်သံများကိုလ<br>
မကြားရကြာချေပြီ<br>
လေးလရာသီ။<br>
တိုင်းဌာနီ<br>
မဟုတ်ကယ်ပါပြီလို့။

ကြက်သံကိုပဟိုရ်ပြုရတယ်
တောသူရွာမို့။ ။

ဟူ၍ဖြစ်သည်။

ပဟိုရ်စည်စင်မြင့်တွင် နာရီစည်မောင်းတီးရန်အတွက် ရေအပြည့်ထည့်ထားသော ခွက်တစ်ဆယ်ဝင် အင်တုံကြီးထဲသို့ တစ်ပိဿာဝင်ကြေးဖလား၏ အလယ်ဗဟိုတွင် အသက် ၁၆ နှစ်အရွယ်မိန်းကလေး၏ ဆံပင်တစ်လုံးစာခန့်အပေါက်ဖောက်၍ ရေ၌ထား၏။ ထိုကြေးဖလားငယ်ရေပြည့်ပြီးနစ်မြုပ်သည်နှင့် တစ်ပဟိုရ်ဖြစ်သည်။ စက်နာရီအလိုအားဖြင့် တစ်ပဟိုရ်သည် မိနစ်သုံးဆယ်ဖြစ်၏။

"ဖလား... ရေ... နာရီက... ခါတစ်လီအချိန်
ပြောင်းလို့... နှစ်မောင်းတီး... လေ..." ဟု သံတော်ဆင့်မှ ဆင့် ဆိုလိုက်သည်နှင့်တစ်ပြိုင်တည်းမှာပင် ပဟိုရ်စည်စင်မြင့်ပေါ်မှ (ဗပုံထီး... နောင်... ဒိုင်း...)၂
ဟူ၍ စည်တော်အဖွဲ့သားများက နှစ်ကြိမ်တိတိတီးလိုက်လေသည်။ ပဟိုရ်စည်သံရပ်သွားသည်နှင့် "ပဟိုရ်တော်နှစ်ချက်တီးပါပြီ ဘုရား" ဟု သံတော်ဆင့်အစီရင်ခံလိုက်လေသည်။

ထိုအခါ တံခါးမှူးကလည်း...

"ကျုံးမြို့ရိုးကာရံဝိုင်းတဲ့... စံတိုင်းကြော့အဟုတ်မို့
တစ်မျိုးဖြင့်... အုတ်မြို့ရိုးအပေါ်ထက်ဆီက...
ပဟိုရ်တော်နှစ်ချက် တီးပါပြီဘုရား-" ဟု တံခါးမှူး၏ လျှောက်တင်သံကို အတွင်းဝန်က ကြားလိုက်သည်နှင့်...

နား... ထောင်... နေနွယ်အာဒိ၊ သမ္မာရှိ ရတနာတိ၊
အမရာတစ်ခွင်ဝယ်... ရတနာပလ္လင်မဂ္ဂတော... လောင်း
သမ္ဘတပေမို့... တမရွက်ရွှေဗောင်းပါရှိနဲ့... ညှိစံမပြိုင်

နိုင်သည့်... ပြည့်မဏ္ဍိုင်၊ ဝန်မင်းမဟာတွေပါဗျာ...
ကျွန်ရင်းသတ္တဝါ၊ အများခပင်းတို့က... မှားယွင်း၍ထွက်
ကာမလျှောင်ရအောင်...လက်ျာတောင်အမှုထမ်းရှိတို့က...
ယခု မြန်မည်အာဏာညွှန်မို့– ဟဲ့– ကာသာ– ဝန်ပြစေ. . .။
(မင်္ဂလာဆိုင်းမှ သပြေခံတီးလုံးများကို တီးပေးရမည်။)
သပြေခံဆိုင်းတီးပြီးသည်နှင့် အမတ်ကြီးလေးဦး လွှတ်တက်
ကြရမည်။

(သက်တော်ရှည်အမတ်ကြီး) "ရွှေမြင်းမိုရ် ယုဂန်ဖျားဆီက၊ လွှားလိုက်သည့်
ကြယ်တံခွန်လို– လူနေတော်ချွန်လှ– ရွှေပြည်
ဝန်အမင်းမင်းတို့ဗျား. . ."

(ဝန်သုံးပါး) "ဗျာ... ဗျာ..."

(အသက်တော်ရှည်အမတ်ကြီး) "အတွင်းဝန်လေးပါး... လွှတ်တော်ဝန်လေး
ပါး– သံတော်ဆင့်လေးပါး– ပေါင်း တစ်ကျိပ်
နှစ်ပါးတို့သည် လွှတ်ရုံးတရားခွင် ဝင်မိကြပါ
ပြီလား... အမင်းမင်းတို့ဗျား"

(ပြည်ထဲရေးဝန်ကြီး) "ပလ္လင်ရှစ်ခန်း၊ ကြငှန်းရွှေထီး၊ မင်းကြီးဘုန်း
ခေါင်အဆောင်ဆောင်– တောင်ညာစံဒေဝီ–
မဟေသီ– ဝေညီလှသဘင်ဝယ်– သေနင်္ဂမတ်
အပေါင်းတို့... ခဝပ်ညောင်း... ဘုံပလ္လင်မှာ
စုံလင်တော်မူပါပေ့– န အ ဘယသက်တော်ရှည်
အ မတ်မင်းကြီးဗျား . . ."

(ဘဏ္ဍာစိုးကြီး) "ဟုတ်ကဲ့... ဟုတ်ကဲ့... စော်ဘွားစော်ခံ၊ ရွှေ
ဥကင်းဘုံပျံမှာ... ညီလာခံ ခစားညောင်းလို့...
မှူးမတ်ပေါင်း ဘုံပလ္လင်မှာ၊ စုံလင်တော်မူပါပေ့...
နအဘယသက်တော်ရှည် အမတ်မင်းကြီးဗျား"

(မြို့ဝန်ကြီး) "ဟုတ်ကဲ့— ဟုတ်ကဲ့— ယုဂန်အိပ်သိမ် ကရဝိန်နှင့်၊ နေမိသုဒဿန၊ ဝန်းရံခလေး မြတ်ရောင်ရှိန်၊ ပတ်ဝန်းခွေ၊ နေခြည်မပျို့— နတ်တို့ဓလေ့၊ ပျော်မွေ့စံရာ၊ သုဒဿန သကြားရွာကဲ့သို့၊ ပါသာရထိပ်ဖျား၊ ပတ္တမြားမှုန်ကဲ့သို့ ထွန်းလင်းသောသီဟာသနာမှာ၊ ညီလာခံခသောင်းလို့၊ မှူးမတ်ပေါင်းဘုံပလ္လင် စုံလင်တော်မူပါပေ့၊ နအဘယသက်တော်ရှည် အမတ်မင်းကြီးဗျား"

(သက်တော်ရှည် အမတ်ကြီး) "သုံးဆယ့်ကိုးမြို့၊ ပဏ္ဏာကြို့၊ ဇဟိုမဏ္ဍိုင်၊ ရတနာဘွဲ့ရ၊ အမည်ရယ်လှပါတဲ့… နန်းမပိုင် အကို… တို့…"

(ဝန်မင်းများ) "ဗျာ… ဗျာ…"

(သက်တော် ရှည်အမတ်ကြီး) "မင်းကြီးတို့အရှင်… ကျွန်ုပ်တို့သခင်၊ မြေနန်းမဥကင် ရာဇပလ္လင်ဘုံပျံတက်ထွက်စံ— စံပါယ်တော်မူမိပေပြီဗျာ။ တိုင်းရေးပြည်ရေး. . . သာသနာရေး… ဘာသာရေး—စသည့်အား… လူမှုရေး— သားတော်ရေး… သမီးတော်ရေး… ဆွေတော်ရေး… မျိုးတော်ရေး— လှေတော်ရေး ဖောင်တော်ရေး—မေးမည်မသိ၊ မေးတော်မူပါက၊ ဆိုင်ရာဝန်မင်းများက၊ သံတော်ဦးတင်ရမယ်နော်…ဗျာ…"

(ဝန်သုံးပါး) "မစိုး… ရိမ်… နဲ့ဗျာ…"

(ထောက်ခံလိုက်ကြသည်။)

(သက်တော်ရှည် "ဒီကနေ့အဖို့ရာမှာ… ဘယ်စကားနဲ့… ဘယ်

အမတ်ကြီး) တရားများ— ထုတ်ဖော်ပွင့်လင်းမည် မသိရပါ
သောကြောင့်... သိရလေအောင်... အပါးတိုး
လို့— ဝပ်လျှိုးပြီး— ခစားကြ— အမင်း မင်းတို့ဗျား...
(ဝန်မင်းများအပါးရောက်လေလျှင်)
"တိုး... ခစားကြ... တိုး...ခစားကြဗျား..."

(ရှင်ဘုရင်) "သိင်္ဂါတမျှ ချိန်ကာဆ၊ သတ္တဝါအဖေ၊ တရား
မချန်၊ အမှားဖြန်၍၊ ဖြောင့်မှန်ပေ၊ ရွှေမျိုး
ဓမ္မသတ်၊ သတိုးမကြိုက်အရိုးလိုက်တဲ့. . .
ကွယ့်—ဖိုးထိုက်အမတ်တို့—အတွင်းသီဟာပျံမှာ
မင်းညီလာခံစုံကြပြီး... လား..."

(ဝန်လေးပါး) "မှန်ပါ— သီဟာပျံဘုံပလ္လင်မှာ— စုံလင်တော်မူ
ကြောင်း... ပါဘုရား..."

(ရှင်ဘုရင်) "စုံလင်တော်မူကြတာဖြင့်. . . ဘိုးဘွားရိပ်ရာ
သီဟာသန၊ ဟံသာသန၊ သင်္ခါသန၊ ဘမရာ
သန၊ ကဇာသန၊ ပြဒုမာသန၊ မိဂါသန၊ ပဒုမာ
သန၊ ကြာခံလျက်၊ အောင်ရှစ်ချက်ဖြင့်. . .
ရာဇာ့ဆယ်ကျိပ် ဖိုးကွပ်နှိပ်၍၊ ဘိသိက်တော်ခံ
ကျုပ်နန်းစံမှ... နိုင်ငံတိုင်းလုံး...သာရဲ့လား...။
တစ်လသုံးခါ၊ မိုးဒေဝါ၊ ချိန်ခါမလင့်. . .
ကောက်ပဲသီးနှံပွင့်လို့— ရင့်မြဲနုမြဲ— ရွာ သွန်းကြ
လို့... ပွဲလမ်းသဘင်များပါစ။
မိုးလေဝသချောင်းမြောင်းမှာ သာယာစည်ပင်၊
ဝပြောရွှင်လို့— ရှင်လူရဟန်း— ရေသွေ့ပန်းလို့၊
စိတ်ချမ်းသာ၊ မြို့ရွာစည်ပင် ပွားပါစ...။

ကျောက်ကိုးပါးစီကာရံနဲ့ . . ညီလာခံ၊ ရတနာပလ္လင်က၊ ငါဘုရင်မေးတော်အဆုံး . . လေးဖော်စလုံး . . ပြည်သာယာတယ်လို့ . . ညီညာစွာ . ံ သံတော်ဦးမလှည့်မစောင်းဘဲ . . ပြည့်အကြောင်း . . ရှစ်ပေါင်းလို့ သံတော်ဦးတင်ကြစမ်း . . မှူးတော်မတ်တော်များ . . ."

(ဝန်လေးပါး) "ရွှေဘုန်းတော်လျှံသောကြောင့် . . . နိုင်ငံတော် သာယာလှပါတယ် . . . ဘုရား"

(ရှင်ဘုရင်) "သေနင်ဗျူဟာ၊ ရာဇသတ်၊ ဓမ္မသတ်နှင့် သိတတ်ရိုပ်ချို၊ သဟောင်းထုံးရှိ ချင့်ချိန်ကြည့်လို့ . . သိနားလည်တဲ့ . . . ရွှေပြည့်စိန်ဖူး . . မတ်လေးဦးတို့ . . ."

(ဝန်လေးပါး) "ဘုရား . . ."

(ရှင်ဘုရင်) "မင်းကြီးများတင်စကား . . . ထင်အရှားမသွေမရှုပ်ဘဲ . . . ဓကေဝုစ်အလင်းမှန်သောကြောင့် . . ကြွင်းကျန်သော သုံးအမတ်တို့က . . . ဆုံးဖြတ်ကာ ဉာဏ်မျှော်ကျူးလို့ . . . သက်တော်ရှည်ကဝိသတိုး . . ဝပ်လျှိုးပြီး တစ်ဦးတည်း . . . သံတော်ဦးတင် . . ဗျာ . . ."

(သက်တော်ရှည် အမတ်ကြီး) "မှန်လှပါ . . . ကကတောင် . . . ရွှေကြိုးနဲ့ . . . ဘုံကိုးထပ်ရှင်ကြီးဘုရား . . ကျွန်တော်မျိုးကြီးသံတော်ဦးတင်ရပါ . . . ရွှေနားနှစ်ဆူ ပန်ယူတော်မူပါဘုရား . . ."

(ရှင်ဘုရင်) "ပလ္လင်ဘွဲ့မှာ တင်စေ . . . သူကောင်းတော်ကြီး . . ."

(သက်တော်ရှည်အမတ်ကြီး) "မှန်လှပါ. . . ဒါနံ၊ သီလံ၊ ပရိစာဂံ၊ အဇ္ဇဝံ၊ မဒ္ဒဝံ၊ အကောဓံ၊ အဝေဒင်းစ (အဝိဟိံသ) ခန္တီစ၊ အဝိရောဓနံ။ ဒါနံ၊ အလှူပေးခြင်း။ သီလံ၊ ဥပုသ်သီတင်းစောင့်ထိန်းခြင်း။ ပရိစာဂံ၊ စွန့်ကြဲပေးကမ်းခြင်း။ အဇ္ဇဝံ၊ စိတ်နှလုံးတော်ဖြောင့်ခြင်း။ မဒ္ဒဝံ၊ စိတ်နှလုံးနူးညံ့ခြင်း။ တပံ ညံ့ဖျင်းသောစိတ်တို့ကို ထိန်းသိမ်းပေးရခြင်း။ အကောဓံ၊ အမျက်မထွက်ရခြင်း။ အဝေဒင်းစ (အဝိဟိံသ)၊ အနိုင်အထက်မပြုရခြင်း။ ခန္တီစ၊ သည်းခံရခြင်း။ အဝိရောဓနံ၊ ပြည်သူနှင့်ဆန့်ကျင်ဘက်မပြုလုပ်ရခြင်း။ အပ္ပမိဒေန၊ မမေ့မလျော့မပေါ့မဆ။ ရဒါရုံ၊ ကျင့်ကာ ကြိုးကုတ်အားထုတ်ရမည်။ အပရိဟာနိယတရား (၇) ပါး၊ သတ္တိသုံးပါး၊ အားငါးပါးနှင့် ပြည့်စုံပါကြောင်း၊ မတ်အပေါင်းက၊ ထပ်လောင်း၍ သံတော်ဦးတင်ရပါ. . . တစ်ရာအမင်းမင်းမြတ် ကန်တော့ပါ၏ ဘုရား. . ."

(ဝန်သုံးပါး) "ချော. . . ပေ. . . ဗျာ့. . . တင်လည်းတင်တတ်ပါလေရဲ့. . . မှားတော်မူပါက ဗွေမှမယူဘဲကိုး ဗျာ့. . ."

(ရှင်ဘုရင်) "သာဓု. . . သာဓု. . . သာဓု. . . သီဟာပျံပလ္လင်မှ၍ ညီလာခံအစဥ်ခတော့. . . ဘုရင်ဘုရားအမေးတော်အဆုံး. . . လေးဖော်သလုံး

ပြည်. . . သာယာတယ်လို့. . . ညီညာစွာ
သံတော်ဦးတင်တာများ ဘဝင်ခံ. . . ကိစ္စ
. . . ဧကက္ကဒါစော၊ သဘောတော်ကျလာပြီ
. . . မင်းကြီးများ. . ."

(ဝန်လေးပါး) "မှန်. . . ပါ. . . ဘုရား. . . ဗျာ ဒိတ်တော်
မြွက်အတိုင်းပါဘုရား. . ."

(ရှင်ဘုရင်) "ခုနစ်ပါးရတနာ. . . ပြည့်ဖြိုးရယ်ကာ. . .
သတ္တဘုမ္မိ တစ်ပြည်ရှိတဲ့. . . မဏိကျောက်
ထပ်. . . ကာဆီးစပ်နှင့် အောင်ကြအောင်
ရာ. . . အောင်မြေရာဝယ်. . .
မဟာရာဇိန္ဒ. . . တေဇမြင့်ဘွား. . . ဘိုး
တော်ဘုရားလက်ထက်. . . ယခုကျုပ်လက်
ထက်ထိ၊ တိုင်းပြည်ကြီး. . . ကြက်ပျံမကျ
. . . စည်ကားတော်မူကြ. . . ဗျာ. . ."

(သက်တော်ရှည် အမတ်ကြီး) "မှန်ပါ. . . ဘိုးတော်လက်ထက်. . . ဘ
လက်ထက်. . . ယခု ကိုယ်တော်ကြီးလက်
ထက်အထိ. . . တိုင်းပြည်ကြီး ကြက်ပျံမကျ
. . . စည်ကားတော်မူကြောင်းပါ ဘုရား. . ."

(ရှင်ဘုရင်) "ကိုယ်တော်ရှင်မြတ်. . . စံမြန်းတော်မူတာ က
အင်းဝတိုင်း ပြည်ကြီး. . . ကိုယ်တော်ရှင်မြတ်
ဘွဲ့တံဆိပ်နှင့် ခပ်နှိပ်လိုက်တာက. . . ဒုတိယ
အင်းဝမင်းခေါင်လို့. . . ကောင်းသတင်းနှင့်
သောင်းတွင်းမှာ ကြေညာကျော်၊ တေဇာတော်
လင်းခဲ့တယ်. . . မင်းကြီး. . ."

(ဝန်လေးပါး) "မှန်ပါ. . . ကောင်းသတင်းနှင့် သောင်းတွင်းကြေညာကျော်ပြီး. . . တေဇာတော်လင်းခဲ့ကြောင်းပါဘုရား. . ."

(ရှင်ဘုရင်) "ခမည်းတော်နှင့် မယ်တော်မြတ်ဘုရား. . . မင်းနှစ်ပါးတို့ သခီရအနိစ္စ၊ ဘိဇ္ဇနထုံးသုံးလွန်တော်မူပြီးသည်မှ အဖမွေရိပ်ရာ ဆက်ခံလို့ရွှေနန်း. . . စံတော်မူရတယ်. . . မင်းကြီး. . . နှမတော်ကံဘုမယ်၊ ကျုပ်တို့မောင်နှမ နှစ်ပါးချိုးဥပမာထားလို့. . . နှမတစ်သက်၊ မောင့်တစ်သက်၊ ကြင်ဖက်ရတနာမပြုတမ်း ကတိပန်းထားကြလို့ ယခုထိ ကျုပ်အိမ်ထောင်မပြုခဲ့ဘူး. . . သူစိမ်းဖက်တော့ အချစ်ပျက်မှာစိုးရတယ်. . . မင်းကြီး. . . ညီလာခံစဲ. . . ခံစဲမှာ မင်းကြီးများက ဘယ်လိုပဲ သံတော်ဦးတင်ပေမယ့်၊ ကိုယ်တော်ရှင်မြတ် နားမဝင်ဘူး. . . မင်းကြီး. . .။ ရထားမှာအလံ၊ မီးလျှံမှာအခိုး၊ မင်းမျိုးမှာတောင်ညာ. . . ရထားတို့မည်သည်မှာ. . . အဝင်အလံချိုးလို့. . . အထွက်အလံတင်လို့. . . မီးတို့မည်သည်မှာ. . . အခိုးရှိစမြဲ။ မင်းတို့မည်သည်မှာလည်း. . . ထိုနည်းတူစွာ၊ တောင်ညာထား မိဖုရားနှင့်စံစားမှ ထီးမွေနန်းသက်ဆက်ခံလို့ရပါတယ်ဘုရား. . . လို့ သံတော်ဦးတင်သော်ငြားလည်း. . . ကျုပ်နားမဝင်ဘူး. . . မင်းကြီး. . ."

"ဟို့ . . ယမန်နေ့က ကိုယ်တော်ရှင်မြတ်ဇာတာ ရေး စစ်ဆေးလိုက်တဲ့အခါမှာ . . . ပုဏ္ဏား တော်များက မှန်လှပါဘုရား . . . တဲ့။ ကိုယ်တော်ကြီးဇာတာဟာ သာကေနဲ့ပမာပြ ရမှာဖြင့် . . . ဖုံးနေတဲ့ တိမ်ကြားထဲက ကြယ်ပေါက်၊ ထုလိုက်တဲ့တူများ . . . မီး တောက်သကဲ့သို့ . . . အင်မတန် ထူးခြားလို့ တစ်ရာ့တစ်ပါးသော မင်းအပေါင်း . . . ထီး ဆောင်းခံနိုင်တဲ့ မင်းဖြစ်နိုင်ပါတယ်ဘုရား . . . လို့ သံတော်ဦးတင်ကြတယ် . . . မင်းကြီး . . . နှမလေးကံဘုမယ် ဇာတာရေးစစ်ဆေး လိုက်လျှင်ပဲ၊ ပုဏ္ဏားတော်ကြီးများက . . . မှန် လှပါဘုရားတဲ့ . . . ကျွန်တော်မျိုးကြီးများ . . . မားချမ်းသာပေးတော်မူပါဘုရား . . . နှမလေး ဇာတာသည် အသက်နှစ်ဆယ်မပြည့်ခင် စပ်ကြား ယောကျ်ားသားအတွက်နဲ့ အရှက်ကြီး စွာရပါလိမ့်မယ်ဘုရား . . . လို့ သံတော်ဦးတင် လိုက်လျှင်ပဲ၊ ကိုယ်တော်ရှင်မြတ် တစ်ခဏနဲ့ ဘဝင်မကျဘဲ အရှက်တော်ရပြီး အမျက်တော် ထပါသဖြင့် . . . ဟဲ့ . . . ပုဏ္ဏားတွေ၊ ပုဏ္ဏားလိမ်တွေ . . . အဏ္ဏဝါတွေအိမ်မှာ ရေစိမ်လို့ထား . . အမိန့်တော်မှတ်လိုက်လျှင်ပဲ ပုဏ္ဏားတွေ ရေမှာ စိမ်လို့ . . . ပုဏ္ဏားတွေ ရိုးရာများဖြစ်သွားတယ် မင်းကြီးရဲ့ . . .

တကယ်ဆိုလို့ရှိရင် ညီလာခံစဲ၊ ဗိုလ်ထုကွဲမှ
တိုးတိုးတိတ်တိတ် မှန်လှပါ. . . ကိုယ်တော်
ကြီးဘုရား. . . ဒီအကြောင်း ဒီကိစ္စ . .
ဒီလိုများရှိပါတယ်ဘုရား. . . အဲ့ ဒီလို
သံတော်ဦးမတင်ဘဲ၊ ညီလာခံစုံတဲ့ ဗိုလ်ဘုံ
အလယ်မှာ သံတော်ဦးတင်တာများ ပုဏ္ဏား
တွေမှားသွားတယ်. . . ဝန်မင်း. . .
မင်းကြီးများ. . . သဥ္ဇာဘုံ၊ တင်လှူတော်စုံ
ကြပြီ . . . လား. . ."

(ဝန်လေးပါး) "မှန်ပါ. . . သဥ္ဇာဘုံမှာ တင်လှူတော်စုံ
ကြောင်းပါဘုရား. . ."

(ရှင်ဘုရင်) "သဥ္ဇာဘုံမှာ တင်လှူတော်စုံတာဖြင့်. . .
သဥ္ဇာရိပ်၊ တင်လှူတော်ပိတ်ကြမင်းကြီးများ
. . ."

(ဝန်လေးပါး) "မှန်ပါ. . . ကျွန်တော်မျိုးကြီးများ သဥ္ဇာရိပ်
. . . တင်လှူတော်ပိတ်ပါ့မယ် ဘုရား. . ."

(ရှင်ဘုရင်) "ကိုယ်တော်ရှင်မြတ်. . . သဥ္ဇာလီ အုံးတော်မှီ
တော့မယ် မင်းကြီး. . ."

(နန်းလေပြေ)

"ရွှေနန်းပြာသာဒ်. . . လေသန့်ခပ်တော့. . .
ငွေပန်းချပ်. . . ခေါင်အထက်ထီးဆီက. . .
ညောင်ရွက်ကြီး. . . တဝဲဝဲရမ်းတော့. . .

ဆည်းလည်းနူတ်ခမ်းခတ်သံထင့်. . .
နာခံလို့. . . စက်တော်ခေါ်မယ်. . .
သက်တော်မြဲကြမင်းကြီးများ. . .
(ဝန်လေးပါး) "စံတော်. . . မူ. . . ပါဘုရား. . ."
(ဤတွင် နန်းညွန့်ရှိန်၏ သပြေခံ သို့မဟုတ် ဒန်းစီးမောင်နှမဇာတ် ပန္နက်နိဒါန်းပြီး၏။)

နန်းညွန့်ရှိန်၏ ဝန်လေးပါးလွှတ်တက်ခန်းဇာတ်စာများသည် အောင်ပြေညို (နံ့သာမြေ)၏ "ပုခန်းအနုသဘင်ကျော်များ" စာအုပ်မှ ရုပ်သေးသေတ္တာမှောက်မင်းသားကြီး ဦးစံရွှေ၏ "ပွဲဦးထွက်ဝန်စာများ" နှင့် အချို့တူနေသည်ကို တွေ့ရသည်။

ပခုက္ကူမြို့၊ ပုခန်းနယ်မှ ရုပ်သေးသေတ္တာမှောက်မင်းသားကြီး မအူဦးစံရွှေသည် ရန်ကုန်တွင် ၁၇ နှစ်ကြာမျှ နေထိုင်ခဲ့ပြီး မြစ်ဝကျွန်းပေါ်အနှံ့ လှည့်လည်ကပြခဲ့သည်။ မအူဦးစံရွှေ စင်တော်တွင် ဆဒ္ဒန်မြဟန်ကခဲ့ဖူးသည်။ ဆဒ္ဒန်ဆင်ပျံမောင်မြဟန်အမည်ဖြင့် ရန်ကုန်တွင် တစ်စင်ထောင်သောအခါ နန်းညွန့်ရှိန် လိုက်ပါကခဲ့ဖူးလေသည်။

ဆရာကြီးနန်းညွန့်ရှိန်၏ ဝန်လေးပါးလွှတ်တက်ခန်းဇာတ်စာသည် ဆဒ္ဒန်မြဟန်ထံမှ ရရှိခဲ့ခြင်းမဟုတ်ပါ။ သူ၏အဘိုးဖြစ်သူ ပခုက္ကူနယ်သား ရုပ်သေးဆရာကြီး ဦးစံပယ်ငွေးထံမှ လက်ဆင့်ကမ်းပညာအမွေရရှိခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့်လည်း ထိုဇာတ်စာသည် ပုခန်းနယ်မှ ရုပ်သေးဇာတ်စာအငွေ့အသက်မကင်းသည်ကို လေ့လာတွေ့ရှိရပေသည်။

**အကြို၁**

ရှေးအမင်းမင်းများလက်ထက် ဘုရင့်သားတော်များသည် ထီးမွေနန်းလျာဆက်ခံမည့် မင်းညီမင်းသားများ ဖြစ်၍ ငယ်စဉ်အခါကပင် ဆင်စီး၊ မြင်းစီး၊ ဓားရေး၊ လှံရေး၊ စစ်ချီစစ်တက် စသည့် မင်းသားတို့တတ်အပ်သော အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သော ပညာများသင်ယူကြရလေသည်။

ထိုသို့ပညာသင်ယူရာတွင် မိမိနေထိုင်ရာတိုင်းပြည်မှ တက္ကသိုလ်ရှိရာ တိုင်းပြည်သို့ သွားရောက်ကာ နှစ်ကာလအတန်ကြာ ပညာရင်နို့သောက်စို့ကြရသည်။ မင်းသားများ ပညာလည်းစုံ ကြွင်ယာလည်းစုံ၍ ရွှေဘုံနန်းရပ်ပြန်အလာတွင် လမ်းခရီးမှ ကြိုဆိုကြရသည့် အကြိုခံဇာတ်စာအား တင်ပြရပေသည်။

(ရှင်ဘုရင်) "မင်းကြီးများ. . . ပညာစုံ၊ ကြွင်ယာစုံလို့ . . . ရွှေဘုံများပြန်မရောက်ကြသေးဘူးလား. . . သားတော်မောင်ပြန်လာမယ့် လမ်းခွဲ. . . လမ်းခွဲတိုင်းမှာ အချိုပွဲ၊ အချဉ်ပွဲများနှင့် မလွတ်မလွဲရအောင်၊ ရှိသမျှ လမ်းခွဲမှာ ကြိုကြ မင်းကြီးများ. . ."

(ဝန်ကြီးများ) "အမိန့်တော်စေတစ်လုံး. . . နှစ်ထွေပခုံး မငြင်းထမ်းပြီး. . . မင်းလမ်းက တစ်ခါလျှောက်ပါတော့. . . ရတနာကျောက်အညွန့်တင်. . . ဖော်. . . ပါနော်. . . ဝန်ရှင်တော် ကျွန်ုပ် အသွား. . . ရွှေမောက်လူ အပြောင်ပြောင်နဲ့ စိန်ရွှေယာ၊ စကြာတောင်က. . . ဟဲ့. . . လကျာ တောင်ခန့်"။

(နေသူရိယ ကိုယ်တော်ကြီး) "မင်းကြီးများ. . . ညီလေးမောင်ကောလိယ အာကာသလျှံမို့ ရာဇဒဏ်ခတ်ပြီး ထောင်အတွင်း အကျဉ်းချလိုက်တာ. . . မောင်ကောလိယ မင်းကလေး. . . ထောင်ကိုပဲဖောက်မလား . . . သူပုန်ရန်နဲ့ ဂုဏ်ခံမည်လား. . . ထိုနှစ်လီ အတည်တကျ မသိရပါသဖြင့်. . . တစ်နေ့ တစ်ခေါက်ထောင်ကိုအရောက်သွားရလိမ့် မယ်လို့၊ အမိန့်တော်များ သတ်မှတ်လိုက် တယ်. . . ဒါကြောင့်မို့ ထောင်ကို သွားလိုက် ကြစို့. . ."

ဆိုင်းဆင့်

(ဝန်ကြီး) "အရေးကြီးတော့ လူကြီးအရာ၊ အရေးငယ် တော့ လူငယ့်အရာဆိုတာလို. . . အရေးတ ကယ်ပေါ်လာပြန်ပြီး. . . ပရိသတ်ကြီးရဲ့. . . အရေးတကယ်ပေါ်တော့၊ ကလေးသူငယ် မခေါ်ရအောင်. . . လေးဆယ်ကျော် ယခု သွားမှာမို့. . . ရဲဘက်တွေထောင်သောင်းညံ ပြီး. . . ဟဲ့. . . အောင်မောင်းသံလွှင့်. . . ဘာ. . . သွားမယ်. . ."

(ဝန်ဆိုင်းတီးပေးရမည်)

**စမှတ်ခံ**

ဝန်ကြီးများ၊ မျှုးမတ်ကဝိပညာရှိတို့သည် ဘုရင့်ညီလာခံ အခစားများဝင်ရန်၊ ရွှေနန်းတော်သို့ဝင်ရန်အတွက် ဆိုင်းဖြင့် ပို့ပေး

ရပါသည်။ ထိုသို့ ဆင့်ဆိုသော ဇာတ်စာကို စမုတ်ခံဟု ခေါ်လေသည်။

"အတွင်းတော်ဝင်ချိန်သိပြီမို့ . . ဘုရင်ဇနိုပ်ထိး အပြစ်တော်မတင်ရအောင် . . . ရှစ်ဖော်ပလ္လင်၊ မိဂသနာ၌၊ သိသာရန်အတွင်းလမ်းက ဘယ်ပုံတက်မည်ဟု . . . ဆယ်စုံလက်နဖူးပြင်၊ ဦးတင်ကာ အမေးတော်ခံရအောင် တွေးမျှော်ကာအပလီမဆန်းကြစေနဲ့ . . . နရီလမ်းအဟုတ်မှန်သောကြောင့် . . . ဟဲ့ . . . စမုတ်ခံတီး . . ."

(အတွင်းဝန်လေးပါးလွှတ်တက်စကားပြောရမည်)

## နန်းညွန့်ရှိန်၏လေပြေများ

မြန်မာ့ရုပ်သေးလောကတွင် ငယ်စဉ်ကတည်းကစ၍နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သော ရုပ်သေးကြိုးဆွဲပညာရှင်နန်းညွန့်ရှိန်၏ ဇာတ်စာများအနက် သူတော်ကောင်းများဆိုင်းသည့်လေပြည်အားတင်ပြလိုက်ရပေသည်။

"မဏိသေလာ၊ ဝိသေကာ၊ ကိလေသာရှင်းပါတဲ့ . . . ရာရှစ်ဖော်ဂုဏ်တော်မှီးပြီး . . . သူတော်ကောင်းကြီးများလှစ်ကာထုတ်တော့ မေတ္တာသုတ်ရွတ်ပြီးဆိုင်းမယ် . . ."

## နိဗ္ဗာန်ကြောင်းပင်စမ္ပတာအိမ် ဗန်သင်းသည့်လေပြေ

မြန်မာ့ရုပ်သေးအမြင့်သဘင်တွင် လေပြေအမျိုးမျိုးရှိသည်။ ထိုလေပြေများမှာ ထီးလေပြေ၊ နန်းလေပြေ၊ တောလေပြေစသည်တို့ဖြစ်သည်။ တမ်ချိန်သောအခါက မြန်မာ့ရုပ်စုံစင်တော်ပေါ်

မှ နန်းညွန့်ရှိန်ရွတ်ဆိုခဲ့သော လေပြေများအနက် ထင်ရှားသော လေပြေတစ်ပုဒ်အား တင်ပြရပါသည်။

"ကဝိသဘောပ၊ တိလောကာ၊ နဂြောဓမဟာရွှေ သာမဏော ဖွားချိန်နီးတာမို့ ညောင်ကိုင်းတစ်ခါနှိမ့် . . . မှ ဓမ္မတာအိမ် ဖြစ်စေသတည်း. . ."

**ယုန်စန္ဒရမင်းသားနှင့် စန္ဒပုဏ္ဏားတွေ့သည့်အခါ ကြိမ်းစာ**

မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင်ဆရာကြီး နန်းညွန့်ရှိန်သည် ကြိုးဆွဲတစ်ခုတည်းသာ ကျွမ်းကျင်ပိုင်နိုင်သည်မဟုတ်သေး။ ဆိုငိုပြောပညာတွင်လည်း ကျွမ်းကျင်ရကား စိတ်ကူးရချိန်မှတ်မိချိန် တွင် ပြောသမျှ တေးမှတ်ရပေ၏။

အလွန်ဝေးကွာလှသော အတိုက်နှင့်အတူ အရိပ်တစ်ချို့ ကျန်ရစ်နေမည်ဖြစ်၏။ ယနေ့ခေတ်ကာလတွင်မူ မြန်မာရုပ်သေး သဘင်သည် တိမ်ကောလာရာ မေ့မေ့လျော့လျော့မှ ရှားရှားပါးပါး ဖြစ်လာသည်။ ထိုရှားပါးသည့်အထဲမှာ နှိုက်ထုတ်ရသမျှ နှိုက်ထုတ် တင်ပြရပါသည်။

"အတာပွကရန်ဏံ၊ ကြိမ်သစ္စာနှံလိုက်မယ်၊
ကမ္ဘာရန်တည်ပါစေသတည်း. . ."

ကြိမ်းစာအားဇာတ်လမ်းတစ်ပုဒ်မှ ထုတ်နုတ်ဖော်ပြရပါလျှင် . . . ယုန်စန္ဒရမင်းသားနှင့် နဂါးမျက်မှန်ရွှေဂူစံမင်းသမီးတို့နှစ်ဦး သည် ညောင်ခေါင်းထဲသို့ ဝင်ရောက်ပုန်းအောင်းနေခိုက်တွင် ဆယ်ပုံသော အတတ်နားကြပ်ရသည့် စန္ဒပုဏ္ဏားက အင်းဖြင့်တိုက် သောအခန်းတွင် ကြိမ်းသောကြိမ်းစာဖြစ်ပါသည်။

"စံပန်နဝင်း၊ ဇာလင်းသတ္တာ၊ အင်းအင္ဖမုတ်
နောက်ဆုတ်ကာဖနောင့်နှင့်ပေါက်လိုက်မယ်
ဝါယောဓာတ်ဘွေတစ်ခွင်က၊ လေဆင်ကာတိုက်. . .
အမှိုက်လိုလွင့်ရောလဟာယ်. . ."

ထိုအခါ ယုန်စန္ဒရမင်းသားနှင့် နာဂမျက်မှန်ရွှေဂူစံမင်းသမီးတို့ ပုန်းအောင်းရာညောင်ပင်သည် လေကြမ်း၊ လေရမ်းဘေးဒဏ်ဖြင့် အဝေးသို့လွင့်ပါသွားတော့သည်။

## နန်းညွန့်ရှိန်၏ဝန်ခေါ်စာများ

ရှေးမြန်မာဘုရင်များလက်ထက်တော်၌ ရှေ့တော်မှောက်အရောက်ခစားကြရသည်။ နန်းတွင်းညီလာခံတွင် ဝန်ကြီးများ၊ မှူးမတ်များနှင့် ရာဇရေး၊ ဓမ္မရေး၊ တိုင်းရေးပြည်ရေးဆွေးနွေးတိုင်ပင်ကြရ၏။ ဘုရင်မင်းမြတ်က ဝန်မင်းများအား ခေါ်ဝေါ်သုံးစွဲသည့်နှုတ်ခွန်းဆက်စကားများရှိခဲ့လေသည်။ ယင်းကို ဝန်ခေါ်စာဟု ခေါ်ဆိုရမည်ဖြစ်ပါသည်။ တစ်ချိန်က နန်းညွန့်ရှိန်တင်ဆက်ကပြခဲ့သော အမြင့်သဘင်ရုပ်သေးစင်တော်ပေါ်မှ ဝန်ခေါ်စာများအားတင်ပြလိုက်ရပေသည်။

(က) ရွှေမြင်းမိုရ်ယုဂန်ဖျားဆီက၊ လွှားလိုက်သည့်
ကြယ်တံခွန်လို၊ . . . လူနေတော်ချွန်လှ. . .
ရွှေပြည်ဝံအမင်းမင်းတို့ဗျား. .

(ခ) သင်္ဂါတစ်မျှ၊ ချိန်ကာဆ၊ သတ္တဝါအဖေ
တရားမချန်၊ အမှားဖြန်၍ ဖြောင့်မှန်ပေ၊
ရွှေမျဉ်းဓမ္မသတ်၊ သတိုးမကြိုက်၊ အရိုးလိုက်တဲ့
. . . ကွဲ. . . ဖိုးထိုက်အမတ်တို့. . .

(ဂ) အင်္ကျီလက်ကျယ်၊ ဖောင်းစလွယ်နှင့်မားနက် ဆောင်မား၊ ဝတ်ရုံဇာသာ၊ အရာရာမျှတဲ့. . . မတ်များခေါင်နေ၊ အမူမူတိုင်း၊ ကြည့်ရှုလို့နိုင်း မာတတ်တဲ့. . .
တိုင်း. . . အဖေ. . . တို့. . .

(ဃ) သိန်းဒေဝိန်း၊ ကာမိန်း၊ ပဂုတ်၊ မဟော့ဉာဏ်အတန်ရသည့်၊ မျိုးမတ်သေနင်၊ မင်းတိုင်ပင်တို့. . .

(င) သေနင်ဗျူဟာ၊ ကျွမ်းလိမ္မာသည့်၊ မဟာသူကောင်း၊ ရွှေကျိုင်းဆောင်းတို့

(စ) ရတနာဘွဲ့ရ. . . အမည်လှတဲ့. . . မျိုးမတ်သေနင်၊ မင်းတိုင်ပင်တို့. . .

(ဆ) သေနင်ဗျူဟာ၊ ရာဇသတ်၊ ဓမ္မသတ်နှင့်သိတတ်ရိပ်ချီ၊ သဟောင်းထုံးရှိ၊ ချင့်ချိန်ကြည့်လို့၊ သိနားလည်တဲ့ရွှေပြည်စိန်ဖူး. . . မတ်လေးဦးတို့. . . ဟူ၍ဖြစ်ပေသည်။

**နန်းညွန့်ရှိန်၏ရုပ်သေးကြိုးဆွဲပညာရသများ**

ရုပ်သေး၏ အသက်သည် ကြိုးပညာပေါ်မူတည်သည်။ ရုပ်သေးကြိုးဆွဲနည်းစနစ်များဖြင့် ဇာတ်ရုပ်များကို ဖော်ထုတ်ကြရသည်။ ဇာတ်ကောင်စရိုက်တစ်ခုချင်း ပီပြင်စေရန်မှာ နက်နဲ ကျယ်ဝန်းလှသော အနုပညာတစ်ရပ်ပင်ဖြစ်၏။ ရုပ်သေးကြိုးဆွဲရာတွင် သဏ္ဌာန်လုပ်သရုပ်တူရမည်။ အမှန်မဟုတ်က အရုပ်မျက်နှာပူရတတ်ပါသည်။ လူကရာတွင် အရုပ်နှင့်တူရမည်။ အရုပ်ကရာတွင် လူနှင့်တူရမည်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ ရုပ်သေးကြိုးဆွဲများသည်

အောက်ဖော်ပြပါ ရုပ်သေးသမားစဉ်ကြိုးပညာများကို မျက်ကွယ်ပြု၍မရချေ။ ကျယ်ဝန်းနက်ရှိုင်းသော ရသကြိုးပညာများဖြစ်ရကား ဆိုဋ္ဌံပြောအသံ အနုပညာရသနှင့် ပေါင်းစည်းမိသောအခါ ပွဲခင်းထဲရှိ ပရိသတ်များ၏ နှလုံးသားအားညှို့ယူဖမ်းစား နိုင်တော့သည်။

ထိုကြိုးပညာရပ်များမှာ. . .

(က) ထောင်ဝင်တတ်ရမည်။

(ခ) ရာဇဝတ်ခံတတ်ရမည်။

(ဂ) တပ်ပြေးတတ်ရမည်။

(ဃ) သလွန်တက်တတ်ရမည်။

(င) နန်းဝင်တတ်ရမည်။

(စ) ရေဇလာမှာလှေသလားတတ်ရမည် ဟူ၍ကြိုးဆွဲပညာရပ် (၆) ခန်းရှိသည်။

**ထောင်ဝင်ကြိုး**

ရုပ်သေးကြိုးဆွဲကပြရာတွင် ထောင်ဝင်ရုပ်ကြိုးဆွဲပညာနှင့် ပတ်သက်၍ ခင်းကျင်းသော ဇာတ်ထုပ်ဇာတ်ဝင်ခန်းမှာ - ဒုဋ္ဌဂါမဏိဇာတ်တွင် ဒုဋ္ဌဂါမဏိမင်းကြီး၏ညီတော်မောင်သုတကို တစ်ဆယ့်ခြောက်ပြည်ထောင်အုပ်စိုးသော ဧလာရကျေးမင်းက ထောင်သွင်းအကျဉ်းချခန်းတွင် ထောင်ဝင်ကြိုးကို ပီပီပြင်ပြင် ကျွမ်းကျင်နိုင်နင်းစွာ ဆွဲတတ်ရပေသည်။

"မတင်တတ်ကြတော့ဘူးလား. . .
အဖေဝန်ရဲ့။ ဘုရင်မြတ်ကယ်တဲ့
မိန့်တော်လာ. . ဘိုးဘိုးတို့. . . ဘိုးဘိုးတို့
ကယ်နိုင်ရန် ကယ်ကြပါအုံး. . . ဘိုးဘိုး
တို့ရယ်. . . "

"အဘတို့ကလည်း. . . ဘုရင်အညွှန့်မို့
မတင်ဝံ့ပါဘူး လူလေးရယ်. . ."

(မြန်ကောက်) "မတင်တတ်ကြတော့ဘူးလား. . . အဖေဝန်ရဲ့
. . . ဘုရင်မြတ်ကယ်တဲ့မိန့်တော်လာ. . .
ယောင်ချာချာလုပ်ကိုင်တဲ့အမှုဟာမို့. . .
ထောင်ပြာတာဘုတ်ကိုင်ကလည်း ထုတော့မယ်
ဘိုးဘိုးရဲ့. . . ဖြစ်မှုဖြစ်ရာကိုလည်း မငြင်း
နိုင်လို့. . . အောင်မလေး. . . သွားပေါ့
ထောင်တွင်း. . . သွားပေါ့ထောင်တွင်း. . ."

ဒုဋ္ဌာဂါမဏိမင်းနှင့် ဧလာရကျေးမင်းတို့နှစ်ပြည်ထောင် စစ်ပြုရာဝယ် ကြားမှညီတော်လေးမောင်သုတမှာ မအေပြောတစ်လ မယားပြောတစ်ခဏဆိုသကဲ့သို့ နှမလေးမယ်ပဥ္စပြောစကားနားထောင်မှား၍ ထောင်သွင်းအကျဉ်းချထားခြင်းခံရသည်။ ထိုသို့ ထောင်ဝင်ကြိုးဆွဲအကကို ရုပ်သေးခေတ်ကောင်းစားစဉ်က နန်းညွှန့်ရှိန်ဖန်တစ်ရာတော အောင်ကခဲ့ရသည်။ နန်းညွှန့်ရှိန်သည် သူ၏ဇာတ်ကောင်စရိုက်နှင့် ဆိုငိုပြောတစ်ထပ်တည်းကျဇာတ်သရုပ်ဖော်ထုတ်၍ ပီပီပြင်ပြင်ကြိုးဆွဲကပြနိုင်ခဲ့သဖြင့်လည်း ပရိသတ်များ မျက်ရည်သုတ်ရသည်အထိပင်ဖြစ်သည်။ နန်းညွှန့်ရှိန်သည် အရုပ်စုံကြိုးဆွဲနိုင်ခဲ့သည်သာမက ဆိုငိုပြောတွင်လည်း ပိုင်နိုင်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

**ရာဇဝင်ခံကြိုး**

မြန်မာ့ရုပ်သေးသဘင်တွင် ဇာတ်ထုပ်များ ခင်းကျင်းကပြရာ ဆိုငိုပြောပညာရပ်အခန်းကဏ္ဍသည် အလွန်အရေးပါလှသည်။

ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းများ၏ ခန့်ထည်လေးနက်ကြွယ်ဝမှုများသည်လည်း အရေးကြီးသော အချက်များပင်ဖြစ်ပေသည်။ ရုပ်သေးပွဲကြည့်ရာတွင် လူကြီးများအနေဖြင့် 'စာ' ကို 'နာ' ကြသည်။ ကလေးငယ်များကမူ ရုပ်သေးများကိုသာ ကြည့်မဝ၊ ရှုမဝဖြစ်ကာ ပျော်ရွှင်ကြည်နူးတတ်ကြသည်။ ထိုအချက်များသည်ပင် ရုပ်သေးပွဲ၏ အနုပညာရသပင် ဖြစ်တော့သည်။

ရာဇဝင်ခံမင်းသား၏ ငိုချင်းအဆုံးတွင် တစ်ကျပ်ဝန်ကမင်းသားကို ဖနောင့်ဖြင့် ကန်သွင်းလိုက်သည်။ ကျားခေါင်းထဲ ဒူးတုပ်လျက်လဲကျမှ ကဗျာကသီထပြီး ကျားခေါင်းဝသို့ပြန်ကြည့်ကာ လက်နှစ်ဖက်ဖြင့် လက်ရပ်ခေါ်၍ "ကယ်ကြပါအုံး" ဟုအကူအညီတောင်းခံသည့် ပုံစံကိုကြိုးဆွဲရပါသည်။ ယူကြုံးမရအပူလုံးကြွသည့် သဏ္ဍာန်သရုပ်ဋ္ဌပေါ်အောင်ကိုလည်း ကြိုးဆွဲရပါသည်။ ပုဆိုးစလေးကို ကိုင်ကာမျက်ရည်သုတ်ဟန်ကို ပီပြင်စွာကြိုးဆွဲရလေသည်။

ရာဇဝတ်ခံသည့် အခါတွင် မင်းသားရုပ်သေးကလေးက သူ့ရင်ဘတ် ကိုသူပြန်ထုသည်။ လူးလှိမ့်သည်။ မျက်ရည်သုတ်သည်။ လက်ခုပ်လက်ဝါးတီးပြီး တစ်ကျပ်ဝန်ထံပြေးပြီးတောင်းပန်သည်။ ထိုသို့မင်းသားက ပြေးပြီးတောင်းပန်သည်ကို တစ်ကျပ်ဝန်မင်းက ခြေဖြင့်ဆောင့်ကန်လိုက်သဖြင့် မင်းသားခင်ဗျာ ခွေလဲကျသွားရှာလေသည်။ ဤနေရာတွင် ကြိုးဆွဲဆရာ၏ ပညာရည်ကြွယ်ဝမှုနှင့် ကျွမ်းကျင်လိမ္မာမှု အတွေ့အကြုံပေါ်မူတည်သည်။

တစ်ဖန်လူကြမ်းမင်းသားကြီးက "ဟဲ့ . . . ရာဇဝတ်သားလာခဲ့စမ်း" ဟုအသံဝါကြီးဖြင့်ခေါ်သံကြားလိုက်သည်နှင့် မင်းသားရုပ်ကလေးက အသားတွေဆတ်ဆတ်တုန်ပြီး သူ့ထံကို မသွားရဲသွားရဲနှင့် သွားရသည်။ သွားသည့်အခါမှာလည်း လူကြမ်းမင်းသားကြီး

က "နှင့်နှစ်ဖက်ပါးပြင် လက်ဝါးတင်ကာရိုက်လိုက်မယ် သွားစင်လို့ထွက်" ဟူ၍ ကြိမ်းဝါးပြီးရိုက်လိုက်သည်။ ထိုအခါရာဇဝတ်ခံမင်းသားသည် သွားကျိုးပြီးထွက်သွားသဖြင့် ခဏမေ့သွားလေသည်။ မေ့နေသည့်အခါမှာလည်း လူကြမ်းမင်းသားကြီးက. . .

"ဒါလောက်လေးရိုက်တာနဲ့မေ့သလား. . . နင့်ပေးစရာနှာမရှိဘူး. . . ရှူး. . . ဓားရိုးနှာ"

ဟုဆိုပြီးလျှင် ဓားရိုးဖြင့် ထပ်ဆောင့်လိုက်ပြန်သည်။ သည်တော့မှပင် ရာဇဝတ်ခံမင်းသားမှာ ငိုချင်းချလိုက်လေတော့သည်။

နန်းညွန့်ရှိန်၏ မြန်မာ့ရုပ်သေးသဘင်စင်တော်ပေါ်မှ ဒန်းစီးမောင်နှမဇာတ်ထုပ်တွင် မောင်ဖိုးသီကို တောင်ဖီလာကျော်ဆရာတော်ကျောင်းအတွင်းတွင် ဖမ်းဆီး၍တစ်ကျပ်ဝန်မင်းက ခြေဖဝါးကိုဓားဖြင့်ခွဲယမ်းစိမ်းပက်၊ ရင်ခွဲတစ်ချက်တည်းသတ်စေဟု အမိန့်ထုတ်လိုက်သောအခါ မောင်ဖိုးသီအား တစ်ကျပ်ဝန်မင်းနှိပ်စက်ခန်း၌ ရာဇဝတ်ခံကြိုးသရုပ်ပေါ်အောင် ဆွဲရသည်မှာ ရုပ်သေးကြိုးဆွဲကစ်ယောက်၏အနုပညာကြွယ်ဝမှုကို ပေါ်လွင်စေပါတော့သည်။

**ထပ်ပြေးကြိုး**

ရုပ်သေးကြိုးဆွဲများသည် တပ်ပြေးကြိုးပညာကိုလည်း ပိုင်ပိုင်နိုင်နိုင်ကျွမ်းကျင်ကျင်တတ်ထားရန် လိုအပ်ပေသည်။ မြန်မာ့ရုပ်သေးစင်တော်မှ ဇာတ်ထုပ်များ ခင်းကျင်းတင်ဆက်ကပြရာတွင် ကိုသနှင့် မမွှာဇာတ်ထုပ်ဇာတ်ဝင်ခန်းတစ်ခု၌ သုမနမင်းကို တိုသမမွှာတို့က ပြည်ဗဟိုမှာ မကြည်ညို၍ ညီကိုနောင်ရင်းသုံးပါးမင်းတို့က သုမနမျိုး (၉) ယောက်အားတပ်ဖြင့် ခိုင်းပြီးသတ်ပစ်ခန်းတွင်တပ်ပြေးသော အခန်းကို ကျွမ်းကျင်စွာ ကြိုးဆွဲတတ်ရန်လိုအပ်ပေသည်။

ညီတော်တီသနှင့် ဓမ္မာတပ်များ ဝိုင်းသည့်အခါတွင် သုမန မင်းသည် မိဖုရားအားပခုံးပေါ် ထမ်းပြီးလကြမ်းပြေးဟန် ကြိုးကို ဆွဲရသည်။ ထပ်ပြေးငိုချင်းချသည်မှာ ပရိသတ်များဂရုဏာပွားကာ မျက်ရည်သုတ်ကြရသည်အထိပင်ဖြစ်သည်။

"ထောင်သောင်းရယ်ညံ့. . . အောင်မောင်းသံ တဒူဒူနဲ့. .
ကျွက်ဆူညံတွေ. . . ကြား. . . ဆင်တပ်ကယ်ရံ. . .
သေနတ်သံဗျူဟာဆင်ကြပါလို့. . . ပြည်ခွင်မှာ. . .
သေနင်္ဂါဗျူဟာ ပတ်တော့တပင်. . . မိဖုရားရယ်. . .
မိဖုရားကြီးရဲ့. . . အောင်မလေး. . . ပြေးကြပါတော့
မဆိုင်း. . . မဆိုင်း. . . တပ်တော်တွေက
ဝိုင်း. . . ဝိုင်း. . . "

သုမနမင်းသည် တပ်ဝိုင်းခံရသဖြင့် တပ်ပြေးရာတွင် မိဖုရားအားပခုံးပေါ် ထမ်းပြီးသောအခါ ခါးပုံစလေးဖြင့် မျက်ရည်သုတ်ရာသည်။ ထပ်ပြေးကြိုးဆွဲရာတွင် ဒူးချိုးလေးဖြင့် ဟန်ပြေးပုံကိုကြိုးဆွဲရာတွင် ဒူးချိုးလေးဖြင့် ဟန်ပြေးလေးပြေးပုံကို ကြိုးပညာရသဖြင့် ပီပြင်အောင်ကြိုးဆွဲကပြရလေသည်။

## သလွန်တက်ကြိုး

မင်းသားက ဘုန်းတော်ကြီးသီချင်းကို သီဆိုပြီးအိမ်တော်သို့ ဝင်လာရပါသည်။ သီချင်းဆုံး၍ ဆိုင်းချိုးလိုက်မှသာ သလွန်ပေါ် တက်ရသည်။ သလွန်ပေါ် သို့ တက်ချင်တိုင်းတက်၍မရပါ။ သလွန် ပေါ် ရောက်သည်နှင့် လက်ျာဘက်သို့လှည့်ပြီးလျှင် ဦးသုံးချိန်ချလိုက် ရသည်။ ဤသည်ပင် အိမ်တော်တွင်သလွန်တက်ခြင်းဟူသော ကြိုးဆွဲပညာရပ်ပင်ဖြစ်ပေတော့သည်။

**နန်းဝင်ကြိုး**

မင်းသားများနန်းဝင်သည့်အခါတွင် မှူးကြီးမတ်ရာသေနာပတိများ၏ ဗိုလ်ပုံအလယ်ရှေ့တော်၌ ခါးလေးကုန်းပြီးလက်အုပ်ချီ၍ ဘုရင့်ရှေ့တော်မှောက်အခစားရောက်လေလျှင်လျှောက်တင်သည်မှာ-

" မှန်လှပါ . . နောင်တော်ဘုရား ပါဒနှစ်ပြင်ညီဘွား
ဆံကေသာ တင်မိကြောင်းပါဘုရား . . "

ဟူ၍သံတော်ဦးတင်ကာ နန်းဝင်ရသော နန်းဝင်ကြိုးကိုလည်း ကျွမ်းကျင်စွာဆွဲတတ်ရမည် ဖြစ်ပေသည်။

**ရေဇလာမှာလှေသလားသည့်ကြိုး**

မြန်မာ့ရှပ်စုံစင်တော်တွင် ရေဇလာမှာလှေသလားသည့် ကြိုးဆွဲပညာသည် မရှိမဖြစ်လိုအပ်သည့် ကြိုးပညာတစ်ရပ်ပင် ဖြစ်သည်။ တစ်ချိန်က နန်းညွန့်ရှိန်တင်ဆက်ကပြခဲ့သည့် ဇာတ်ထုပ်များမှ တင်ပြအပ်ပါသည်။

အင်းဝနန်းတော်မှ ညီကိုနောင်ရင်းသုံးပါးမင်းတို့ဖြစ်သည့် သတိုးစော၊ သတိုးဥပရစ်၊ သတိုးဥပရာဇာတို့အနက် သတိုးဥပရာဇာ၏ကြင်ယာတော်ပုသိမ်သူမယ်ဇာယုလွယ်ထားသည့် သန္ဓေသားက နန်းရပ်ထီးဖြူလုယူမည့်သားဖြစ်သည့်အတွက် အင်းဝတိုင်းပြည်တွင် မနေရဟူ၍ နှင်ထုတ်လိုက်သဖြင့် မြစ်နဒီရောသည်မှာဘက်ကမ်းမှဟိုမှာဘက်ကမ်းသို့ ရေဇလာလှေသလားသည့် ကြိုးပညာဖြတ်သန်းကူးကြလေတော့သည်။

(သီချင်း) "သီတာ . . သီတာ . . ဧရာကြီး . . မျောတဲ့
သာမျောရာမနီး . . မြစ်ကြီး . . မြစ်ကြီး . .
အဏ္ဏဝါ . . ဝဲတည့်ဝဲဩဃ . . ယမုံနာရယ်

လေ. . . ဟိုဖက်ကမ်း. . . ဘယ်ဆီရှိ၍မှန်း. . . ”
(လှေငယ်သည် ရေလယ်သို့ ရောက်သည်တွင်)
“လေရူးချိန်ဆ . . . ပင်လယ်ဝေ . . . လှိုင်းကြီးထ
လို့လေ. . . ”

ဤနေရာတွင် ရုပ်သေးကြိုးဆွဲ ဆရာများက ဆိုင်း၏ပတ်မချက်ကိုကြည့်ပြီး လှေကိုခုန်၍ ကြိုးဆွဲလိုက်ခြင်းဖြင့် လှိုင်းထသည့်ဟန်ကြိုးဆွဲရသည်။ လှိုင်းမထလျှင်လည်း မထသည့်ပုံစံမျိုး ငြိမ်ငြိမ်လေးကြိုးကိုဆွဲရပါသည်။ တေးသီချင်းအလိုက် ကြိုးဆွဲရခြင်းလည်းဖြစ်ပေသည်။ ရေသီတာနှင့်ကုန်းသီတာနှစ်မျိုးရှိသည်။ မြသားမှာကုန်းသီတာဖြစ်၏။ ဇာတ်လမ်းကို ပြန်ဆက်လိုက်ပါလျှင်. . .

ပုသိမ်သူမယ်ဇာယု အင်းဝတစ်ဖက်ကမ်းက တက်ကုန်းသို့ရောက်လျှင် ဘကြီးတော်သတိုးစောက ပုသိမ်သူ မယ်ဇာယု ကလေးမီးဖွားချိန်တွင် သွေးတက်ပြီးသေစေရန်အတွက် ထန်းလုံးအမြောက်ဖြင့်ခြောက်လှန့်ပစ်ခိုင်းသည်။ ပုသိမ်သူမယ်ဇာယု သွေးတက်ပြီးသတိလစ်မေ့မျောသွားလိုက်သတိပြန်ရလိုက် ဖြစ်နေစဉ် မောင်တော်သတိုးဥပရာဇာကို အမှာစကားဆိုရှာလေသည်။

“ရှင်တို့ . . . သတိုးမျိုးတွေကို စိတ်နာလို့ကျွန်မမွေးတဲ့ သားလေးကိုသတိုးကိုရှောင် အောင်မင်းခေါင်လို့အမည်ဘွဲ့ တံဆိပ်ခပ်နှိပ်ပေးပါ. . . ”

ဟုမှာကြားကာ အနိစ္စရောက်ရှာသည်။ ဤသို့ဤနှယ် ပုသိမ်သူမယ်ဇာယု၏ ရင်နာဖွယ်ရာကြေကွဲဖွယ်ရာများ ကားနဒီဇရာ ရေဇလာဝယ်လှိုင်းစီးကာ လွင့်မျောနေပေဦး[illegible]လားဟုပင် တွေးယောင်နေမိကာ ပရိသတ်များမျက်ရည်လည်ရွဲ ဖြစ်ရလေတော့သည်။

**နန်းညွန့်ရှိန်ကခဲ့သောရှမ်းစော်ဘွားဇာတ်ထုပ်**

ရှမ်းစော်ဘွားဇာတ်ထုပ်သည် နန်းညွန့်ရှိန် ငယ်စဉ်ကရုပ်သေး ခေတ်ကောင်းစားစဉ် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကပြခဲ့ သော ဇာတ်ထုပ်များအနက်ဇာတ်ထုပ်တစ်ထုပ် ဖြစ်ပါသည်။ ဤဇာတ်ထုပ်သည် တစ်နည်းအားဖြင့်ဆိုရပါသော် တပ်ပြေးကြိုးဆွဲ စာရင်းဝင်ဇာတ်ထုပ် ဇာတ်လမ်းတစ်ပုဒ်ပင်ဖြစ်ကြောင်း တွေ့ရပေ သည်။

(စောခင်) မောင်လေး. . . အမကြီးမှာဖြင့် ရှေးဟောင်းက အကြောင်းတွေပြန်ပြောင်းလို့တွေးလိုက်မှဖြင့်. . . တစ်နေ့မှ စိတ်အေးရတယ်မရှိပါဘူး. . . မောင် လေးရယ်. . . ဘထွေးတော် မောင်ဟန်ဘွားရန် ဘေးနဲ့တို့သားအဖလေးယောက်၊ အကာလ ညအခါလျှပ်တစ်ပြက် ခြေတစ်လှမ်းနဲ့ အပင်ပန်း ခံပြီး ဒလကြမ်းပြေးခဲ့ရတယ်. . . မောင်လေးရဲ့ တို့ခမည်းတော်ကရှမ်းစော်ဘွားကြီး၊ တို့မယ်တော် က(သခ်ဒေဝီ) မယ်သခ်။ ငါ့အမည်ကစောခင်၊ မောင်လေးအမည်ကပေါလွင်။

ရှမ်းတို့မြောင်တောင်အဆင်းကို ရောက် တော့. . .။ တို့ဖခင်စောဘွားကြီးက. . . မိဖုရား ကြီးဆင်လာတယ်. . . ဆင်လာတယ်လို့ ဟစ် အော်တဲ့အခါမှာ မိခင်ကြီးက မျက်စိမမြင်သည့် အတွက် တောင်ပေါ်မှာထားလို့. . . အဲဒီအခါမှာ . . . ကုသိုလ်ကံများနိမ့်သည့်အတွက် တောရိုင်း ဆင်ကြီးက တို့သားအဖသုံးယောက်နား ရောက်

လာလျှင်ပဲတို့သားအဖ သုံးယောက်က ဆင်ကြီး ရန်ဘေးနှင့် ဝေးအောင်ပြေးလို့မိခင်ကြီးကို တို့ဖခင်ကြီးက. . . မိဖုရားကြီးဆင်လာတယ်၊ ဆင်လာတယ်လို့ လှမ်းအော်လိုက်တဲ့အခါမှာ 'ဆင်းလာခဲ့' ကြားလို့ဆင်းလဲလာရော ဆင်နင်း လို့သေရရှာတယ်။ အဲ့ဒီနေရာမှာပဲ မိခင်ကြီးခန္ဓာ စဲလို့နတ်ပွဲဝင်ရတယ်. . . အဲ့ဒါနဲ့တို့သားအဖသုံး ယောက်ခြေဖဦးနဲ့ဒူးတဲ့ရာကို လာခဲ့ကြတော့ ပဲခူးမြို့ကသာလာယံ နှစ်ဆောင်ထပ်တဲ့စရပ်ကြီး ကို ရောက်မြန်တော့ ထမင်းကလဲဆာ အဲ့ဒီမှာပဲ မြို့ထဲဝင်ပြီးထမင်းတောင်းတဲ့အခါကြတော့. . . ငါ့ကိုသနားတာနဲ့ ထမင်းပေးလိုက်တဲ့အခါမှာ. . ထမင်းကငါးထုပ်ရလာတော့၊ အားရဝမ်းသာနဲ့ အဖေ ထမင်းတွေရလာပြီအဖေရဲ့. . . အဲ့ဒီမှာ ဖခင်ကြီးက ဘုရားကိုဆွမ်းတော်တင်တာက တစ်ထုပ် ငါစားဖို့ကတစ်ထုပ်၊ မောင်လေး ပေါလွင်စားဖို့ကတစ်ထုပ်၊ ထမင်းတစ်ထုပ်ပို နေတော့ ထမင်းစားရင်းနဲ့ဖြုန်းဆိုသတိရပြီ. . . အဖေ. . . အဖေ့ ထမင်းပွဲလူနည်းတယ်အဖေရဲ့ လို့ ယခုလိုပြောလိုက်လျှင်ပဲ၊ တို့ဖခင်ကြီး ထမင်း လုပ်အဝင်လွဲပြီး ခန္ဓာစဲလို့ နတ်ပွဲဝင်သွားတယ်. . မောင်လေးရဲ့. . .

(ပြောင်ို) ဪ. . . ပြောရင်းဆိုရင်း ကြည်ကြည်တွေ မျက်ရည်ခံထိုး သက်လို့ မျက်ရည်တွေ ဆင်းပါ

ပေါ့၊ ရင်တွင်းမှာ ဓာတ်ပေါင်းလျှံပြီ ...
မောင်လေး.. (အောင်မလေး)
ဇာတ်ကြောင်းပြန်ခက်လှချည်လား..။

ဇာတ်ကြောင်းပြန် (ဆို/ငို) မှန်းလို့ကွယ်.. ရှမ်းတို့နယ်.. တစ်မေဆင်
ပေမဲ့ မမြင်ရပါ မောင်တမေဝယ်ပါတဲ့...
(တောင်စဉ်တွေဝိုင်း..)၂

စကားပြော (ပြောငို) သိန္နီ သီပေါ၊ သာပြန့်ပြောတဲ့၊ ကမ္ဘောဇရှမ်းပြည်
ကြီးမမြင်ရပါဘူးမောင်လေးရဲ့...
ရှမ်းပြည်ကိုမှန်းဆီလို့တလိုက်ပြန်တော့
(အောင်မလေး) စောခင်မှာကွယ်...
လွမ်းစိတ်ကများ.. များ..
လွမ်းစိတ်ကများ..။

**နန်းညွန့်ရှိန်၏သစ္စာထားနှစ်ပါးသွားမြိုင်ထသီချင်းနှင့်သံချို**

(စကားပြော) လက်စွဲတော်သားမောင်မင်းများတို့..
ခမည်းတော်နှင့် မယ်တော်မြတ်ဘုရားမင်းနှစ်ပါး
တို့က ငယ်ဆရာနည်းပေးသေးနုပ်ပါသဖြင့်
တက္ကသိလ် သာပေါင်းခတဲ့ ဆရာ့ထံမှာ ပညာ
တော် နိဿရည်းသူ့နည်းခံစေ.. လို့ မိန့်ခွန်း
တော်ခြွေလိုက်လျှင်ပဲ၊ မနေသာစေခိုင်းတော့
ပြည်တိုင်းကထွက်လာရ.. အကြီးဆရာထံမှာ၊
နည်းနာနိဿယခံယူတာများ၊ ယောက်ျားတို့အ
တတ် အဌာရသတစ်ဆယ့်ရှစ်ရပ်တတ်မြောက်
ခဲ့ကြပြီး.. မောင်မင်းများ.. ပညာလည်းစုံ၊
ကြွင်ရာစုံလို့ ရွှေဘုံပြန်ကြစို့..

(ခြေဆင်း) ရွှေသစ္စာပန်ဆုတောင်းခဲ့မယ်ကွယ့်. . .
(ဖေချစ်တယ်ဆိုတာ)၂
လူ့ထံမှာတင်ပေါင်းကြပါစို့. . .
ဟိုဘဝဟောင်းက ဖြည့်ခဲ့တဲ့ပါရမီတွေ. . .
မင့်အမည်လေးပေးချင်သည်. . .
(မင်းသမီး) ကျွန်မအမည် ဘယ်လိုပေးမတုံးရှင့်. . .
(မင်းသား) ဟိုဘဝဟောင်းက မယ်မဒ္ဒီ၊ ဝေဿန်ထုံး. . .
နှလုံးထားလို့ ချစ်မယ်. . . ကျေးဇူးတော်အစုံ
. . . မကုန်လင်တဲ့ မယားပေမို့. . . ဘုံခုနစ်ဆင့်
မှာထားလို့. . . ခံစားချင်တယ်. . . (သုဇာတာ၊
သုမာလာ၊ သုနန္ဒာ၊ သုစိတ္တာ၊ မာဃသိကြားနဲ့
မယားချင်း ပြိုင်ချင်သည်. . .) အိမ်ထောင်ဦးမို့
. . . ထူးတဲ့မေတ္တာ. . . ရှေးကမ္ဘာ၊ ပြစ်မခွာ၊
မင်းနဲ့သာချစ်ရပေတာ. . . အကြင်လင်မယားမို့
. . . ညားစသည့်အခါ. . . ကြားကလေသွေး
. . . ဝေးတယ်ထင်တာ. . . (လူသမျှအပြင်မှာ)၂
ကစ္စနာသ. . . လင်. . . လင်မှာတဲ့စကားမို့. . .
သူ့နားစိုက်ပါ. . .
တစ်ကိုယ်လုံးဟာ ဟန်က၊ အချိုးကျမူယာ. . .
အတိုးချကာချစ်တော့မယ်. . . ယုံပါ. . .
(မင်းသမီး၊ ရိုသေမြတ်နိုးစွာ. . . ရိုးရိုးပဲပြောတတ်တာ. . .
ကောထပ် မြင့်မြတ်တဲ့ဂုဏ်အမူအယာ. . .
ဝါးလတ်) ရာသက်ပန်မခွာ. . . အရိုးမြေကျအောင်သာ
. . . ကမ္ဘာတိုင်ခိုင်မြဲစေရာ. . . အားကိုးလောက်

တာ. . . ကိုယ့်လင်သား. . . သိကြားလောက်
ထင်ပေတာ. . .

(မင်းသားဆို ခြေဆင်း)
တောင်ညိုညို ကွယ်လို့ထားပေမယ့်. . .
တို့နှစ်ပါးရယ်က. . . မပျောက်လိုတယ်. . .
တူရှင်းယူခဲ့ပါချစ်တဲ့သူရယ်. . . ဒီတောင်ကို
မောင်ဖြိုပါ့မယ်လို့. . . ဒါ့ကြောင့်ခင်ရယ်. . .
တူးဖျက်ကြစေသား. . .

(နရီ)
စိတ်ချယုံကွယ်ချစ်တဲ့မယားရယ်. . . ဖူးစာ
နှစ်ခိုင်ပြိုင်နွဲ့ယှက်ဖို့တကယ်. . . အတိတ်ကံ
အကြောင်းရယ်. . . ပေါင်းဖို့ဆုံပြန်တယ်. . .
မဟုတ်ဘဲ. . . ကျူပ်အသဲ. . . စွဲတဲ့လင်. . .
စွဲတဲ့ဒီအကိုလင်. . . အပျိုဆိုလျှင် မင်းလောက်
မချောဘူးထင်. . . မိုးနတ်မယ်ရွှေကိုယ်လေး
လို့. . . အဟုတ်ပဲ့ကွယ် ကျူပ်နှမရယ်. . . စကျွ
သောတ. . . မနောဟာဒယပြည့်စုံ. . . ကွယ်. . .

(ဝါးလက်)
မောင်မောင်ညွှန့်. . . မေတ္တာရည်. . .
သွန်းဖြိုးဝေ. . .
အများတို့ရဲ့မေတ္တာရည်. . .
ဆုပတ္ထာနာသလို့ခြွေ. . .
အောင်သပြေ. . . ရုပ်စုံသား. . .
အများမေတ္တာဝေ. . . လို့. . .

(မင်းသမီးဆို ခြေဆင်း)
သူတကာချစ်တာနဲ့. . .
ရှစ်ဆမကပိုတယ်. . .
လူမို့သာဖုန်းမိုရယ်. . .

မြို့ချင်ရဲ့သက်ထား. . .
အသက်ကလေးရယ်နဲ့. . .
ထပ်တူကြင်မယ်. . .
မှတ်ယူချင်. . .
ဇောစိတ်က. . . များ. . .

(စကားပြော) ရှင့်ကို. . . ချစ်တယ်၊ ကြိုက်တယ်၊ သဒ္ဓါတယ်၊ ကြည်ဖြူတယ်၊ မြတ်နိုးတယ်ဆိုတာ. . . ထုတ်ဖော်လို့မပြောပါရစေနဲ့. . . လို့. . .

(နရိ) ကိုယ်ကောင်းတာကို. . . ဘယ်သူမှဖွင့်ပြောဖို့မလို. . . နဂိုရှိမှ. . . နကိုင်းထွက်ပါ. . . ဆို. . . ဟုတ်မှလည်းကျော်တာ. . . ပုတ်မှလည်းပေါ်တာ . . . ပတ္တမြားမှန်လျှင် နွံမှာတွင်နစ်စေတော့ . . . (မညစ်ပါတဲ့ ဒီအရောင်)၂ အဘိဓမ္မာတရားတယ်. . . စိတ်မှာမထားတယ်. . . စိတ်မှာမထားတယ်. . . အဘိဓမ္မာတရားရယ်. . . လင်. . . လင်သည်မောင်မောင်ရယ်. . . တတ်ပါသော်ကောသောင်းခြောက်ထောင်ရယ်. . . ရွှေအကြောင်း. . . ဖယောင်းမှ. . . သိလိမ့်မယ်. . .

နန်းညွန့်ရှိန်ကြိုးဆွဲအဖွဲ့ဆို

သဘင်မဟာရုပ်စုံအဖွဲ့တွင်. . .
ကြံ့စည်ကာစီမံရေးတွင်. . .
ခေတ်ဆန်းကိုဖန်းပြ. . .
နမူနာတင်. . . (ချိုနားသောတနားဝင်)၂

ရှုတိုင်းနိုပ်တဲ့စင်. . .
စင်မဟာသဘင်. . .
ပြိုင်လာလျှင်ကျက်သရေဂုဏ်တင်
တေးသီချင်းဂီတ. . .
ညီညာပါလို့ပင်. . .

**နန်းတော်ကိုချီးကျူးသီဆိုသောသံချို**

(ရွှေနန်းပြာသာဒ်တော်ကြီး. . . ထီးတဝင့်ဝင့် . . . ဖန်လ်မွေ့ရောင်ရှိန်)၂ . . . ဓာထိန်ထိန်နှင့် သုံးသိန်းသုံးသောင်းလေးထောင်ထိပ်. . . နှစ်ကျိပ်ရှစ်ဆယ်အပါအဝင်. . . အတိတ်အဖြစ်အပျက်ကမ္ဘာတွင်အောင်. . . ဘယ်ရာဇာဘုရင်စံမြန်းနိုင်သည့်. . . လေးဆယ့်ရှစ်ထပ်ပြာသာဒ်တွေလျှံသည်. . . နတ်ဝိသုဖန်သိလောင်းစံသည့်နန်း. . .

**မြန်မာအမျိုးသားတင်စားဆိုသောသီချင်း**

(နာရီ) ထီးမွေ. . . နန်းမွေ. . . ကြငှန်းမြေ. . .
(ဝေလျှမ်းလို့ပြာသလေ)၂ ရွှေမန်းမြို့နဂရာပြည် . . . တစ်နည်းစခန်းတိုက်မြိုက်ပါသလေ. . . ထီးနန်းဆိုက်တဲ့ မွန်မြန်မာတွေ. . . မြန်မာတွေ . . . ခိုမှီးရချေ၊ ဗိုလ်ထီးနဂရပြည်. . . မြို့ကြီးကသာပါပေ. . . ကျုံးပတ်လည်ရေဝိုင်းတဲ့. . . စံတိုင်းကြော့ဌာနေ. . . ရွှေးအခါတုန်းက. . .

တော်သုံးတဲ့. . .
တို့မြန်မာတွေ. . .
(ဝါးလတ်) ဘေးရန်ကကွာပါစေ. . .
တိုင်းဌာနီ. . . နတ်ပြည်တစ်ဝန်းက. . .
သွန်းလောင်းခဲ့ပြီ. . .
ဒို့. . . မြန်မာအောင်လံကိုထူမည်. . . လို့. . .

## စင်တိုင်ခြင်း ဟိမဝန္တာခန်းနှင့် နန်းညွန့်ရှိန်၏ ကြိုးစွမ်းပြကကွက်များ

အတိတ်ကာလသည် မြန်မာ့ရုပ်သေးအမြင့်သဘင် စင်တော်များအား ပြည်ဖုံးကားချနေဝင်စဟု ပြောရင်းဆိုရင်း တိမ်ကောပျောက်ကွယ်စေခဲ့သည်။ ပစ္စုပ္ပန်ကာလသည် ထိုအရာအားလုံးကို အရုဏ်သစ်တွင် နိုးထစေကာ ပြန်လည်ရှင်သန်ခွင့်ကို ဖန်တီးစေခဲ့ပြန်ပါသည်။ မြန်မာ့အမြင့်သဘင်ရုပ်သေးစင်ပေါ်မှ အနားယူခဲ့ရသော လယ်သမား၊ ခြံသမားကြီး ဦးညွန့်ရှိန်သည် တတ်သည့်ပညာမနေသာတော့ပေ။ အမျိုးသားစာကြည့်တိုက်မှူး၊ ဦးခင်မောင်တင် (ယခုအနုပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်) ၏ ပြန်လည်စုစည်းကြိုးပမ်းမှုကြောင့်၊ ချန်ပီယံဦးသိန်းအောင်၏ တပည့်နန်းညွန့်ရှိန် ရုပ်စုံမင်္ဂလာစင်တော်ကြီးသည် ၂၀ ရာစုအတွင်း အနုပညာခရီးလမ်း မမော မပန်းလျှောက်လှမ်းလျက်ရှိလေသည်။

### ပွဲဦးထွက်စင်တိုင်ခြင်း

မြန်မာ့အမြင့်သဘင် ရုပ်သေးများသည် သမားစဉ်အရခင်းကျင်းကပြကြသည့် အစီအစဉ်မှာ ပွဲထွက်ကာနီးတွင် ရုပ်သေး

စင်ပေါ်မှ လင်းကွင်းလတ် 'ရှပ်' ကလေးနှင့် ချမ်း ချမ်း ချမ်း ချမ်း ချမ်း ချမ်း ချမ်း ဟု ဖြည်းဖြည်းတီးရသည်။ နောက်တွင် မြန်လာ၏။ နောက်ဆုံးတွင် မြန်မြန်တီးပြီး ရပ်လိုက်ရသည်။ လင်းကွင်းတီး ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ဆိုင်းက 'ဗေမောင်းထီး၊ ဗေမောင်း ထီး. . . ဘ. . . ဆိုပုံး ဖော. . .' ဟု ပြတ်ပြတ်တောက်တောက် တီးလိုက် ပြတ်ပြတ်တောက်တောက် ရပ်လိုက်ပြုရသည်။ ထို့နောက် 'ချမ်း ချမ်း ချမ်း ချမ်း ချမ်း ချမ်း ချမ်း' ဂျီချမ်းချမ်းဂျီဟု ဒုတိယ အကြိမ်အတန်ကြာ ရှပ်တီးပြန်သည်။ ထို့နောက် ဆိုင်းက 'ဗေမောင်းထီး၊ ဗေမောင်းထီး၊ ဗေမောင်းထီး၊ ဘဆိုပုံးချိ' ဟု တီးပြန် သည်။ ထို့နောက် တတိယအကြိမ် 'ချမ်း ချမ်း ချမ်း ချမ်း ချမ်း ချမ်း ချမ်း' ဟု ဆက်ကာဆက်ကာ တီးပြီးလျှင် နောက်ဆုံး 'တချမ်း ချမ်းချိ' ဟု တီးလိုက်လေသည်။ ထိုသို့ တီးပြီးသောအခါမှ ဆိုင်းက ကောင်းကောင်းမွန်မွန် ပွဲဦးထွက်တီးလေတော့သည်။

ဤကား မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်၊ တပေါင်းလဆန်း မြောက်ဥယျာဉ်တော်တွင် လက်ျာတော်စိန်ဆိုင်းတော်တီး နေမျိုး ကျော်စွာခေါင်ဆီဆုံဆည်ရှာစား ဆရာဖေအား မိဖုရားခေါင်ကြီးမှ "ရှာစား. . . ဤတိုင်းဤပြည်မှာ ဇာတ်ရှပ်သေးဆိုင်းများတွင် ပွဲဦး၌ ပတ်မကြီးနှင့် လင်းကွင်းကြီးသာလျှင် စတင်တီးကြရမည်။ အမိန့် တော်ကို ရှာစားကိုယ်တိုင် ကျေညာစေ၍ အားလုံးလိုက်နာကြရ မည်။" ဟူ၍ အမိန့်ချသည့်အတွက်ကြောင့်ပင် ယနေ့တိုင် ထုံးထမ်း စဉ်လာတစ်ရပ်ဖြစ်ခဲ့ရလေသည်။

ပွဲထွက်ရန် စင်တိုင်သည်မှာ အတော်ကြာသည်။ ကားအတွင်း မှ 'မောင်း' နှင့် 'လင်းကွင်း' က စင်တိုင်ပေးပြီး၍ ဆိုင်းက 'ဗိန်းမောင်းတုံက်' ကာတီးလိုက်သည်မှာ သုံးမိနစ်ခန့်ကြာသည်။

နောက်ထပ် ဂုဏ်နည်းအတိုင်းပင် ဒုတိယ၊ တတိယ၊ သုံးကြိမ်တိုင်တိုင် အချီအချစင်တိုင်ကြသည်မှာ ၁၀ မိနစ်ခန့်ကြာသွားသည်။ စင်တိုင်ပြီးသော် ဆိုင်းက 'ရွှေဘုန်းတော်ထွန်းပါလို့ နေဝန်းတည့်ပေါ်' အစရှိသော ပတ်ယိုင်ခုနစ်သံချီကို တီးပေးရ၏။

စင်တိုင်ခြင်း၏ အဓိပ္ပာယ်မှာ ပွဲထွက်မည့်အကြောင်း ပွဲကတော့မည့်အကြောင်းကို ကြေညာခြင်းသာဖြစ်သည်။ ပထမဦးစွာ နတ်ကတော်ရုပ်ထွက်ပြီး မြို့တော်ရှင်၊ နယ်တော်ရှင်ဟု ခေါ်သော နတ်ကြီးများကို ကန်တော့၍ ဆုမွန်ကောင်းတောင်းသော သီချင်းများကို တီးမှုတ်ပေးရသည်။ ဤသို့ ထွက်ရာတွင် နတ်ကတော်နှစ်ရုပ်ထွက်ရသည်။ တစ်ရုပ်မှာ ဦးသျှောင်ဆောင်းလျက် တစ်ရုပ်မှာ ဖွာပန်းထည်နှင့် ဖြစ်သည်။ ဦးသျှောင်ဆောင်းသော နတ်ကတော်ရုပ်မှာ ရှေးဦးပထမနတ်သံ ပစ်ရသည်။ သီဆိုသော နတ်သံမှာ အထက်နတ်သံဖြစ်သည်။

အထက်နတ်သံ သို့မဟုတ် ဘိုးတော်နတ်သံ သို့မဟုတ် သိကြားနတ်သံကို မင်းသားက သီဆိုရလေသည်။ ထိုနတ်သီချင်းကို မင်းသမီးမသီဆိုရ။ မင်းသားကသာ သီဆိုရလေသည်။ နတ်ကတော်ဖြစ်၍ (မိန်းမဖြစ်၍) မိန်းမသံဖြင့် သီဆိုရလိမ့်မည်ဟု တွေးထင်မှန်းဆဖွယ်ရှိသော်လည်း မိန်းမသံဖြင့် မသီဆိုရချေ။ ယောကျ်ားသံ မင်းသားသံဖြင့်သာ သီဆိုရလေသည်။

ရုပ်သေးပွဲတွင် ပထမညပွဲစထွက်သည်နှင့် နတ်ကတော်က ဦးစွာထွက်၍ ဆိုင်ရာဆိုင်ရာ တင်မြှောက်ပသမှုများ ပြုလုပ်ရသည်။ ထိုသို့တင်မြှောက်ပသရာတွင် ဘိုးတော်နတ်သံစပစ်ရသည်။ ထိုနတ်သံကားပွဲဈေးတန်းအထိ ကြည်လင်ပီသစွာ လွှမ်းမိုးလိုက်သည်နှင့် ပွဲခင်းတစ်ခုလုံး ငြိမ်သက်သွားတော့သည်။

* မင်္ဂလာရယ်မှာ မဏ္ဍိုင်. . . ရောင်ဆိုင်ငယ်မှလေးလီ. . . သာမောငယ်စည်. . . နတ်ပြည်ထိလု. . . ပျော်ဖွယ်ရယ် ကောင်း. . . နတ်အပေါင်းစုဧ။. . . မေရုငယ်မှပတိုရ် . . . မြင်းမိုရ်ထိပ်မှာ. . . ဝေယန္တာကား. . . စိတ္တာရနှင့် စိတ္တာဓမ္မာ. . . ကြင်ယာအများ. . . မိဖုရားအပေါင်း. . . ထောင်သောင်းမက. . . ငါတိုးသိကြားမှ. . . ထက်ဖျား ရယ်စံ. . . ဝေယံခဧ။. . .

* နတ်များအမှူး. . . လူတို့ပြည်တွင်. . .
ငါအရှင်ပျော်မြူးလာသည်တကား. . .
မင်္ဂလာစံခင်း. . . ပွဲတော်အပေါင်း. . .
ဂုဏ်ရောင်လင်းပါတဲ့. . . မင်းအများတို့. . .

မင်းသားကဘိုးတော်နတ်သံပစ်ပြီးသည်နှင့် မြို့တော်ရှင်၊ နယ်တော်ရှင်၊ ရွာတော်ရှင် စသည့် ရှင်သုံးရှင်အား တစ်ဆက်တည်း ပူဇော်ပသ နတ်ချင်းများသီဆိုကန်တော့ ပန်ဆင်ရပြန်ပါသည်။ လက်တန်းရင်တားရှေ့၌ လှုပ်ရှားရသော အရုပ်မှာ ဦးသျှောင်ဆောင်း နတ်ကတော်ရုပ်သာ လျှင်ဖြစ်သည်။ ထိုဦးသျှောင်ဆောင်းနတ်က တော်အတွက် နတ်သံပစ်ပြီးသောအခါတွင် မင်းသမီးက နတ်သံ ပစ်ရပြန်လေသည်။

မင်းသမီးက အောက်နတ်ချင်းကို သီဆိုနေသောအခါ လှုပ်ရှားရသော အရုပ်မှ ရှာပန်းထည်စည်းနတ်ကတော်ရုပ်ဖြစ် သည်။ ထိုနတ်ကတော်ရုပ်သည် ဆံပင်ကို ဖားလျားချထားသည်။ မင်းသမီးပစ်ရသော အောက်နတ်ချင်းသံမှာ နယ်ရှင်ကိုတိုင်တည် သော နတ်သံဖြစ်သည်။ နယ်ပယ်စောင့်နတ်တို့ကို တိုင်းတည် ခြင်းဖြစ်သည်။

* တစ်ကြိမ်ရယ်မှနှစ်ကြိမ် . . . သုံးကြိမ်ရယ်မှတင် . . .
နယ်တော်ရှင် . . . မယ်လျှင်ဖြင့်ကန်တော့ပါ၏ . . .
* စုံလင်ရယ်မှမယွင်း . . . ပွဲပြင်ကျင်း၍ . . .
ထမင်း၊ မုံ့နှော . . . အုန်းငှက်ပျောနှင့် . . .
သဘောဖြူစင် . . . ကျွန်ရယ်တင် . . . စည်ပင်ထွန်း ကာမပါ . .

ဘုရား . . . ဟု သနားရယ်ဝန်ခံ . . . နန်းစံတဲ့အရှင် . . .
နယ်တော်မှာပိုင်အုပ်စိုးပါလို့ . . . နတ်မျိုးညီလာခွင် . . .
နန်းတောင်ကြီးအရှင် . . . ဦးသုံးကြိမ်ရယ်တင် . . .
မင်လျှင်ရှင့်ကန်တော့ . . . နတ်နန်းရယ်ကွန်းစင်က . .
ကျေးတော်ရှင် . . ကျွန်တော်မျိုးတို့ကို . . . ဘုရား . .
တိုးမပါ . . . တိုး . . . မပါဘုရား . . .

ဤသို့နှယ် ဒုတိယနတ်ချင်းကို သီဆိုပြီးသည်နှင့် ဆိုင်းက နတ်ဆိုင်းတီးပေးရသည်။ နတ်ကတော် အရုပ်ကလေးမှာ ငှက်ပျော အုန်းထည့်ထားသည့် ကန်တော့ပွဲကို လက်နှစ်ဖက်ချီမဟန်ဖြင့် လှုပ်၍လှုပ်၍ သုံးကြိမ်တိုင်တိုင် ကန်တော့ဟန်ဖြင့် ကသည်။ ထိုသို့ တီးမှုတ်နေသော တီးလုံးဆုံးလျှင် နတ်သံ (အယိုင်) သို့မဟုတ် တတိယနတ်သံကို ဆိုရလေသည်။

ကျူညီညာ . . . အိုလေလေးလေ့ . . . စောင်မပါ
ကျူညီညာ . . . အိုလေလေးလေ့ စောင်မပါ . . .
လက်ဆယ်ဖြာ . . . လက်လေး . . . လေး . . . လေ့
. . . ဆယ်ဖြာ . . . ပန်ဆုငယ်တောင်းတယ်လေး
. . . ဘေးအပေါင်းငယ်တို့ . . . ငယ်ခွာ . . .

ရှောင်ခွာ. . . ဆီး. . . တား. . . စောင်မပါ . . .

မြို့လေး. . . မြို့တော်မှာ. . . ငယ်လေ. . . မှာ ငယ်လေး. . .

နယ်လေး. . . နယ်တော်မှာ. . . ငယ်လေ . . . မြို့တော်မှာ. . . နယ်တော်မှာ. . . နယ်တော်မှာ. . . အရှင်စောင့်တယ်. . . မြို့တော်မှာ အရှင်စောင့်တယ်. . .

တတိယနတ်သံပြီးလျှင် သက်ဆိုင်ရာတီးလုံးတီးကွက် သီချင်းအမျိုးမျိုးဖြင့် ကလေ့ရှိ၏။ အမျိုးသားယဉ်ကျေးမှုနှင့် သမားစဉ်များ ပျောက်ကွယ်မသွားစေရန်အလို့ငှာ ယနေ့ ရုပ်သေးမျိုးဆက်သစ်များ သိမြင်ဆပ္ပွား မှတ်သားနာယူဆည်းပူးလေ့လာနိုင်ရန် သီချင်းတစ်ချို့ကို တင်ပြလိုက်ရပေသည်။

(၁) အတုလေးရယ်တဲ့ ယှဉ်ကာပြိုင်၊ ယှဉ်ကာပြိုင် ဖဲမွေ့ရာ၊ ရွှေကော်ဇောနှင့် ရောနှောလို့ထိုင်. . . ပျိုတိုင်းကြိုက်ပါတဲ့၊ နှင်းဆီခိုင်၊ နှင်းဆီခိုင် ပွင့်လုံးပိုင်တဲ့ စင်တော်သား. . . ဝေးရာကရှား . . .

(၂) သန်းခေါင်ကိုနေ့မှတ်လို့၊ အရပ်ကလေးကိုတဲ့ အားမနာ. . . အားမနာ. . .
အိမ်နီးချင်းကိုတဲ့. . . အားမနာ. . . အားမနာ . . . မသောက်ရရင် သီလစောင့်တယ်. . . ကိုကျောင်းဒကာ. . .

(၃) သောက်တော်ဗူးရယ် . . . အိုမကွ၁ . . . အိုမကွ၁၊ မင်းကျော်စွာရယ်လို့ မကျော်လား . . . ဝေးရာကရှား . . .

(၄) လောင်းစရာလေ . . . ငွေမရှားလို့ . . . ကစား စရာလေငွေမရှားလို့ . . . ကြက်ကျားတဲ့တိုက် မယ်ပြင် . . . မြင်းစိုင်းကျော်ရှင် . . . ချစ်လို့ရယ် ဆင်သလေးလေ့ . . . ယဉ်ရှာရှော့သလား . . . ကိုကြီးကျော်ရဲ့ ကျူပ်နဲ့တူ . . . ကျူပ်နဲ့တူ . . . သည်ဇမ္ဗူပြိုင်ဖက်ရှား . . . မိုးကျနတ်သား . . .


(၅) မြောင်းတူကိုလျှောက်ပါလို့ . . . ပိတောက် ကလေးရယ်တဲ့ ရွှေဂူနီ . . . သင်းပျံ့ခဲ့ပြီ . . . ညနေ . . . ညနေ . . . ဆီမှာလေ . . . နွယ်နီ သောင်စွန်း . . . ကိုကြီးကျော်ပလီလွန်းတယ် . . . ဆေးစိုက်တဲ့ကျွန်း . . .

နတ်ကတော်ထွက်သောအခါ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းတဲ့ ကျွန်းဟူသော ဆိုစကားရပ်နှင့် အညီ မင်္ဂလာ ရှိစေရန် လက်ယာဖက်မှ အရုပ်ထွက်စေရမည်ဟု အဆိုရှိသည်။ နတ်ကတော်ထွက်လျှင် ပထမဦးစွာ စင်ကိုတိုင်ရသည်။ ဒုတိယမှာ နယ်ပယ်ရှင်ကို တိုင်ရသည်။ တတိယမှာ ပွဲကြည့်ပရိသတ်ကို တိုင်ရခြင်း ဖြစ်သည်။ ဆိုင်းက ၃၇ ချင်းနှင့် သံချပ်ကြီးများကို တီးမှုတ်ရပြီး နတ်ကတော်သည် တီးကွက်ကုန်အောင် ကရလေ သည်။

ဒုတိယညတွင် အပျိုတော်ထွက်သောအခါ အပျိုတော်ဆိုင် ရာ အဆိုအကများဖြင့် ပရိသတ်ကို တိုင်တည်သည့်သဘောပါ

ဝင်လေသည်။ အပျိုတော်မှာ ပွဲဦးထွက်အကဖြစ်၍ ရုပ်သေးပွဲများ၏ ဒုတိယညတွင် စတင်ကပြလေ့ရှိသည်။ စင်စစ်အားဖြင့် အပျိုတော်သည် ဆံပင်ဖားလျားချတတ်သော်လည်း နဖူးစည်းရှာနီ (ရှာပန်းထည်)၊ ရင်စည်းပဝါစသည်တို့ ဆင်ယင်ခြင်းမပြုချေ။ ကန်တော့ပွဲထားခြင်း၊ ကန်တော့ပွဲမြှောက်ခြင်း စသည်တို့ကိုလည်း ပြုလုပ်လေ့မရှိပေ။ အပျိုတော်သည် အကခန်းကို ပို၍ အလေးပေးလေ့ရှိသည်။ ကကြိုးကကွက်မှာ သိမ်မွေ့သော ကကြိုး သွက်လက်သော ကကြိုး ရွှင်ရွှင်မြူးမြူးရှိသော ကကြိုးဟူ၍ ကကြိုးစုံလင်အောင် ကပြရလေသည်။ ဆိုင်းဆရာက လူပျိုတော်သားအမှတ်ထား၍ နန်းတွင်းသူ အပျိုတော်ကို သံချပ်များဖြင့်လည်းကောင်း ဆိုင်းကို တစ်ပိုင်းတစ်စ၊ မတင်မကျထားခြင်းဖြင့်လည်းကောင်း ကျီစယ်တီးမှုတ်ကြလေသည်။ ပျော်ရွှင်သောအမူအရာမှာ အတီး၊ အက နှစ်ရပ်စလုံးကို လွှမ်းခြုံထားလေသည်။ အပျိုတော်ရုပ်သည် ကကြိုးစုံကရသော မဒီကိုင် (ခေါ်) မင်းသမီးကြိုးဆွဲကပင်လျှင် ဆွဲရလေသည်။

အထူးသဖြင့် အပျိုတော် (၁၂) ခန်းဟူသော အကဆယ့်နှစ်မျိုးကို စုံလင်အောင် ကပြရလေသည်။ ၎င်းတို့မှာ နတ်အက၊ မြင်းအက၊ မျောက်အက၊ ဘီလူးအက၊ ဇော်ဂျီအက၊ ဝန်အက၊ နေရာတော်အက (၇) မျိုးကို ခုနစ်တွေအကဟူ၍လည်း ခေါ်ကြသည်။ အဘိုးအို အမယ်အိုအက၊ ဗြောအက၊ အိုးစည်အက၊ ဒိုးပတ်အက၊ ပလို့အကတို့ ဖြစ်သည်။ အချို့ရုပ်သေးများမှာ အပျိုတော်ရုပ်များမှာ မျက်စပစ်ခြင်း၊ လျှာထုတ်ခြင်းတို့ကိုပင် ကပြနိုင်သည်ကို တွေ့ရသည်။ ရုပ်သေးအပျိုတော်အကများကို ဇာတ်များတွင် အတုယူ၍ ကပြကြလေသည်။ အပျိုတော်က ကြိုးစုံလျှင် မင်းသမီး



နန်းညွန့်ရှိန်၏ဇော်ကြိုးဆွဲအက

အကကုန်သည်ဟူ၍လည်း ပြောစမှတ်ပြုကြသည်။ အပျိုတော်ရုပ်တွင် ကကြိုးအမျိုးမျိုး ကပြနိုင်အောင် ကြိုးများကိုလည်း အစုံအလင်တတ်ဆင်ရလေသည်။

**ဟိမဝန္တာခန်း**

မြန်မာ့ရုပ်သေးသဘင်တွင် နတ်ကတော်၊ အပျိုတော် စသောပွဲဦးထွက်အကများပြီးနောက်တွင် သားငှက်တိရစ္ဆာန်တို့ကို ပွဲထုတ်သော ဟိမဝန္တာခန်းကို စတင်လေသည်။ ညဉ့်ဦးပိုင်းတွင် ကလေးသူငယ်များ မအိပ်မီ နှစ်သက်သဘောကျ ပျော်ရွှင်ကြစေရန်တိရစ္ဆာန်အကများကို ရှေးဦး ပြသခြင်းလည်း ဖြစ်ပေမည်။ ဟိမဝန္တာခန်းတွင် မြင်း၊ မျောက်၊ ဇော်ဂျီ၊ ဆင်၊ ကျား၊ နဂါး၊ ဂဠုန်၊ ဘီလူး စသည်တို့ အသီးသီးထွက်ကြသည်။

မြင်းစထွက်လာလျှင် ခွာသဖင်နှင့်ထွက်ပြီးနောက် ပတတ်ရပ်ကာ ကောင်းကင်လေကို ရှုသည့်ဟန် ကသည်။ ထို့နောက် နားရွက်ကို နောက်ခွာဖြင့်ကုတ်ပြီး အမြီးကို လှည့်၍ ကိုက်တတ်ရမည်။ ကဆုန်ကျ ဆွဲတတ်ရမည်။ ထို့နောက် မြင်း၏တစ်လှမ်းချင်း လျှောက်ပုံ၊ စိပ်စိပ်လျှောက်ခြင်း၊ ဆင်ရဲသွားခြင်း၊ ပျော်မြူးဟန်ပန်တို့ကို တီးလုံးတီးကွက်နှင့်အညီ ညီညွတ်အောင် ကပြရသည်။ ဆိုင်းကအချိုးပြောင်းလိုက်သောအခါ မြင်းသိုချဟန် ဆွဲတတ်ရသည်။ ဆိုင်းက 'ရွှေဘိုမြင်းရယ်လေ. . . ချူသံခွာသံပြင်းတယ်လေ" သီချင်းက ဒုန်းမစိုင်းမီ မြေလူးကပြရပြီး နောက်တစ်ချီ ဒုန်းစိုင်းမှ ဝင်သွားရသည်။ မြင်းရုပ်ကပြသည့်အခါတွင် အတီးက မြင်းခင်းသီချင်းများကို သီဆိုတီးမှုတ်လေ့ရှိကြသည်။

မျောက်က ကသောအခါ လက်ဖျားကြိုးနှင့် ဒူးကြိုးနှစ်ကြိုးတည်းဖြင့် ပေါ်လွင်ပီပြင်အောင် အမျိုးမျိုး ဆွဲတတ်ရသည်။ မျောက်၏ သဘာဝအတိုင်း သစ်ပင်တက်ခြင်း၊ တစ်ပင်နှင့်တစ်ပင် ကူးခတ်ပုံ၊ ခုန်ဆွခုန်ဆွသွားလာခြင်း၊ ခေါင်းကုတ်ခြင်း၊ အမြီးယမ်းခြင်း၊ ဖင်ကုတ်ခြင်း၊ ဖင်ပုတ်ခြင်း စသည့်မျောက်၏ သဘာဝပေါ်လွင်အောင် ကြိုးဆွဲနိုင်ရသည်။

ဇော်အကမှာ ကြိုးနည်း၍ ကကြိုးနည်းမည်ရှုကြည့်ဖွယ်ကောင်းမည် မဟုတ်ဟု ထင်မှတ်ဖွယ်ရှိသည်။ အရုပ်၏ ဖနောင့်တွင် ခဲသီးတတ်ထားသဖြင့် လွှတ်လိုက်သည့်အခါ ခဲ၏ အလေးကြောင့် ဒေါက်ခနဲ ဒေါက်ခနဲ ကျသည်။ ဤသို့ ခပ်ဆတ်ဆတ်ကနေခြင်းသည်ပင်လျှင် ကဟန်ဖြစ်တော့သည်။ တောင်ဝှေးကိုင်ထားသော ဇော်ဂျီရုပ်မှာ ဖနောင့်ကြိုးကို အသာအယာလွှတ်ပေးလိုက်လျှင် သူ့အလိုအလျှောက် နင်းချသွားသကဲ့သို့ ရှိသည်။

ပထမတွင် ရိုးရိုးနူနူကလေးပင် ကသည်။ တောင်ဝှေးကို ခါးထောက်၍ တောင်မြောက်မျှော်ကြည့်သည်။ ဝဲမှယာသို့ အရောက်ခုန်ပျံကျော်လွှားပြီး ကျွမ်းပစ်လိုက်သည်။ ထိုသို့ ကျွမ်းပစ်ပြီး မုဆိုးဒူးထောက်ကျလိုက်သည်။ ပြန်ထသောအခါ တောင်ဝှေးကို လွှှာချပြီး ဟီးလေးခို၍ထသည်။ ထိုနောက် ကင်းမြီးကောက်ထောင်ကာ ပြန်ချသည်နှင့် တစ်ပြိုင်နက် တောင်ဝှေးကို လက်နှစ်ဖက်စုံကိုင်ပြီး ပခုံးပေါ်သို့ ပစ်တင်လိုက်သည်။

ဇော်ဟန်ကြိုးကိုသုံးပြီးဆေးကြိတ်သည့်အကကို ကသည်။ ဆေးကြိတ်ရအောင်သီချင်းတွင် ဗုံကို ရှေးဦးစွာမတီးပဲ ပတ်မကြီးကို စ၍ 'ထီ' ကနဲဆိုင်းဝိုင်းက 'ပွိ'၊ လင်းကွင်းက 'ဂျာ'၊ ပတ်မကြီးကပြန်၍ 'ထီ' (ဆေးကြိတ်ရအောင်) ဆိုတော့ 'ထီပွိဂျာထီ'ဟု အသံထွက်လာသည်။ ဇော်ဂျီဆိုင်းကို ဆိုင်းဆရာတို့ကတပျော်တပါးတီးမှုတ်ကြသည်။ ဆေးကြိတ်ပြီး ဆိုင်းကလေးခင်းတီးသော် ဒူးလေးနန့်ကာကောက်ခနဲ ထလိုက်သည်။ ပြန်ထသည့်အခါ ညာခြေထောက်ကမြောက်ထားသော တောင်ဝှေးပေါ်ကိုပစ်တင်ကာ တစ်ပတ်လှည့်ပြီး ဝဲဘက်ကို မြေလူးကျွမ်းပစ်သည်။ လက်ယာဘက်သို့သွားသောအခါ ခါးလေးကုန်းပြီး ပြန်ထကာယာဘက်သို့ဆုတ်ပြီး ဆတ်ခနဲပက်လက်လှန်ချပြီး ရင်ကော့ကာခေါင်းလေးစောင်းပြီး ဝဲဘက်သို့ ပြန်သွားသည်။

ဇော်ဂျီသူငယောင်မနှင့် ပျော်ခန်းတွင်လည်း လေးခင်းကိုတီးပေးရသည်။ ဆေးကြိတ်ပြီးလျှင် ဆေးရသည်။ ထိုအခါ 'ဆေးက' ကသည့်အကကို လေးခင်းနှင့်ကရသည်။ ထိုနောက်လက်တန်းပေါ်တက်၍လျှောက်၊ အောက်သို့ဆင်း၊ ဇော်ဂျီဝင်သည့်လမ်းကို ကြည့်အနေဖြင့် နောက်သို့လှည့်ကြည့်သည်။ ပြီးမှအရုပ်ကြီးအရစ်ပတ်

ပြီးလျှင် ဆိုင်းချက်ကျကျတီးပြီး ဇော်ကိုတောင်ဆင်းတောင်တက် ဟန် ကြိုးဆွဲ၍ ရှေ့ကျွမ်းနောက်ကျွမ်းပစ်ပြီး ဝင်သွားသည်။ ဇော်က သိမ်းလျှင် ဗိန်းဗောင်းနှင့်သိမ်းရသည်။

ဆင်ရုပ်ကိုကြိုးဆွဲကပြရာတွင် ဆင်တို့၏သဘာဝပေါ်လွင် အောင် ယိမ်းဟန်ကိုကြိုးဆွဲရသည်။ နှာမောင်းထောင်၍ ကွန့်မြူး တတ်သည်။ ကွန့်မြူးသည့်အခါတွင် အရှေ့အနောက်တောင် မြောက်လေးဘက်လေးလံကို မှန်အောင်ကြိုးဆွဲရမည်။ ဆင်နှင့်ကျား သည်ထွက်သည့်အခါ သီချင်းကိုခုနစ်သံချိုကျနှင့် သီဆိုကာလေးခင်း နှင့်ကရသည်။

ကျားသည် ရှေ့နောက်ကျွမ်းပစ်၍ကသည်။ သားကောင်နှင့် တွေ့သည့်အခါတွင် သားကောင်ကို ချောင်းနေခိုက်အမြီးကို ရိုက်သည်။ အမြီးရိုက်ခိုက် ဆတ်ခနဲခုန်အုပ်ပြီးသားကောင်ကို ကိုက်ချီကာနောက်ဆုတ်နောက်ဆုတ်နှင့် လိုရာကိုဆွဲယူသွားပြီး သားကောင်ကို ကိုက်ချီကာမြောက်ကစားသည်။ မောပန်းသွား သည့်အခါ သားကောင်ပေါ်ကို လက်တင်ပြီးအမောအပန်းဖြေ၊ ဆိုင်းဆရာက ဗိန်းဗောင်းတိုက်သောအခါတွင် သားကောင်ကို တရကြမ်းကိုက်ခဲ ပြီး အလိုရှိရာသို့ဆွဲယူသွားလေသည်။

နဂါးသည် ကြိုးနှစ်ချောင်းတည်းဖြင့် လှုပ်ရှားရသော အရုပ် ဖြစ်သည်။ သို့သော် နဂါးကြိုးဆွဲကောင်းလျှင် နဂါး၏ဟန်ပန်ကြွယ် ပုံ၊ ဟန်ရေးခင်းပုံ၊ အမောက်ထောင်ပုံ၊ ပါးပျဉ်းထပုံ၊ မာန်ဖီပုံ၊ ဒေါသ ထွက်ပုံတို့ကို ကြိုးနှစ်ချောင်းတည်းဖြင့် ပြသနိုင်သည်။ နဂါးတို့ မည်သည် ရေကူး၊ မြေလူးကြိုးများကို ဆွဲရသည်။ အမြီးကိုထောင်ပြီး အနောက်ဘက်သို့ ပစ်တတ်ရသည်။ ကကြိုးကကွက်များ ဆွဲပြီး ပြန်ကျလာသောအခါတွင် အမြီးကိုလှည့်ပတ်ပြီး ဆတ်ခနဲ

ခေါင်းကလေး ထောင်အသက်ရှူဟန် ကြိုးကိုဆွဲရသည်။ ထိုကကွက်များကြည့်ပြီး ပရိသတ်က များစွာ နှစ်ထောင်းအားရဖြစ်သည်။ တချို့သော ရုပ်သေးစင်များတွင် နဂါးကို ကြိုးလေးကြိုး တတ်ဆွဲ၍ ကပြအသုံးတော် ခံသည်ကို တွေ့ရလေသည်။

ဂဠုန်သည်တောင်ဟုန်သံနှင့် ထွက်၍ကရသည်။ နဂါးသည် ဂဠုန်နှင့်တွေ့သောအခါ ရေထဲသို့ ငုပ်သွားသောဟန်၊ ဂဠုန်သည် နဂါးရှိရာကို ကောင်းကင်၌ ဝဲပျံနေသည်နှင့် သိနိုင်သည်။ နဂါးနှင့် ဂဠုန်သည်ပဋိပက္ခကောင်များဖြစ်ရာ ပရိသတ်၏ မျက်မှောက်တွင် ခိုက်ရန်ဒေါသဖြစ်ပွားကြသည်။ ဂဠုန်ကြိုးဆွဲသောအခါ အတောင် ခတ်တတ်ရမည်။ အစာချီသုတ်တတ်ရမည်။ နဂါးအပေါ် ဂဠုန်က တက်စီးသည်။ ထိုအခါ ဗိန်းဗောင်းသံနှင့် လှုပ်ရှားနေကြရလေသည်။ ဂဠုန်ကနဂါးကိုနိုင်သောအခါ အိုးစည်သံနှင့် ကရသည်။ ဤသို့ဖြင့် ဂဠုန်နှင့် နဂါးသည်ချာလည်ပတ်လည်လည်၍ လက်တန်း နောက်ကွယ်ပေါက်သွားလိုက်ပေါ် လာလိုက်နှင့် ထွေးလားလုံးလား ဖြစ်နေစေရသည်။

ဘီလူးအက ကြိုးဆွဲသည် စထွက်လာသည့်အခါကရောင်းကြ ယိုးဒယားဖြင့် ထွက်ရမည်။ ကြိုးဆွဲသောအခါက ရောင်းကြနှင့် ညီစွာအယိုင်ဆွဲရမည်။ အယိုင်ဆွဲပြီး အချိုးပြောင်းလိုက်သည့်အခါ ဘီလူးမာန်ထ၍ အသားတုန်ခြင်း၊ လက်သီးလက်မောင်းတန်းခြင်း၊ ခုန်ခြင်း ပြီးလျှင်လေးကွက်၊ လေးကွက်ကိုနင်းရမည်။ ဆိုင်းမှအချိုး ပြောင်းသည့်အခါတွင် ကရောင်းစိပ်ဝင်လာရသည်။ လေးကွက်စိပ် ကိုနင်း၍ ကြိုးဆွဲရမည်။

ဘီလူးကြိုးဆွဲအကတွင် နန်းဘီလူးနှင့် တောဘီလူးဟူ၍ နှစ်မျိုးရှိသည်။ တောဘီလူးမှာ ခက်ထန်ကြမ်းတမ်းပါသဖြင့် နန်း

ဘီလူးကဆုံးမပေးရသည်၊ ထိုသို့ဆုံးမရာတွင် တောဘီလူးက ဆုံးမသည်ကိုမခံနိုင်သဖြင့် တောင်ဆင်းတောင်တက်တွင် လိုက်၍ဆုံးမပေးရသည်။

ငှက်ကြီးဝန်ပိုရုပ်မှာကား ခြေတံရှည်လည်ဆန့်လန့်လိုက်သောအခါ ကိုယ်ထည်လည်းရှည်လျားလေသည်။ ထို့ကြောင့်ပျံဟန်တွင်လည်းကောင်း၊ ငါးကောက်ရာတွင်လည်းကောင်း၊ သဘာဝကျစေရန် ကြိုးဆွဲနှစ်ယောက်ဆွဲရလေသည်။ အချို့လည်းတစ်ယောက်တည်းဖြင့် ကျွမ်းကျင်စွာဆွဲရလေသည်။ ငှက်ကြီးဝန်ပိုထွက်သောအခါ ခြေဖျားထောက်၍ လှမ်းဟန်၊ ငါးရှာဟန်နှင့် ကိုယ်ကိုလှုပ်ရှား၍ ကပြရလေသည်။ ထို့နောက်ငါးကလေးတစ်ကောင် မြူးတူးဟန်မလှမ်းမကမ်းတွင် ထွက်လာပြီးနောက် ငှက်ကြီးဝန်ပိုက ငါးကိုချောင်း၍ဟပ်လေသည်။ ပထမတစ်ကြိမ်တွင် ငါးကိုမဟပ်မိပဲလွတ်သွားသောအခါတွင် ဆိုင်းကငိုချင်းဆိုင်းတီးလေသည်။ နောက်တစ်ကြိမ်တွင် ငါးကိုပြန်ဟပ်သောအခါတွင်ကား ငါးကိုဟပ်မိသွားသဖြင့် ဆိုင်းက ကကြိုးတီးပေးပြီး၊ ငှက်ရုပ်ကခြေက ကလေသည်။ နှုတ်သီးဖြင့် ငါးကိုကိုက်လျက်စောင်းငဲ့စောင်းငဲ့ဖြင့် ဆိုင်းချက်အလိုက်ကပြသည်။ အတောင်ကိုဖြန့်၍ လှုပ်၍ကသည်။ ခြေကိုဆန့်၍ လှုပ်၍ကသည်။ ထို့နောက်ငါးကိုကိုက်ချီလျက် ကားလိပ်နောက်သို့ ငှက်ကြီးဝင်သွားသည်။ ဤအခန်းမှာ ကလေးသူငယ်များ ပျော်ရွှင်အောင်ဖာတက်ကွက်ဆင်ပေးခြင်းပင်ဖြစ်သည်။

ဤသို့ဖြင့် 'ဟိမဝန္တာခန်း' ထွက်ပြီးသည့်အခါ 'ပြည်တည်'ရသည်။ ပြည်တည်သောအခါ ဝန်ကြီးများထွက်လာကြရမည်ဖြစ်၏။ ဝန်တမာ တကြိုးဟန်၍ အထူးအထွေမရှိချေ။ ရုပ်စုံစင်ပေါ်၌ ရုပ်စုံဆိုင်းသံနှင့်အတူ အနုပညာသဘောသက်ဝင်ရုံမျှ လှုပ်ရှားရခြင်း

ဖြစ်သည်။ ဝန်ကြီးသည် ဣန္ဒြေရုပ်ဖြစ်ရကား ခုန်ပျံလှုပ်ရှားကပြ၍ မဖြစ်ချေ။ ဆိုင်းမှုစည်းချက်နှင့် အညီလှုပ်ရှားပေးရုံမျှ ဖြစ်သည်။ ထိုထူးခြားသော ဝန်တို့၏ဟန်ကို 'ဝန်က' ဟူသော အကတစ်မျိုး ပင်ပေါ်ပေါက်လာသည်။

ထို့နောက် ဝန်ကြီးလေးပါး 'လွှတ်တက်ခန်း' ဖြစ်သည်။ ဝန်ကြီးတို့သည် တိုင်းရေးပြည်ရာတို့ကို ရာဇရေး၊ ဓမ္မရေး၊ လောကရေး တို့ကိုယှဉ်၍ ပြောဆိုဆွေးနွေးကြသည်။ ဓမ္မသတ်၊ ရာဇသတ်တို့ကို ဗဟုသုတကြွယ်ကြွယ်ဖြင့် ပြောဆိုတိုင်ပင်ကြသည်။ ဤအခန်းသည် ပြည်ရေးပြည်ခင်းအမှုကြီးငယ်တို့ ပြောဆိုဆွေးနွေးသောအခန်းဖြစ်သည်။ ဝန်ကြီးများလွှတ်တက်ပြီးသောအခါ 'နန်းဝင်' ရလေသည်။

**နန်းညွန့်ရှိန်၏ရှေးမြန်မာမင်းများ တိုင်းခန်းလှည့်လည်ခြင်းအကွက်များ**

ရှေးမြန်မာမင်းများသည် တိုင်းပြည်လှည့်လည်ကြည့်ကန်တော့ ခံထွက်ကြသည့် ထုံးတမ်းစဉ်လာရှိသည်။ ထိုသို့လှည့်လည်ရာတွင် မှူးမတ်၊ စစ်သည်ဗိုလ်ပါများဖြင့် ရှေ့ဝင်း၊ နောက်ဝင်းများခင်းကျင်း ခြံရံ၍ လှည့်လည်ကြမြဲအစဉ်အလာများရှိခဲ့သည်။

ထိုအစဉ်အလာကို သဘင်မဟာအမြင့် စင်တော်မင်္ဂလာ၌ ခင်းကျင်းကပြရာတွင် ပထမဦးစွာ မြင်းစေကျော်ထွက်ပြီး ထပ်ဆင့် ခြင်း၊ စည်ဆင့်ခြင်းများ ပြုရလေသည်။

❖ ထောက်လျက်အသေ၊ ဇာနည်ရဟု ကြိမ်ပြကာ
နှင်းလိုက်တော့. . . မြင်းစေကျော်တဲ့ . . . ဟော့
❖ အမြင့်ဇော်ညီ၊ စစ်သဘောချီတော့၊ ရှစ်ခေါ်
ပဏီ၊ တပ်မတော်အများ၊ အပေါင်းရန်မသီ

ရအောင်၊ ဒေါင်းအလံအနီကလေးစင်းထား၊ ရှေးမင်းများမပျက်၊ ရွှေခါးကောက်ကိုရှု၊ ငွေခါးမောက်သူနှင့် မင်းလှမင်းခေါင်၊ အတွင်းကမြင်းတစ်ထောင်ရန်၊ လက်နက်တစ်သောင်းကျော်ကိုယ်စီကိုင်ထားကြ. . .

❖ အကြပ်ခေါ် တပ်ဆော်က လေးယောက်တစ်စီး၊ သွေးသောက်ကြီးနှင့်စစ်ကဲ၊ စစ်ရဲတစ်သောင်းနှစ်သောင်းတို့ကို၊ ကောင်းခြင်းမင်္ဂလာပြုသည့်အခါ၊ ဗောင်းနားတောင်း၊ ဆင်တန်ဆာမပြတ်ကျစေနှင့် မင်္ဂလာအချုပ်အနီကျင်းပါတော့. . . ကသိမင်းအဆုံးသတ်၊ ဘုန်းဓာတ်နဲ့အချုပ်ထား၊ တရုပ်ကုလား၊ ရှမ်းလူမျိုးတို့၊ ပန်းသရဖူထိုး၍ညောင်ရေကိုလောင်း၊ အောင်စေကြောင်းအချိန်ညီတော့၊ ပန်းတိမ်၊ ပန်းချီ၊ ပန်းပဲ၊ ပန်းပု၊ ဆွဲစုကာ မြင်းအကျိုးအကာန်းမပါစေနဲ့၊ ထမင်းအိုးထမ်းသူလည်းပါရမယ်၊ တပ်မတော်ကြီးချီတက်တော်မူတဲ့ အခါမှာ၊ လူမျိုးစုံပါရမယ်။ ထမင်းအိုးထမ်းသူမြေနှစ်လွှာရှားမှာမို့ ကေသရာဇာအလား၊ ရွှေဂူအောင်သည့်နှယ်၊ ယူဇနာတစ်သောင်း၊ အင်သံနေမစောင်းခင်၊ မင်္ဂလာငွေမောင်းမပြတ်ဆော်ဟည်း၊ တပ်မတော်ကြီးချီတော်မူမည်. . .

❖ ရွှေတွင်း ငွေတွင်းပယင်ဒုတ္တာ၊ ရတနာခုနစ်ပါးအရှင်၊ လက်နက်စကြာငါးပါးသခင်သည်

ပုပ္ပရုံတဆင်တော်စီးပြီး၊ မြို့နယ်လှည့်လူ
ကြည့်ကန်တော့ခံ ထွက်တော်မူလိမ့်မည်။
❖ ရွှေကုံ့ကူထာတောင်ကျော်နှင့် နယ်ပုံတော်
ဆပ်သွားဖူး၊ ဓာတ်ကူးယူတော်မူလိမ့်မည်။
မည်နှစ်မည်ရပြီ . .
အပေါင်းရန်မသီရအောင် . . .
အောင်လံတော်ကြီးထူလိမ့်မည် . . .
❖ မည်ထုံးမည်ရပြီ . .
(ဆိုင်းဆင့်) မည်သုံးမည်အချိန်ကျပြီမို့ . . . စိန်နဝရတ်
ကနက်မဟီက . . . ဟဲ့ . . . ထွက်စည် . . .

ဟူ၍ ဆင့်လိုက်သည်နှင့် မြင်းစေကျော်နောက်တွင်စစ်သူကြီးစစ်ကဲ၊ ရှင်ဘုရင်ကဆင်စီးပြီးထွက်သည်။ ပြီးလျှင်ထီးတော်မိုး၊ အိမ်ရှေ့မင်းသား၊ ဝန်လေးပါး၊ ပုဏ္ဏားတော်များ၊ မိဖုရားပန်းရထားစီး၊ မောင်းမမိဿံခြံရံပြီးစစ်သည် ဗိုလ်ပါအလုံးအရင်းဖြင့်လှည့်လည်သည်ကို ခမ်းနားထည်ဝါစွာခင်းကျင်း ကပြလေသည်။

ဤသို့နှယ်မြန်မာ့ရုပ်သေးသဘင် အမြင့်စင်တော်ပေါ်မှ နန်းညွန့်ရှိန်၏ ရှေးခေတ်မြန်မာဘုရင်များတိုင်းလှည့်လူကြည့်ကန်တော့ခံခန်းသရုပ်ဖော်ကကွက်များသည် မြိုင်မြိုင်ဆိုင်ဆိုင်နှင့်စိတ်ဓာတ်တက်ကြွဖွယ်ရာကောင်းသကဲ့သို့ မြန်မာ့ဇာတိသွေးဇာတိမာန်ရှင်သန်ထက်မြက်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးနှလုံးသွေးလည်ပတ်မှုများနှင့်အတူ ပရိသတ်များအား ကြက်သီးမွေးညင်းထနိုးကြွားတက်ကြွစေရာ ခင်းကျင်းကပြမှုတစ်ရပ်ပင် ဖြစ်ပေတော့သည်။

## နန်းညွန့်ရှိန်၏ ကြိုးစွမ်းပြကကြိုးကကွက်များ

ရှေးမြန်မာဘုရင်များလက်ထက်တော်၌ ညီလာခံစုံသည့် ဗိုလ်ပုံအလယ်တွင် ဘား၊ ဆပ်ကပ်၊ ကျွမ်းထိုး၊ တိုင်တက်၊ မျက်လှည့် မျက်ကွယ်၊ မြွေအလမ္ပာယ်၊ ကခြေသည်မှမကျန် ဘုရင့်ရှေ့တော်တွင် တင်ဆက်ဖျော်ဖြေကြရပါသည်။ တင်ဆက်ပြီးသည့်အခါတွင် ဘုရင်မင်းမြတ်က ဧကက္ကဒါစောသဘောတော်ကျပါလျှင် ဆုလာဘ်များပေးသနားတော်မူခြင်း ခံရလေသည်။

တစ်ချိန်သောကာလ မြန်မာ့အမြင့်သဘင်ရုပ်သေးစင်တော်ပေါ်မှ ကြိုးတော်ဆွဲရုပ်သေးမင်းသားနန်းညွန့်ရှိန်၏ ရုပ်သေးကြိုးစွမ်းပြကကွက်များသည် လူသဏ္ဍာန်မူဟန်ပါလှသဖြင့် ပရိသတ်များ အထူးနှစ်သက်အားပေးခြင်းကို ခံခဲ့ရလေသည်။

### စည်ခတ်အက

စည်ခတ်အကကြိုးဆွဲသည် နန်းညွန့်ရှိန်၏ကြိုးစွမ်းပြကကွက်တစ်ခုပင်ဖြစ်သည်။ ရှေးခေတ်ဆရာ့ဆရာများ၏ အလွန်ရှားပါးတိမ်မြုပ်နေသည့် ကြိုးစွမ်းပြကကြိုးကကွက်များကို ယနေ့တိုင်အောင် ထိန်းသိမ်းထားနိုင်သည်မှာ ချီးကျူးဖွယ်ကောင်းလှသည်။ ထိုကြိုးစွမ်းပြကကွက်များကို ယနေ့မျိုးဆက်သစ်ရုပ်သေးကြိုးဆွဲများ လက်ဆင့်ကမ်း သင်ယူလေ့လာသင့်ပေသည်။

နန်းညွန့်ရှိန်၏ စည်ခတ်ကကြိုးကို နိဒါန်းပျိုးလိုက်ရပေသည်။

ပြည်တိုင်းကျော်အောင်လို့ စည်ပိုင်းတော်ခတ်
ကစားမှာမို့ . . ပထမအထူးကစားမှာကတော့
ပသျှူးသွား၊ ဒုတိယမှာတော့ ဝါးလတ်စည်း၊

တတိယမှာတော့ မြို့တော်ကြီးဘေးကင်းအောင်
လေးကင်းနှင့်ကစားမယ်. . .

ဟု၍ ပဏာမနိဒါန်းပျိုးလိုက်သည်။

စည်ခတ်ကစားသည့်အခါတွင် နန်းဝင်ကြိုးဖြင့်သီဆို၍ ကကြိုးကကွက်အမျိုးမျိုးဖြင့် စည်ခတ်ကစားလေသည်။

**သီချင်း**

ရွှေဘုန်းတော်တိုးပါလို့ . . . ဖြိုးဖြိုးရယ်ဝေ . . .
တိုင်းကြီး . . . တိုင်းကြီးကျက်သရေ . . .
အောင်ပါစေ . . . အောင်ကြပါစေ . . .
ရန်မျိုး . . . ရန်မျိုး . . . အောင်ပါစေ . . .
သပြေညောင်ရေလောင်းလို့လေ . . .
ပန်းသပြေညောင်ရေလောင်းစို့လေ . . .
လောင်းပင်သာလောင်းစို့လေ . . . ဟေး . . . ဟေး
နတ်များဒေဝါကူညီညာမှိုင်း . . . မတော်မူပါဘုရား . . .
ဘုရား . . .

သီချင်းအဆုံးတွင် ဆိုင်းမှစမုတ်ခံဖြင့် တီးပေးရလေသည်။

စည်ခတ်ကစားမည့် အရုပ်ကသလွန်ပေါ်တွင် ပက်လက်ကလေးလှန်ပြီးနေရသည်။ ထိုအချိန်တွင် စည်ပိုင်းကို လူပြက်တစ်ယောက်ကပင့်တင်ပေးရပါသည်။ ပင့်တင်ပေးလိုက်သည့်တစ်ပြိုင်နက်တည်း မင်းသားရုပ်ကလေးက အရှိန်ယူပြီး တီးလုံးတီးကွက်နှင့် တစ်ထပ်တည်းညီစွာ စည်ခတ်ကစားပါတော့သည်။

ထိုစည်ခတ်အကကြိုးဆွဲရာတွင် လက်နှစ်ဖက်မအားလပ်သဖြင့် ဒူးလေးကွေးနေအောင် ကြိုးဆွဲကဒူးကြိုးကို ခါးဆွပ်ဖြင့် ကိုက်ပြီး ထိန်းပေးထားရပါသည်။ ထိုသို့ထိန်းပြီးခတ်မှသာလျှင် ကိုယ်လိုချင်သည့်ပုံစံကို ရမည်ဖြစ်ပါသည်။

စည်ကိုခတ်တင်ပြီးသည့်အခါ ဘယ် သို့မဟုတ် ညာတစ်ဖက်တည်းဖြင့်ထောက်ထားရပါမည်။ ဘယ်ညာနှစ်စုံညီမျှမှသာ ကြိုးပီသမည်ဖြစ်ပါသည်။

ဝါးလတ်ဖြင့်ခတ်ပြီး တစ်ဖက်တည်းထိန်းလျှင်ဒူးကွေးကွေးလေးဖြစ်ရမည်။ အရုပ်ဒူးဆန့်နေလျှင် သဘာဝမကျပါ။ လူနှင့်မတူအရုပ်နှင့်သာတူနေပါမည်။ အရုပ်ကိုမထိန်းနိုင်လျှင် အရုပ်၏တင်ပါးမှာကြွနေပြီး ထိန်းနိုင်လျှင်တင်ပါးမကြွတော့ပါ။ အရုပ်တင်ပါးကြွနေလျှင် ကကြိုးမှာပီပြင်မှုမရှိတော့ပါ။ နန်းညွန့်ရှိန်၏စည်ခတ်ကစားသည့်ကြိုးစွမ်းပြကြိုးဆွဲနည်းများကို သူ၏တတိယမြောက်သင်ဆရာ တွံတေးဦးထွန်းလှိုင်ထံမှ သင်ယူတတ်မြောက်ခဲ့ခြင်းဖြစ်သည်။

**ဖုသိမ်ထီးအက**

ထီးအကမှာလည်း နန်းညွန့်ရှိန်၏ကြိုးစွမ်းပြကကွက်တစ်ခုပင်ဖြစ်ပါသည်။ ပွဲကြည့်ပရိသတ်၏အာရုံကို ဆွဲဆောင်စေခဲ့သည်။ နည်းကျစေဖို့ ထီးအကနှင့်အသုံးတော်ခံခြင်းဖြစ်ပါသည်။ ပထမဦးစွာပုသိမ်ထီးလေးကို ပခုံးပေါ် တွင်ထမ်းထွက်လာပြီး ပရိသတ်များအားဟိုကြည့်သည်ကြည့်လုပ်၍ နှုတ်ဆက်လိုက်လေသည်။

ထို့နောက်ထီးကလေးကို ဆတ်ခနဲဖွင့်ပြီး စတင်ကလေသည်။ အသုံး တော်ခံသည့်အခါမှာ "လေပြေဆော်သွေးမြူး" သီချင်းကိုသီဆိုပြီး ဆိုင်းကစုံစည်းဖြင့် တီးပေးရသည်။ ရင်လေးကော့ပြီးနောက်ဆုတ် ၍ကသည်။ အကွက်ကျကျလှပအောင် ထီးကလေးကိုဖွင့်ချည် တစ်ခါ ပိတ်ချည်တစ်လှည့်ဖြင့် အမျိုးမျိုးကြိုးဆွဲကပြအသုံးတော်ခံလေသည်။



နန်းညွှန့်ရှိန်၏ ပုသိမ်ထီးကြိုးဆွဲအက

**မင်းသားငယ်လေးနှင့်ကုလားထိုင်အက**

နန်းညွှန့်ရှိန်၏မင်းသားလေးနှင့် ကုလားထိုင်အကမှာ တစ်မူထူးခြားလျက်ရှိသည်။ မင်းသားလေးက ကုလားထိုင်ကို ကိုယ်တိုင်မယူလာကာ ရုပ်သေးစင်၏ အလယ်တစ်နေရာတွင် ချထားလိုက်သည်။ ပြီးလျှင် လက်လေးတစ်ဖက်ဖြင့် ကုလားထိုင်ဖျင်စကို ဖုန်ခါပြီးမှ ထိုင်လိုက်လေသည်။ ဘယ်ခြေက ညာခြေပေါ်သို့ ခြေခတ်တင်ပြီး ဒူးကလေးနှံ့နေသည်။ ထိုခေတ်ကာလက ခေတ်စားလျက်ရှိသည့် "ရေနံ့သာဦး" သီချင်းကိုသီဆိုပြီး ပါးလတ်စည်းဖြင့်က ရလေသည်။ ထိုသို့မကမီ ကုလားထိုင်လေးကိုမပြီး တစ်ဘက်သို့ ရွှေ့ထားလိုက်သည်။ ကပြီးသည်နှင့် ကုလားထိုင်လေးကို ပြန်ရွှေ့ပြီး ပြန်ထိုင်၍ အမောဖြေသည်။ ထိုနောက် တစ်ကျော့ပြန်ကသည်။ ထိုသို့ကနေရင်းမှ နောက်ဆုံးတွင် ကုလားထိုင်ပေါ်သို့ ကျွမ်းပစ်၍ ပွဲသိမ်းလိုက်လေသည်။

**ပန်းကွင်းခုန်အက**

ပန်းကွင်းခုန်အကသည် နန်းညွန့်ရှိန်၏ ကြိုးစွမ်းပြတွင်ပါဝင်သော ကကွက်တစ်ခုဖြစ်သည်။ ပန်းပွင့်ကလေးများဖြင့် လှပစွာဖွဲ့စည်းချည်နှောင်ထားသည့် ပန်းခွေကိုမင်းသားရုပ်ကလေးက လက်နှစ်ဖက်ဖြင့်ကိုင်၍ ထွက်လာသည်။ ဆိုင်းက "လေပြေဆော်သွေးမြူး" သီချင်းကိုတီးပေးသောအခါ အဆိုပိုဒ်တွင် ပန်းကုံးဖြင့် စည်းဝါးလိုက်ပြီး ဘယ်ညာစောင်းကာ အတီးပိုဒ်တွင် ကြိုးခုန်သကဲ့သို့ခေါင်းပေါ်ကို မကျော်စေဘဲ ရှေ့တိုးနောက်ဆုတ်ပြုကာ ပန်းကွင်းကိုလွတ်အောင်စည်းချက်နှင့်အညီ ခြေထောက်ကခုန်ခြင်းဖြင့် ကကြိုးကို ဆွဲနေခြင်းဖြစ်လေသည်။

**သုံးပိုင်းပြတ်ကြိုးစွမ်းပြကကွက်**

နန်းညွန့်ရှိန်၏ ကြိုးစွမ်းပြကကွက်များတွင် သုံးပိုင်းပြတ်ကကွက်မှာ တိမ်မြုပ်ပျောက်ကွယ်နေသော ရှားရှားပါးပါးကြိုးပညာတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် အံ့ဖွယ်ကောင်းသည်မှာ ကြည့်ရှုသူပရိသတ်အား တရားသံဝေဂယူသဘောဖြင့် မတည်မြဲသော ရုပ်ခန္ဓာကိုကြိုးပညာစွမ်းဖြင့်ပြသော သုံးပိုင်းပြတ်ပြကွင်းပြကွက်မင်ဖြစ်သည်။ ရုပ်သေးကြိုးဆွဲဆရာ၏ ကြိုးပညာပဥ္စလက်ဖြင့် မင်းသမီး၏ ဦးခေါင်းပိုင်းသည် ခန္ဓာကိုယ်နှင့်တစ်သီးတစ်ခြားစီဖြစ်ကာ ပြတ်သွားလေသည်။ တစ်ဖန် ခန္ဓာကိုယ်၏အောက်ပိုင်းလည်းပြတ်သွားပြန်ရာအရုပ်မှာ သုံးပိုင်းပြတ်ဖြစ်သွားလေတော့သည်။ ဦးခေါင်းပိုင်းနှင့်ခန္ဓာကိုယ်နှစ်ပိုင်းဖြစ်နေသည့်ကြားမှ လက်နှစ်ဖက်ဖြင့် ကပြနေသေးသည်။ သုံးပိုင်းပြတ်ကကြိုးကရန်ဇက်နှင့်ဦးခေါင်းကို ချိန်ရ

သည်။ ကြိုးကိုလက်မတွင် ရစ်ထားပြီးတစောင်ကြိုးနှင့်ယူရသည်။ က်ကိုငိုက်ချလိုက်ပြီးထလိုက်သည်နှင့် ခေါင်းပြတ်နေရာမှ ပြန်ဆက်သွားလေသည်။

သုံးပိုင်းပြတ်ကကြိုးကပြရခြင်းအကြောင်းအဓိပ္ပါယ်မှာ လောကတွင်လူတို့၏ ဖြစ်ခြင်းပျက်ခြင်းမမြဲခြင်းတရားအသိကို ပြတော့ ဝိပဿနာဖြစ်လေ၏ဟူ၍ ဖြစ်ပေသည်။ ဤသုံးပိုင်းပြတ် ကြိုးဆွဲ ပညာသည် ယနေ့ခေတ်တွင်ရှားရှားပါးပါးကွယ်ပျောက်နေ ချေပြီဖြစ်၏။ နန်းညွန့်ရှိန်၏ကြိုးပညာစွမ်းများကား အံ့မခန်းချီးကျူး ဖွယ်ပင် ဖြစ်ပေတော့သည်။

ထိုသုံးပိုင်းပြတ်ကြိုးဆွဲပညာကို သူ၏တတိယမြောက်သင် ဆရာတွံ့တေးဦးထွန်းလှိုင်ထံမှ သင်ယူတတ်မြောက်ခဲ့ခြင်းဖြစ်လေ သည်။

## အရုပ်နောက်ပြန်ကြိုးဆွဲကကွက်

အရုပ်နောက်ပြန်ကြိုးဆွဲအကသည် မြင်ရခဲ၊ တွေ့ရခဲ၊ ကြည့် ရခဲသော နန်းညွန့်ရှိန်၏အံ့မခန်းကြိုးစွမ်းပြကကွက်များပင်ဖြစ် သည်။ ထူးထူးခြားခြားကြည့်ရှုရသူပရိသတ်ဘဝင်တွင် အံ့ဩဘနန်း ဖြစ်ကြရသည်။ ထိုသို့ ကြိုးဆွဲကပြရာတွင် “သာညွန်းငှက်မောင်နှံ” သီချင်းဖြင့် ကပြရခြင်းဖြစ်သည်။

## အရုပ်နှစ်ရုပ်နှင့် လေးရုပ်တစ်ပြိုင်တည်းကြိုးဆွဲအက

မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင် နန်းညွန့်ရှိန်သည် ၁၃ နှစ်သား အရွယ်မှစ၍ ရုပ်သေးကြိုးဆွဲပညာများသင်ယူခဲ့သူဖြစ်သည်။ ဆရာ ကောင်းဆရာမွန်များနှင့်တွေ့ဆုံကာ ပညာဆည်းပူးသင်ယူခဲ့သူဖြစ်

၏။ ရုပ်သေးလောကတွင် နှစ်ကာလကြာမြင့်စွာကျင်လည်ခဲ့သူဖြစ်၍လည်းပညာအတွေ့အကြုံများက သူ၏ကြိုးဆွဲစွမ်းရည်များကို ပိုမိုတိုးတက်တောက်ပြောင်စေခဲ့သည်။ ထို့ကြောင့်လည်း အရုပ်လေးရုပ်တစ်ပြိုင်တည်းကြိုးဆွဲကပြနိုင်စွမ်းရှိခြင်းဖြစ်၏။ လေးရုပ်တစ်ပြိုင် တည်းကသော ကြိုးစွမ်းပြကကွက်ကပြရာတွင် သီဆိုသော တေးသီချင်းမှာ "ရွှေဘုန်းလေးလေ့ဘုန်းလေးဘုန်းတေဇာ" ဖြစ်သည်။

မင်းသားမင်းသမီးအရုပ်လေးရုပ် တစ်ပြိုင်တည်း ကြိုးဆွဲကရသည်ထက် ခက်ခဲနက်နဲသော ကြိုးဆွဲအကမှာ အရုပ်နှစ်ရုပ်တစ်ပြိုင်တည်းကြိုးဆွဲကပြရခြင်းဖြစ်သည်။ ရှုမတတ်ထူးမှမြတ်ဆိုသကဲ့သို့ ကျော်ချင်လျှင်ပေါ်ပင်သုံးသည့်ခေတ်ပေမို့ မင်းသမီးနှင့်မင်းသားအရုပ်လေးနှစ်ရုပ်သည် မင်းသမီးရုပ်ကရှေ့မှက၍ အနောက်မှမင်းသားရုပ်ကလေးက လက်ခုပ်လေးတီးပေးပြီးကပြခြင်းဖြစ်သည်။ ထိုအကအတွက် သီဆိုရသောတေးသီချင်းမှာ-

> မျှော်တိုင်းလေး . . . လေး . . . မျှော်တိုင်း . . .
> ညှိုညှိုညင် . . .
> မင်းနန္ဒာ၊ ရှင်မွေ့နွန်းတို့ . . .
> မြို့ရွှေတည် . . . ဟင် . . .
> မြို့ကြီးရွှေတည် . . .

ဟူ၍သီဆိုကပြအသုံးတော်ခံရခြင်းဖြစ်သည်။ သုတ်စည်းစည်းသုတ်ဝါးသုတ်ဖြင့်ကပြရပေသည်။

## နန်းညွန့်ရှိန်၏အခြေခံကကြိုးများ

မြန်မာ့ရုပ်စုံအမြင့်သဘင် ရုပ်သေးစင်တော်တွင် ရုပ်သေးကြိုးဆွဲကပြရာ၌ မင်းသားမင်းသမီးတို့၏ အခြေခံကကြိုးကကွက်များစွာ

ရှိသည့်အနက်အချို့ကို ဗဟုသုတဖြစ်ဘွယ်တင်ပြလိုပေသည်။ ထို ကကြိုးများအား အခြေခံထား၍ စနစ်တကျကြိုးဆွဲနိုင်ပါလျှင် မင်းသား၊ မင်းသမီးအကများ ကျွမ်းကျင်ပိုင်နိုင်မည် ဖြစ်ပေတော့ သည်။

ထိုအခြေခံကကြိုးများမှာ-

(က) ခြေစုံလက်စုံကြိုး

(ခ) ဘယ်ခြေညာလက်ကြိုး

(ဂ) ပတ်ပြေးကြိုး

(ဃ) မင်းသားလတ်ဟန်ပြေးကြိုး

(င) ခြေထွက်လက်ပစ်ကြိုး

(စ) ခြေစုံထိုးကြိုး

(ဆ) ခြေတက်ခြေဆင်းကြိုး (ပတ်ဝိုင်းအက)

(ဇ) အရုပ်ယိုးဒယား၊ လူယိုးဒယား (ယိုးဒယားဟန်တို့သည် ရှေးမူများပင် ဖြစ်ပါသည်။)

(ဈ) ထိုင်လျက်ဒူးတုပ်ကြိုး

(ည) သယောထိုးကြိုး

တို့သည်တို့ဖြစ်သည်။

အရုပ်၏အဆက်အလျော့အတင်းညီမျှမှသာ ပီသစွာကြိုးဆွဲ နိုင်ပေသည်။ အရုပ်တွင်ဆင်ယင်ထားသည့် အဝတ်မှာလည်းမူဟန် ပါပါနှင့်လူသဏ္ဍာန်ဖြစ်ရပါမည်။ အဝတ်၏အကျစ်အပွပေါ်မှာ လည်းမူတည်သည်။ ကျစ်လျှင်အရုပ်ဆွဲ၍မလိုက်သဖြင့် အကျစ်အပွ ကိုညီမျှစွာပြုလုပ်ခြင်းအားဖြင့် ကြိုးဆွဲရာ၌လိုသလိုကြိုးဆွဲရနိုင်မည် ဖြစ်ပါသည်။

**အရုပ်ကတော့လူနှင့်တူရမည်။**
**လူကတော့အရုပ်နှင့်တူရမည်။**

ဟူသောဆိုစကားရှိသည်။ အမြင့်သဘင်ရုပ်သေးစင်တော်ပေါ်၌ ရုပ်သေးကရာတွင် ဇာတ်မင်းသားများ၏ ဟန်ပန်များကို အတုအပ ယူ၍ကပြလေ့ရှိကြသည်။

ထိုခေတ်ကာလက ဇာတ်မင်းသားဦးကျီးဖြူလမ်းသွားသည့် ဟန်ကို ကြိုးဆွဲဆရာတိုင်းမကတတ်ကြချေ။ အကြောင်းကား ဇာတ်မင်းသားဦးကျီးဖြူသည် ညာခြေထောက်သန်သော်လည်း ဘယ်ခြေထောက်မှာ မသန်ရှာပေ၊ ဆွဲ၍သွားနေရသည်။ အမှန်တကယ် ကရသည့် အချိန်တွင်မူ ခြေမသန်သည်မှာ ပျောက်နေလေသည်။ ထိုပုံစံကို အတုယူကာ ရုပ်သေးကရာတွင် ဇာတ်မင်းသားဦးကျီးဖြူအကအတိုင်း ကြိုးဆွဲကပြကြလေသည်။

ရုပ်သေးကြိုးဆွဲများအတုယူကရသော ဇာတ်မင်းသားတစ်ဦးမှာ ရွှေဂုံမြို့သတင်းကျော်သည့် မင်းသားမော် ဦးစိန်အောင်မင်း အရွယ်ကောင်းစဉ်က ဇာတ်စင်ပေါ်တွင် မင်းသားလတ်ဟန်ဖြင့် ဖိနပ်လေးစီးပြီး ဖျတ်ဖျတ်နဲ့သွားတဲ့ဟန် ကြိုးဆွဲရာတွင် အရုပ်မခါရချေ၊ မယိုင်ရချေ။ တန့်နေရမည်ဖြစ်သည်။

ဇာတ်မင်းသားကြီးဦးအောင်မောင်းသွားဟန်မှာ ခြေကိုခတ်ပြီးဆတ်ခနဲဆတ်ခနဲသွားသည်။ နောက်သို့ဆုတ်လျှင်မူမာန်ဆုတ်ကလေးနှင့်ခြေသိမ်းပြီး ခြေဖျားလေးထောက်ကာ ညာဘက်ကောက်လှည့်ပြီး၊ ခြေဖျားထောက်ပြီးလျှင် ဘယ်ကိုပြန်လှည့်ပြီး ကြိုးဖြေချလိုက်သည်။ ဘယ်ရစ်ပြီးညာခြေထောက်ဖြင့် လှည့်ပြီး ကြိုးကိုဖြေလိုက်ရသည်။

**နန်းညွန့်ရိုန်နှင့်အတူ တွဲကခဲ့သောမင်းသမီးများ ဆိုင်းနှင့်ရုပ်စုံစင်တော်များ**

သဘင်တွင်အမျိုးအစားသုံးမျိုးရှိသည်။ ယင်းတို့မှာ-အက သဘင်၊ အဆိုသဘင်၊ အတီးသဘင်ဟူ၍ဖြစ်သည်။ ထိုသုံးရပ်နှင့် ကင်းလွတ်သည်ဟူ၍ မရှိချေ။ ဆယ့်သုံးနှစ်သားအရွယ်မှစ၍ မြန်မာ့ရုပ်သေးသဘင် အနုပညာရေစီးကြောင်းတွင် ခရီးနှင်နေသော နန်းညွန့်ရိုန်သည် သူ့ဘဝစုန်ဆန်ခရီးလမ်းတွင် တွေ့ကြုံလက်တွဲခဲ့ရသော အနုပညာရှင်များသည်ပင်လျှင် သူ့ဘဝ၏ ဇာတ်ပို့များဟုဆိုရမည်ဖြစ်ပေသည်။

နန်းညွန့်ရိုန်ပါဝင်ကခဲ့သော ရုပ်သေးစင်တော်များမှာ-ဟန်ပါဒါမောင်ညွန့်၊ ဦးစံပယ်လှိုင်၊ ပုဏ္ဏားပျံဦးကျော်အေး၊ ညောင်တုန်းဘကျော်၊ ရွှေဟသာမောင်ထွန်း၊ စလင်းဘကျော်၊ ဆဒ္ဒန်မြဟန်၊ ကိုထွားစိန်၊ ရွှေမန်းတင်အောင်တို့ဖြစ်သည်။

ရုပ်သေးအဖွဲ့နှင့်အတူ ဇာတ်ပို့တေးဂီတဆိုင်းအဖွဲ့များလည်း ရှိသေးသည်။ ထိုဆိုင်းအဖွဲ့များကား ကျိုက်လတ်ဦးအုန်းဖေ၊ ကျိုက်လတ်ဦးခင်လေး၊ ကံပတ်ရိုးဦးဘသောင်း၊ ဘိုကလေးဦးဘကျောက်၊ ဘိုကလေးဦးကျောက်စိမ်း၊ တွံတေးစိန်လယ်ဂျာဦးစံကြည်၊ တွံတေးစံမတူ၊ စိန်ကြည်မြ၊ ရွှေမြိုင်သန်း၊ စိန်လှထွန်းတို့ဖြစ်သည်။

နန်းညွန့်ရိုန်ကခဲ့သော ဇာတ်ထုပ်ဇာတ်လမ်းများစွာရှိသည့် အနက် ဇာတ်ထုပ်အချို့ကိုတင်ပြရပေသည်။

(၁) သီရိမဗ္ဗာသောကမင်းကြီး (ဝါ) တိဿမဗ္ဗဇာတ်ကြီး
(၂) ကောလိယဇာတ်ကြီး (ဝါ) ရှင်သီဝလိဖွားတော်မူခန်း
(၃) ဖိုးသီရွှေနာဂီဇာတ်ကြီး (ဝါ) ဒန်းစီးမောင်နှမဇာတ်ကြီး
(၄) သုဝဏ္ဏသာမဇာတ်ကြီး
(၅) ဝိဓူရဇာတ်ကြီး

(၆) ဘူရိဒတ်ဇာတ်ကြီး
(၇) ဝေဿန္တရာဇာတ်ကြီး
(၈) စန္ဒသူရိယမင်းကြီး(ကောထပ်မုနိ၊ ဓမ္မမုနိ)ဇာတ်ကြီး
(၉) သတိုးကိုရှောင်အောင်မင်းခေါင်ဇာတ်
(၁၀) ကောသရာဇာခြသေ့်ဇာတ်
(၁၁) ရှမ်းစော်ဘွားကြီး(ကလျာဏီသိမ်)ဇာတ်
(၁၂) ဝင်ကိုးဝင်ဇာတ်ထုပ်များ
(၁၃) ထိုးဇာတ်များ
(၁၄) ဒုဋ္ဌဂါမဏိဇာတ်
(၁၅) အဿကုမ္ဘာဇာတ်
(၁၆) အင်းဝဇာတ်
(၁၇) အလောင်းတော်ငါးပါးဇာတ်
(၁၈) စကြာမင်းကလေးဇာတ် တို့ဖြစ်သည်။

နန်းညွှန့်ရှိန်နှင့်အတူ တွဲကခဲ့သောမင်းသမီးများမှာ-

(၁) မမြအေးကြည်
(၂) မကျော်ဗလ
(၃) မအုန်းစိန် (ယိုးဒယားမအုန်းစိန်)
(၄) မအောင်မေမြင့် (ဇာတ်မင်းသမီးကြီး)
(၅) မဒေါင်းယဉ်ရွှေ
(၆) မငွေစိန် (ရှမ်းမလေးမငွေပန်)
(၇) မအောင်မြကြည်
(၈) ယုဇနမအုန်းခင် တို့ဖြစ်ပေသည်။

တစ်ချိန်သောကာလက ရုပ်သေးစင်တော်များတွင် နန်းညွှန့်ရှိန် တွဲကခဲ့သော မင်းသမီးများအနက် ဒေါ်ဒေါင်းယဉ်ရွှေသည် တွံတေး

မြို့တွင် နေထိုင်လျက်ရှိပြီး ယနေ့တိုင်အနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။

**ဘကြွယ်စတင်တင် (ခေါ်) ဒေါ်ဝင်းယဉ်ရွှေ**

ရုပ်သေးခေတ်ကောင်းစားနေစဉ်ကာလအတွင်း ရုပ်သေးမင်းသားနန်းညွန့်ရှိန်နှင့်အတူ တွဲကခဲ့သော မင်းသမီးများအနက် ယနေ့တိုင်သက်ရှိ ထင်ရှားရှိနေသေးသည့် မင်းသမီးဒေါ်ဝင်းယဉ်ရွှေသည် ဆိုငိုပြောအနုပညာနှင့်ပင် အသက်မွေးဝမ်းကျောင်းလျက်ပင်ရှိသည်။

မင်းသမီးဒေါ်ဝင်းယဉ်ရွှေကို နိုင်ငံကျော်ဇာတ်မင်းသားကြီးဦးအောင်မောင်းဇာတ်မှ အဘလူရွှင်တော်ဦးတောင်ကြီးနှင့် အမိဒေါ်စောနန်းကျင်တို့က မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်တွင် တောင်ပိုင်းရှမ်းပြည်နယ်၊ မိုင်းပန်မြို့၌ မွေးဖွားခဲ့သည်။ ငယ်နံမည်မှာ မတင်တင်ဖြစ်သည်။

မန္တလေး၊ ပန်တျာကျောင်းသို့တက်ချင်သဖြင့် ဖခင်ဖြစ်သူအားပူဆာခဲ့လေသည်။ ထိုအချိန်က မတင်တင်မှာ (၁၂) နှစ် သမီးအရွယ်သာရှိသေးသည်။ သူမသည် စာမတတ်သဖြင့် ပန်တျာကျောင်းသို့တက်ရောက်ခွင့်မရရှာပေ။ သို့သော်လည်း စိတ်ဓာတ်မကျခဲ့ပေ။ ထိုပန်တျာကျောင်းမှ ဆရာမဒေါ်လှလေးစိန်ထံ အပ်နှံပေးခဲ့သဖြင့် ဆရာမနောက်မှ ဆွဲခြင်းတောင်းကိုင်အဖော်အဖြစ် နေ့စဉ်ကျောင်းသို့ လိုက်ပါခွင့်ရခဲ့သည်။ သင်တန်းသားများအား သင်ကြားပြသပေးနေစဉ် မလှမ်းမကမ်း ပြင်ပတစ်နေရာမှနေ၍ အတုယူလေ့ကျင့်ခဲ့ရသည်။ မတင်တင်သည် ဆရာမဒေါ်လှလေးစိန်နောက်မှ လိုက်ပါရင်းအကပညာများကို သုံးနှစ်သုံးမိုးကြာသည်အထိ

လေ့ကျင့်သင်ယူကာတတ်မြောက်ခဲ့လေသည်။ ထိုအချိန်မှစ၍ ပန်တျာနေပြည်တော်တင်ဝင်းဇာတ်တွင် ကမ္ဘောဇတင်တင်အမည်ဖြင့် ညကြေးငါးကျပ်စား ယိမ်းသမလေးဘဝ ဖြစ်လာလေသည်။

ဖခင်လူရွှင်တော်ဦးတောင်ကြီးမှာ မိတ္ထီလာသို့ပြန်လည်ပြောင်းရွှေ့ခဲ့ပြန်ရာ ထိုမြို့မှာပင် "ဘာသာလေးထွေ ဒေါင်းယဉ်ရွှေ"အမည်ဖြင့် အငြိမ့်ထောင်ကာကခဲ့လေသည်။ ဒေါင်းယဉ်ရွှေ (၁၈) နှစ်သမီးအရွယ်တွင် တွံတေးမြို့သို့ရောက်ရှိခဲ့ပြီး ရုပ်သေးမင်းသားကြီးရွှေမန်းကြိုင်၏သား ပတ်တီးဆရာဦးမြတ်စိုးနှင့် အိမ်ထောင်ပြုခဲ့လေသည်။ ထိုအချိန်မှစ၍ ရုပ်သေးလောကတွင် ဆိုင်ပြောမင်းသမီးဒေါင်းယဉ်ရွှေအမည်ဖြင့် အငြိမ့်သဘင်မှ ရုပ်သေးသဘင်သို့ ကူးပြောင်းခဲ့လေသည်။

ရုပ်သေးဆိုင်ပြောမင်းသမီးဒေါင်းယဉ်ရွှေသည် လူကြမ်းမင်းသားကြီးဝိဇ္ဇာအေး(ဦးစိန်အေး)ထံမှ ဇာတ်စာ၊ ဇာတ်သီချင်းများကိုနှုတ်တက်အလွတ်ရအောင်သင်ယူရသည်။ သူမလိုက်ပါခဲ့သောရုပ်သေးစင်များမှာ ရန်ကုန်ဦးရဲဒွေးရုပ်သေးမိုးပျံနှစ်ထပ်စင်၊ ရန်ကုန်ဝိဇ္ဇာညွန့်ရုပ်သေးစင်၊ ဒဂုန်အောင်အမှတ် (၂) လူရွှင်တော်ဦးကျော်ကြီးစင်တွင် မင်းသမီးကြီးဆွဲ ဟသ်ာတချန်ပီယံဦးမြမောင်၊ ခေတ္တရာအောင်ကျော်စိန်တို့နှင့် တွဲဖက်ကခဲ့သည်။

လူရွှင်တော်ဦးကျောက်မီး၏သား တွံတေးမောင်ထွန်းလှိုင်ရုပ်စုံစင်တော်တွင် မင်းသားကြီးဆွဲ နန်းညွန့်ရှိန်၊ စိန်လှရီ၊ တင်မြင့်စိန်၊ ဝိဇ္ဇာသွင်တို့နှင့် တွဲဖက်ကခဲ့ရသည်။ ရုပ်သေးမင်းသားနန်းညွန့်ရှိန်နှင့်တွဲ၍ ဒန်းစီးမောင်နှမဇာတ်ထုပ်တွင် မောင်ဖိုးသီ၏အမဖြစ်သူ ရွှေနာဂီဇာတ်ရုပ်ကို ပီပြင်အောင်ဆိုင်ပြောဖြင့် သက်ဝင်

လှုပ်ရှားစေခဲ့သည်။ တောကြီးမျက်မည်းထဲ၌ ရွှေနာဂီသီဆိုခဲ့သော ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ကို ဖော်ထုတ်တင်ပြလိုက်ရပေသည်။

(တစ်ယောက်တည်း . . အဖော်မပါတယ် . .
သွား . . ရှာပေါ့ . . ဝေးမြေရပ်ခြား . . )၂
ပန်းသဇင်ညှာ . . ခွာပျံကာသင်းတယ်ကိုလေး . .
မြိုင်အတွင်း . . တောရဂုံဘွေ . . ငှက်ရွှေကျေး
တို့လို . . သူတို့လို . . ဖော်ကမစုံ . .

ရွှေနာဂီမှာမောင်လေးဖြစ်သူမောင်ဖိုးသီ၏ အလောင်းကို တွေ့လေလျှင် ကြေကြေကွဲကွဲလွမ်းချလိုက်သည်မှာ . .

ကံ . . ကံကြမ္မာ . . ဖန် . . ဖန်လာ . .
ဇာတာညီညစ်မျိုးမစစ်တဲ့နွယ် . . ဇမ္ဗူလေးရယ် . .
ကယ်သူဖြင့်ဝေးပါပေါ့လား . .

ရွှေနာဂီ၏ငိုချင်းသည် ပွဲကြည့်ပရိသတ်များအား မျက်ရည်မထိန်းနိုင်အောင်ဖြစ်ခဲ့သည်။ ရုပ်သေးမှာ အသံဟုဆိုသကဲ့သို့ ဒေါင်းယဉ်ရွှေ၏ ဆိုငိုပြောအသံပညာဖြင့် ဇာတ်ဝင်အရုပ်ကလေးများအား သက်ဝင်လှုပ်ရှားစေသည်။ ထို့ပြင်ပွဲကြည့်ပရိသတ်များ၏ နှလုံးသားကိုပင် ဖမ်းစားနိုင်ခဲ့လေသည်။

ရုပ်သေးခေတ်အငြိမ့်ခေတ် မှေးမှိန်တိမ်မြုပ်ခဲ့သော်လည်း ဒေါင်းယဉ်ရွှေစိတ်မပျက် အားမငယ်ပါချေ။ သူ၏အသံပညာဖြင့် ရိုးရာနတ်ကန္နားပွဲများတွင် ဆိုင်းအဖွဲ့နှင့် အဆိုရှင်အဖြစ်လိုက်ပါလျက်ရှိသည်။ ဘုန်းကြီးပျံယောင်ကျူးတွင်လည်း ဒေါင်းယဉ်ရွှေပင်ဖြစ်၏။ ယခုအခါအသက်အားဖြင့် ၆၀ ကျော်ပြီဖြစ်သော ဒေါင်းယဉ်ရွှေသည် အငယ်ဆုံးသားကြေးတီးဆရာ ကိုဘိုဝင်းနှင့်အတူ တွံတေး၊ အိုးဘိုရပ်ကွက်တွင် နေထိုင်လျက်ရှိသည်။ သူ၏အနုပညာဘဝခရီး

ကားရှင်သန်လှုပ်ရှားနေဆဲပင်ဖြစ်၏။ သူ၏တေးသံများကားဒေါင်း အိုးဝေအလားချိုမြပျံ့လွင့်နေဆဲပင်ရှိပေသည်။

## ယဉ်ကျေးမှုတက္ကသိုလ်တွင်ရုပ်သေးအကြံပေး တာဝန်ထမ်းဆောင်ခြင်း

၁၉၉၅ ခုနှစ်၏ နွေကာလတွင်ဖြစ်သည်။ ရန်ကုန်လသာ အထက(၂)မြညီလာခန်းမတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထူးချွန်ကြက်ခြေနီလူငယ်များအား တည်ခင်းသည့် ဂုဏ်ပြုညစာ စားပွဲကျင်းပခြင်းဖြစ်သည်။ ခန့်ညားထယ်ဝါလှသော မြန်မာ့ဆိုင်းဝိုင်း ၏ ဝိုင်းတော်တီးမှာ စိန်လှငွေဖြစ်သည်။ နန်းညွန့်ရှိန်ရုပ်စုံသဘင် အဖွဲ့အား ဦးဆောင်သူမှာ အမျိုးသားစာကြည့်တိုက်မှူး ဦးခင် မောင်တင် (ငြိမ်း) ဖြစ်၏။ ထိုရုပ်စုံစင်တော်အဖွဲ့တွင် ကြိုးတော်ဆွဲ နန်းညွန့်ရှိန်၊ မင်းသားရွှေကြည်၊ မင်းသမီးမစိန်ဌေး၊ ကြိုးဆွဲမရင်ရွှေ၊ မောင်ဇော်မင်း၊ လူရွှင်တော်မင်္ဂလာနှင့် မောင်သန်းထွေးတို့ပါဝင်ပြီး ညှိခံဖျော်ဖြေ တင်ဆက်ပွဲပင်ဖြစ်သည်။

ထူးချွန်ကြက်ခြေနီလူငယ်ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင်တက်ရောက်အား ပေးချီးမြှင့်ခဲ့လေသည်။ ရုပ်သေးအဖွဲ့မှာ အချိန်ငဲ့ရသဖြင့် အပျိုတော်၊ မြင်း၊ မျောက်တို့ကို တစ်မိနစ်ခန့်စီသာ ကပြနိုင်ခဲ့သည်။ သို့သော်လည်း နန်းညွန့်ရှိန်၏ ဇော်ကြိုးဆွဲကိုမူ (၇)မိနစ်ခန့် အချိန်ယူ ကပြနိုင်ခွင့်ရလေသည်။ ဇော်ကအပြီးတွင် စိန်လှငွေဆိုင်း အဖွဲ့မှ လေးခင်းသံနှင့်အတူ မီးကွင်းအကကို ခဲရာခဲဆစ် ရှားရှား ပါးပါးကြိုးဆွဲကပြ တင်ဆက်လိုက်လေသည်။ ဝန်ကြီးချုပ်မှ စိတ်ဝင် စားကာ ဆက်လက်ကြည့်ရှုလိုကြောင်းသိရသဖြင့် ပရိသတ် စိတ်ဝင် စားဖွယ်အစီအစဉ်သစ်တစ်ခုကို ချက်ချင်းစီစဉ် လိုက်လေသည်။

ခန်းကကွက်မှာ ရှေးမြန်မာမင်းများတိုင်းပြည် လှည့်လည် လှူကြည့်ကန်တော့ခံအခန်းကို တင်ဆက်ကပြခြင်းပင်ဖြစ်၏။ ထိုကကွက်မှာ ဦးစွာပထမ မြင်းစေကျော်ထွက်သည်။ သူ့နောက်မှ စစ်သူကြီး၊ စစ်ကဲကြီး၊ ရှင်ဘုရင်က ဆင်စီးပြီးထွက် တော်မူခြင်း ဖြစ်၏။ တစ်ဆက်တည်းမှာပင် ဘုရင့်ထီးတော်မိုး၊ အိမ်ရှေ့မင်းသား၊ ဝန်လေးပါး၊ ပုဏ္ဏားတော်များ၊ ပန်းရထားပေါ်မှ မိဖုရားနှင့် မောင်းမမိဿံခြံရံ ခင်းကျင်း၍ ခမ်းနားထည်ဝါစွာ တင်ဆက်ကပြ ဖျော်ဖြေခြင်းဖြစ်သည်။ မြန်မာ့ဇာတိသွေးဇာတိမာန်နှင့် ထီးမူ နန်းဟန်မြင်ကွင်းသည်ကား ကြက်သီးမွေးညင်းထအံ့မခန်း စရာပင်ဖြစ်၏။ ကြည့်မဝရှုမဝနိုင်အောင်ပင်ဖြစ်သည်။ နောက် ကကွက်တစ်ခုမှာ ကုလားထိုင်နှင့် စတိုင်ထုတ်သည့်အကဖြစ်သည်။ မင်းသားကကိုယ်တိုင်ကုလားထိုင်သယ်ယူလာပြီး ဖျင်စကိုဖုတ်ခါပြီး မှထိုင်လိုက်သည်။ ခေတ္တနားပြီးမှကလေသည်။ တစ်ဆက်တည်း မှာပင် စည်ခတ်အက၊ ထီးအကများကပြခဲ့သည်။ နန်းညွန့်ရှိန်သည် အရွယ်ကြီးလာပြီဖြစ်သော်လည်း ဖွဲလုံ့လကြီးမားလှသည်။ မိမိ တတ်ကျွမ်းထားသည့် ပညာရပ်အပေါ် အလေးအနက်ထား ဂရုစိုက် အားထုတ်လေ့ရှိသည်။ သူ၏ကြိုးစွမ်းပြကကွက်များတွင် အရုပ် နောက်ပြန်ကြိုးဆွဲအက၊ အရုပ်နှစ်ရုပ်နောက်ပြန်ကြိုးဆွဲအကနှင့် အရုပ်လေးရုပ်တစ်ပြိုင်တည်း ကြိုးဆွဲအကများသည် အံ့မခန်းချီးမွမ်း ဖွယ်ဖြစ်ပေသည်။

ဖျော်ဖြေရေးအစီအစဉ်ပြီးလျှင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆရာကြီးနန်းညွန့်ရှိန်ထံသွားရောက်ပြီး အားရနှစ်သက် စွာ တွေ့ဆုံနှုတ်ဆက်အားပေးလေသည်။

" ဆရာကြီးအသက်ဘယ်လောက်ရှိပြီလဲ၊ ဘာလုပ်ကိုင်စားသလဲ"

ဟု မေးမြန်းလေရာ၊ ဆရာကြီးနန်းညွန့်ရှိန်က

" ကျွန်တော် အသက် ၆၀ ကျော်ပါပြီ။ တောင်သူလယ်သမားတစ်ဦး ဖြစ်ပါတယ်။ ဝါသနာအရ တတ်ကျွမ်းထားတဲ့ ဘိုးဘွားအမွေ ရုပ်သေးပညာ မတိမ်ကော၊ မပျောက်ကွယ်ရလေအောင် ကပြနေခြင်းသာဖြစ်ပါတယ်"

ဟု ပြန်လည် ဖြေကြားခဲ့လေသည်။

" ဆရာကြီးကို ဘယ်သူခေါ်လာခဲ့သလဲ"

ဟု မေးမြန်းပြန်ရာ။ အမျိုးသားစာကြည့်တိုက်မှူး ဦးခင်မောင်တင်က နိုင်ငံကျော်ဆိုင်းပညာရှင် စိန်ဗိုလ်တင့်မကွယ်လွန်မီက ပြောခဲ့ဖူးကြောင်း၊ တံတားမြို့နှင့် ၂ မိုင်ခန့်အကွာ ဇီးဖြူကုန်းရွာတွင် ရုပ်သေးဆရာကြီးတစ်ဦး ရှိကြောင်းပြောခဲ့ဖူးသဖြင့် မိမိ ကိုယ်တိုင်သွားရောက် ခေါ်ယူခဲ့ကြောင်း ရှင်းလင်းတင်ပြလေသည်။

ထူးချွန်ကြက်ခြေနီလူငယ်များ ဂုဏ်ပြုညစာစားပွဲပြီးဆုံးပြီးနောက်မကြာမီတွင် နန်းညွန့်ရှိန်သည် ယဉ်ကျေးမှုတက္ကသိုလ် ရုပ်သေးအကြံပေးဆရာရှိအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရလေသည်။ ပြောင်းလဲခြင်းဖြစ်စဉ်တရားကား လျင်မြန်စွာပြောင်းလဲသွားတော့သည်။ အနုပညာရပ်တို့၏ ဂုဏ်နှင့်တန်ဖိုးကားကြီးမားလှပါပေ၏။

မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် ဦးချင်းတောင်အား မဒုသဒ္ဒရွှေတောင်ကျော်သူဘွဲ့တံဆိပ်တော်ပေးသနားခြင်းခံယူရဘိသကဲ့သို့ ယနေ့နန်းညွန့်ရှိန်သည်လည်း ထင်ပေါ်၍ စင်တော်ကောက်ခံရခြင်းပင်ဖြစ်ပေတော့သည်။



**မြဝတီဖန်သားပြင်ပေါ်က နန်းညွန့်ရှိန်၏ကြိုးစွမ်းများ**

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်း၍ အကောင်အထည်ဖော်ကျင့်သုံးရာတွင် မိမိနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်အမြောက်အမြား ဝင်ရောက်လာရေးသည်လည်း အဓိကလိုအပ်ချက်တစ်ရပ်ပင်ဖြစ်ပေသည်။ ထို့ကြောင့်လည်း ၁၉၉၆ ခုနှစ်ကို မြန်မာ့ခရီးသွားနှစ် (Visit Myanmar Year) အဖြစ် နိုင်ငံတော်က သတ်မှတ်ခဲ့ ခြင်းဖြစ်သည်။

မြန်မာတို့၏ မြန်မာ့ယဉ်ကျေးမှုလက္ခဏာနှင့် အနုပညာများ မည်မျှကြွယ်ဝသည်ကို နိုင်ငံခြားသားများအား ပြသရန် ကြိုးပမ်းကြသည်။ ထိုကြိုးပမ်းချက်တွင် မြန်မာ့အမြင့်သဘင် ရုပ်သေး

စင်တော်တို့၏ အခန်းကဏ္ဍသည်လည်း တစ်ခန်းတစ်ကဏ္ဍအနေဖြင့် ပါဝင်လေသည်။

ရှေးမြန်မာဘုရင်များလက်ထက် ထီးသုံးနန်းသုံးတော်ဝင်ခဲ့သည့် မြန်မာ့အမြင့်သဘင် ရုပ်စုံစင်များ၏ ခင်းကျင်းကပြမှု အနုပညာရသများ ပြန်လည်ပွင့်လန်းဝေစည်စေ၏။ သင်းထုံမွှေးပျံ့စေ၏။ ချစ်ခင်နှစ်လိုဖွယ် မူဟန်ပါပါနှင့်လူသဏ္ဌာန်လှုပ်ရှားကြသည့် အရုပ်ကလေးများ၏ ကကြိုးများကအသက်ဝင်လှသည်။ ထိုအသက်တို့၏ ပဥ္စလက်ဆရာများကား ကြိုးတော်ဆွဲများပင်ဖြစ်၏။ သူတို့၏ အံ့မခန်းအနုပညာစွမ်းရည်များကို ပရိသတ်များကြည်နူးနှစ်ခြိုက် လှိုက်လှိုက်လှဲလှဲအားပေးကြသည်။ စိတ်ဝင်စားကြသည်။ ထိုအထဲက အလှကြိုးပညာပိုင်ရှင်ကား ကြိုးတော်ဆွဲနန်းညွန့်ရှိန်ပင်ဖြစ်သည်။

ထိုရုပ်သေးပွဲကို ကန်တော်ကြီးကရဝိက်ခန်းမ ဒက္ခိဏာဆောင်တွင် ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ(၄)ရက်နေ့က ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုပွဲသို့ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံသဘင်ကောင်စီအစည်းအရုံးဥက္ကဋ္ဌ၊ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ ဘိုကလေးဦးတင့်အောင်၊ ဂီတလုလင်ဦးကိုကိုနှင့် စာပေပညာရှင်စာရေးဆရာချစ်စံဝင်းတို့တက်ရောက်ကြသည်။ ဆရာကြီးနန်းညွန့်ရှိန် ဇော်ကာရန်ပြင်ဆင်နေစဉ် မြဝတီရုပ်မြင်သံကြားဌာနမှ ဗိုလ်ကြီးယဉ်ထွေးကိုက ဆရာကြီးထံလာရောက်တွေ့ဆုံခဲ့သည်။ ပြည်သူများအား ရုပ်မြင်သံကြားမှ ဖျော်ဖြေတင်ဆက်ရန် တိုက်ရိုက်ကူးလိုကြောင်း ဆွေးနွေးသဖြင့် သင့်လျော်သောအချိန်တွင် ရိုက်ကူးရန်သဘောတူညီလိုက်သည်။

ဤသို့ဖြင့် မြဝတီရုပ်မြင်သံကြား စတူဒီယိုခန်းမတွင် မြန်မာ့ဆိုင်းဝိုင်းကြီးအတွင်း၌ ဝိုင်းတော်တီးဝါးခယ်မစိန်ကုလား၊ ကြေးဝိုင်း

တီးဆရာစိန်ခင်လေး (စိန်ဗိုလ်တင့်အစ်ကို)တို့၏ လက်သံများဖြင့် ဦးဆောင်ပံ့ပိုးနေသည်။ မီးဆလိုက်များ၊ ဗီဒီယိုကင်မရာများ၏ ရှေ့တွင် မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင်ဆရာကြီးနန်းညွန့်ရှိန်၏ ရေနံ့သာဦးတီးကွက်နှင့် အကသုံးမျိုးကပြသည်။ တစ်ဆက်တည်း ကုလားထိုင်နှင့် စတိုင်ထုတ်အက၊ ပုသိမ်ထီးအက၊ စည်ခတ်အက၊ ပန်းကွင်းအက၊ အရုပ်နောက်ပြန်ကြိုးဆွဲအက၊ အရုပ်နှစ်ရုပ်နောက် ပြန်ဆွဲ၊ လေးရုပ်တစ်ပြိုင်တည်းဆွဲအကများ မရပ်မနားကလျက်၊ ကင်မရာများကရိုက်လျက် ပြီးလျှင် မယ်ဥကျွားချီခန်းကို ရိုက်ကူးပြန် သည်။ ဆရာကြီး၏ကြိုးစွမ်းပြကကွက်များကား ယနေ့ခေတ်တွင် ရှားပါးဂန္ထဝင်ပညာခန်းများဖြစ်၏။ ဝါးခယ်မစိန်ကုလား၏ မြန်မာ့ ဆိုင်းတီးလုံးလက်သံများက နုနုရွရွသိမ်သိမ်မွေ့မွေ့နားဝင်ပီယံ ရှိပါ၏။ မြန်မာ့ရုပ်သေးပညာရှင်နန်းညွန့်ရှိန်၏ ကကြိုးကကွက်များ က နူးညံ့စွာ၊ သိမ်မွေ့စွာကလျက်ရှိသည်။ မြန်မာ့အနုပညာယဉ်ကျေး မှုများသည် ကြာလေဟောင်းလေ ကောင်းလေသည်သာဖြစ်တော့ သည်။

## မြန်မာနိုင်ငံသဘင်အစည်းအရုံးဝင်ဖြစ်ခြင်း

မြန်မာနိုင်ငံတွင် အနုပညာရှင်များ စည်းလုံးညီညွတ်မှုရှိစေ ရန်အတွက် အသင်းအဖွဲ့အစည်းများအား မူဝါဒလမ်းညွှန်မှုဖြင့် စနစ်တကျဖွဲ့စည်းစေခဲ့သည်။ ထိုများစွာသော အဖွဲ့အစည်းများ အနက် မြန်မာနိုင်ငံသဘင်အစည်းအရုံးသည်လည်း အပါအဝင်ဖြစ် သည်။

သို့ဖြစ်ပေရာ မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင်ဆရာကြီး နန်းညွန့်ရှိန်သည် သဘင်သည်တစ်ဦးဖြစ်သည့် အားလျော်စွာ အဖွဲ့

အစည်းသို့ဝင်ရောက်ခဲ့လေသည်။ ထို့ကြောင့် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ၊ (၃)ရက်နေ့တွင် အစည်းအရုံးဝင်အမှတ်(၁၂၀၂၈) ဖြင့် မြန်မာနိုင်ငံသဘင် အစည်းအရုံးဝင်တစ်ဦး ဖြစ်လာလေသည်။

## ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်သို့တစ်ခေါက်

နန်းညွန့်ရှိန်ရုပ်စုံသဘင်အဖွဲ့သည် ဆရာဦးခင်မောင်တင်၏ ဦးဆောင်မှုဖြင့် ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်သို့ ရောက်ရှိခဲ့လေသည်။

ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်သည် ဌာနဆိုင်ရာရုံး အသီးသီးမှ ပြည်သူ့ရေးရာဝန်ထမ်းလောင်းသင်တန်း(ဇေယျ)၊ အခြေခံပြည်သူ့ရေးရာစာရေးဝန်ထမ်းသင်တန်း(ဗလ)နှင့် အခြား သောအထူးမွန်းမံသင်တန်းသားများအား စစ်ကြောင်းကြီးငါးကြောင်း ပုံသဏ္ဌာန်အခြေခံ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ စစ်ရေးစသည်တို့အား ဘက်စုံတတ်မြောက်ကျွမ်းကျင် စေရန် လေ့ကျင့်သင်ကြားပေးရာ ကျောင်းကြီးဖြစ်သည်။

ယခုဆရာကြီးနန်းညွန့်ရှိန်တို့လာရသည့် သင်တန်းမှာ အခြေခံ ပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၇) တွင် တက်ရောက်နေကြသည့် သင်တန်းသားများနှင့် သန္ဓေဝင်များ အား မြန်မာ့အမြင့်သဘင်ရုပ်သေးကြိုးဆွဲပညာ ဟောပြောရှင်း ဖျော်ဖြေတင်ဆက်ခြင်းဖြစ်သည်။

ဤပွဲတွင် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်ပါမောက္ခချုပ်က ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ခြင်းခံခဲ့လေသည်။

**နန်းညွန့်ရှိန်၏ရုပ်သေးမျိုးဆက်သစ်များ**

မြန်မာ့အမြင့်သဘင်ရုပ်သေးစင်တော်များသည် ခရစ်နှစ်၊ ၁၈၄၁ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ ဒီရေကဲ့သို့ အင်အားကြီးမားစွာ အရှိန်အဟုန်ဖြင့် သမိုင်းတစ်ခေတ်ထွန်းသစ်ခဲ့လေသည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် တော်ကောက်သည့် ဘုရင့်စင်၊ သမီးတော်စင်စသည်ဖြင့် မြန်မာ့ရုပ်သေးသဘင်သည် နန်းတော်အတွင်း၌သာ ရှိနေသေးသည်။ သီပေါမင်းပါတော်မူပြီး သူ့ကျွန်ဘဝသို့ကျရောက်သည့်အခါမှသာ ရုပ်သေးသဘင်သည် ကျုံးမြို့ရိုးများ ဖြတ်ကျော်ကာ သာမန်အရပ်သူအရပ်သားများ၏ နယ်ပယ်သို့ စီးမျောဝင်ရောက်ခွင့်များရလာလေသည်။

ထိုစဉ်ကအထက်မန္တလေးမှ အောက်အရပ်ရန်ကုန်အထိ ဧရာဝတီမြစ်ကိုသာ အဓိကထားသွားလာနေကြရသည်။ မန္တလေးမှ ပခုက္ကူ၊ မြင်းခြံ၊ စလေ၊ ဆင်ဖြူကျွန်း၊ ပုခန်းငယ်၊ မြင်ကွန်း၊ တောင်ချောင်း၊ အာလံ၊ မိချောင်းရဲစသည်ဖြင့် ဟင်္သာတအထိ ဧရာဝတီမြစ်စဉ်မြစ်ရိုးရှိရာရွာများမှ ရုပ်သေးစင်များသည် ပြာသိုလရောက်လျှင် စုန်ဆင်း၍ ညောင်တုန်းတွင်စခန်းချပြီး အနောက်ချောင်း၊ ပုသိမ်ကျုံပျော်သို့ဆင်းကာ ကပြကြရလေသည်။

ရုပ်သေးလှေများသည် ပေါင်းမိုးပေါ်တွင် သလွန်တင်ထားလေ့ရှိသည်။ ဇာတ်လှေမှာ လှေဦးရှက်တိုင်နားတွင် ဇာတ်သေတ္တာချထားသည်။ ရုပ်သေးပွဲများ၏ ရာသီကာလကား တန်ဆောင်မုန်းလဆန်း (၆) ရက်မှ ကဆုန်လဆုတ် (၅) ရက်အထိဖြစ်ပြီးသည့်နောက်တွင်မူ ရုပ်သေးအဖွဲ့များ ဇာတ်ခေါင်းပြုတ်လေသည်။ ၎င်းသည်ကိုတောခေလေ့အရပ်အခေါ်အားဖြင့် 'နောက်ချေးရေပေါ်' ဟုခေါ်ဝေါ်သုံးနှုန်းလေသည်။

ရုပ်သေးအဖွဲ့သားများငွေလုံးခနဲရယူရာ 'အသုံးကြီးငွေ' ဟုခေါ်သည်။ နည်းနည်းဖြင့်ပြန်လည်ပေးဆပ်ရသည်။ ၎င်းကို 'မုဆိုးမဝန်ခဲ' ဟု သုံးနှုန်းလေသည်။ ထိုစဉ်အခါ ညကြေးမှာ တစ်ညလျှင် ၁၀/-ကျပ်သာ ရရှိလေသည်။ အဖွဲ့သားများအားကြိုတင်ပေးရသည့် 'စဘော်ငွေ' သည် ပေးပြီးပြန်မရသည့်ငွေဖြစ်သည်။ မိမိ၏ကြိုးဆရာအားရရှိသည့် ညကြေးမှတစ်ဝက်ပေးရလေ့ရှိပါသည်။ ဆောင်းနွေခုနှစ်လအတွင်း နှစ်ချီဝင်ပွဲပေါင်း ၇၀၊ ၈၀၊ ၉၀ အထိ ကကြရသည်။

မြန်မာ့ရုပ်သေးယမနေသစ် သရုပ်ကြီးတပ်၍ အနှစ်ထုတ်သောအခါ အဝိညာဉ်ဏကမှ ဝိညာဉ်ဏက၊ သက်မဲ့အရုပ်မှ သက်ရှိသတ္တဝါများကဲ့သို့ မူဟန်ပါပါနှင့် လူသဏ္ဌာန်လမ်းလျှောက် ခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ ကခြင်း၊ ခုန်ခြင်း၊ အမှတ်မထင်ကျွမ်းပစ် ထိုးခြင်း၊ လူးလှိမ့်ခြင်း၊ ရင်ထုခြင်း၊ လက်ခုပ်လက်ဝါးတီးခြင်း၊ မျက်ရည်သုတ်ခြင်းစသည်တို့ကို ပြည်သူအများသဘောကျ နှစ်သက်ခေတ်စား လာခဲ့သည်။ ရုပ်သေးပွဲမပါလျှင် ဘယ်နေရာမှမပြီးချေ၊ ဘုရားပွဲ၊ ကျောင်းကထိန်ပွဲ၊ အလှူပွဲ၊ ရှင်ပြုပဉ္စင်းခံ အဖန်ဖန်ပွဲလမ်းသဘင်များတွင် ရေပန်းစားခဲ့သည်။

၁၉၆၄-၆၅ ခုနှစ်ကာလများတွင် ဆောင်းနွေရုပ်သေးပွဲများ ၁၀ ပွဲ၊ ၁၂ ပွဲကပြကြရသည်။ ၁၉၈၇-၈၈ ခုနှစ်ရောက်ချိန်တွင် ရုပ်သေးများကွယ်ပျောက်သလောက်ပင်ဖြစ်၏။ ယနေ့ခေတ်လူငယ်များရုပ်သေးကို ဂယနဏမသိကြတော့ချေ။

၁၉၉၀-၉၁ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲများက မြန်မာ့ရိုးရာသူငယ်တော်ရုပ်ဖော်ထုတ်လိုက်သည့် အချိန်မှစ၍ လုံးဝပျောက်ကွယ်လုဆဲဆဲတွင် ရုပ်သေးသမိုင်းရှင်သန်ဦးမော့စေပြန်

သည်။ မြန်မာ့ယဉ်ကျေးမှုနှင့်အတူ မြန်မာ့ဇာတိမာန်တို့သည် **မကွဲ** မပြားအတူတကွ သန္ဓေတည်နေသည်ပင် မဟုတ်ပါလော။

သို့မို့ကြောင့်လည်း ခေတ်အဆက်ဆက်အိပ်မက်ပင် **မမက်** ဖူးသည့် မြန်မာ့ယဉ်ကျေးမှု ပျိုးခင်းဥယျာဉ်သာဟု ဆိုသည့်ထက် ယဉ်ကျေးမှုတက္ကသိုလ်ကြီးမှ အနုပညာဗီဇမျိုးစေ့ရှိ လူငယ်**များ** ပညာရည်နို့သောက်စို့ရာ အနုပညာမြေ၊ အနုပညာကွန်ရိပ်**တစ်ခု** အဖြစ် အားထားဖွယ်ဖြစ်လာရလေသည်။

မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင်- ဆရာကြီးနန်းညွန့်ရှိန်**သည်** ယဉ်ကျေးမှုတက္ကသိုလ်တွင် ရုပ်သေးအကြံပေးဖြစ်လာသည်**နှင့်** ယင်းတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်း**သူ** များအား ရုပ်သေးသမားစဉ်သင်ရိုးသင်လက်များနှင့်အညီ သင်ကြား ပို့ချပေးလေသည်။ ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာ၊ ဆရာမဖြစ်သည့် ဦးအောင်တိုး၊ ဦးရွှေကြည်၊ ဒေါ်မေရီ၊ ဦးကြည်တင်၊ ဦးသန်းဝင်း**ရွှေ** ဒေါ်ဝင်းပပ၊ ဒေါ်နန်းမူ၊ ဒေါ်ရင်ဆွေ၊ ဒေါ်နန်းတင်၊ ဒေါ်စိန်ငွေး တို့အား မွမ်းမံသင်ကြားပြသပေးသကဲ့သို့ ထပ်မံသင်ကြား**ပေး**ရ သော ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသား ကျောင်းသူများမှာ မောင်ကျော်မင်းထွေး၊ မဝါဝါခိုင်၊ မသီတာအေး၊ မဇာဇာမျိုးဟန်၊ မမေသူဝင်း၊ မခင်ခင်အောင်၊ မောင်မင်းသိန်း၊ မောင်အောင်ထွန်း**ဖဲ** မောင်ဖိုးချော၊ မသူဇာခိုင်တို့ဖြစ်ကြသည်။

မသူဇာခိုင်သည် ရုပ်သေးကြိုးဆွဲပညာရှင်နန်းညွန့်ရှိန် အတ္ထုပ္ပတ္တိ နှင့်အနုပညာစာတမ်းတင်သွင်းကာဘွဲ့ယူခဲ့သည်။ အဘဦးတင်ရွှေ အမိဒေါ်တင်တင်ရွှေတို့က ၁၉၇၈ ခုနှစ်တွင်[illegible]ဖြူးမြို့၌ မွေးဖွား ခဲ့သည်။ ငယ်စဉ်ကပင် အနုပညာအဆို၊ အကဝါသနာထုံသူဖြစ် သည်။ ၁၉၉၆-၉၇ ခုနှစ်တွင် ယဉ်ကျေးမှုတက္ကသိုလ်သို့တက်ရောက်

ခဲ့သည်။ ရုပ်သေးကြိုးဆွဲပညာကို ပိုမိုစိတ်ဝင်စားသဖြင့် ရုပ်သေးကြိုးဆွဲပညာသင်ယူခဲ့သည်။ ရုပ်သေးဂုဏ်ထူးဒုတိယအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၉၉-၂၀၀၀ ခုနှစ်တွင် ဘွဲ့ရရှိသည်။ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ တပ်မတော်မြဝတီရုပ်မြင်သံကြားထုတ်လုပ်ရေးတပ်၊ ရုပ်သေးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

## မျိုးဆက်သစ် သားထွေးမောင်သန်းထွေး

မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင်နန်းညွန့်ရှိန်၏ သွေးသားမှ ရုပ်သေးအမွေဆက်ခံသူမှာ သူ၏သားထွေး မောင်သန်းထွေးနှင့် မြေးဖြစ်သူ မောင်ကျော်ဌေးတို့ပင်ဖြစ်သည်။ ဆရာကြီးနန်းညွန့်ရှိန်နှင့် ဒေါ်ခင်မတို့က ၁၃၃၄ ခုနှစ်တွင် တွံတေးမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ၌ မွေးဖွားသည်။ အသက် ၁၆ နှစ် သားအရွယ်မှစ၍ ရုပ်သေးပညာကို ဖခင်ဆရာကြီးနန်းညွန့်ရှိန်ထံမှ သင်ယူခဲ့သည်။ အခါအားလျော်စွာ နန်းညွန့်ရှိန်ရုပ်စုံစင်တော်တွင်ပါဝင် ကပြသည်။

၁၉၉၉ ခုနှစ်၊ သတ္တမအကြိမ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝါသနာရှင်အဆင့် ရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည်။

## မျိုးဆက်သစ်မြေးကလေးမောင်ကျော်ဌေး

ရုပ်သေးကြိုးဆွဲပညာရှင် ဆရာကြီးနန်းညွန့်ရှိန်၏ အနာဂတ်မျှော်မှန်းချက်များသည် ရုပ်သေးမျိုးဆက်သစ် ရှင်သန်ရေးပင်ဖြစ်သည်။ ပညာအမွေလက်ကမ်းပေးရန်မှာ အထူးသဖြင့် သူ့အားထားသူမှာ မြေးမောင်ကျော်ဌေးပင်ဖြစ်သည်။ ဆရာကြီးနန်းညွန့်ရှိန်၏ သား ဦးလှမင်း၊ ဒေါ်ကေသီစန်းတို့က ၁၃၄၆ ခုနှစ်တွင် တွံတေးမြို့နယ်၊ ဇီးဖြူကုန်းရွာ၌ မွေးဖွားပါသည်။ အသက် ၁၃ နှစ်သား




ရုပ်သေးမျိုးဆက်သစ် သား မောင်သန်းထွေး

အရွယ်သတ္တမတန်းကျောင်းသားဘဝကပင် အဘိုးဖြစ်သူ နန်းညွန့်ရှိန်ကိုယ်တိုင် ရုပ်သေးကြိုးဆွဲပညာများကို စတင်သင်ကြားပေးခဲ့သည်။ နွေရာသီကျောင်းပိတ်ရက်များတွင် လေ့ကျင့်သင်ယူရင်း နန်းညွန့်ရှိန် ရုပ်စုံစင်တော်တွင် လိုက်ပါကပြလျက်ရှိသည်။ မောင်ကျော်ဌေးသည် တွံတေးမြို့ အခြေခံပညာ အလယ်တန်းကျောင်း(မြို့မ) တွင် ပညာသင်ကြားလျက်ရှိသည်။ ရုပ်သေးပညာတွင် အလားအလာကောင်းသည့် မျိုးဆက်သစ်လူငယ်တစ်ဦးဖြစ်သည်။ ကြိုးဆွဲအကအပြင် ဆိုင်းပြောကိုလည်း သင်ယူလေ့လာလျက်ရှိသည်။

ရုပ်သေးကြိုးဆွဲပညာရှင် နန်းညွန့်ရှိန်၏ ဩဝါဒမှာ. . .

> အရုပ်ကတော့လူနဲ့တူရမယ်၊ လူကတော့ အရုပ်နဲ့တူရမယ်၊
>
> သဏ္ဌာန်လုပ်တော့ သံရုပ်တူမှ အမှန်မဟုတ်တော့ အလုပ်မျက်နှာပူရတယ်ပါတယ်. . . သဏ္ဌာန်ကို ဖန်တီးပြီး တပည့်များအား သင်ပြပေးခြင်းသာဖြစ်တယ်. . .

ဟူ၍သာတည်း။



ရုပ်သေးမျိုးဆက်သစ်မြေးမောင်ကျော်ငွေး

## ကိုယ်တိုင်ထုလုပ်ရုပ်သေးရုပ်

မြန်မာ့ရုပ်စုံသဘင်ရုပ်သေးပွဲခွင်များသည် နှစ်စဉ်ကဆုန်လဆုတ် ၅ ရက်နေ့တွင် ဇာတ်ခေါင်းပြုတ်သည်မှာ ထုံးစံဖြစ်၏။ ထိုသို့ရုပ်သေးပွဲခွင်များနားရသည့် အချိန်ကာလများတွင် ဆရာကြီးနန်းညွန့်ရှိန်သည် လိုအပ်နေသော ရုပ်သေးရုပ်ကလေးများကို ကိုယ်တိုင်ထုလုပ်လေ့ရှိသည်။ ရုပ်သေးရုပ်ထုလုပ်ရန် အကောင်းဆုံးသစ်အမျိုးအစားမှာ ယမနေသားတစ်မျိုးတည်းသာဖြစ်သည်။ ယမနေသစ်၏ အရည်အသွေးများကား အံ့သြဖွယ်ကောင်းပေ၏။ ပေါ့ပါး၏။ တာရှည်ခိုင်ခန့်၏။ ပိုးလည်းမစားပေ။ ပေါ့ပေါ့ပါးပါးလွယ်လွယ်ကူကူနှင့်လိုသလို လှုပ်ရှားမှုပြုနိုင်ရန် အရိုးအဆက်များဆက်တတ်ရန် အထူးအရေးကြီးပေသည်။ အရုပ်စတင်ထုလုပ်ရာတွင် ကိုယ်ပိုင်းကစ၍ ထုလုပ်ရသည်။ ပြီးလျှင်တင်ပါးဆုံပိုင်း၊ လက်မောင်းရင်း၊ လက်မောင်းဖျားတို့ကို အဆင့်ဆင့်ပြုလုပ်ရသည်။ ရုပ်သေးတွင် အသုံးပြုသောကြိုးမှာ ချည်ကြိုးများသာဖြစ်ရမည်။ ရုပ်သေးတွင်ကြိုး ၈ ကြိုးမှ ၁၃ ကြိုးအထိ တပ်ဆင်ထားလေ့ရှိ၏။ အရုပ်အမျိုးအစားပေါ်တွင်မူတည်ပေသည်။ ရုပ်သေး၏ကကြိုးများ

တပ်ဆင်ရာတွင် သာမန်အားဖြင့် ဒူးကြိုး၊ လက်ကြိုး၊ ရင်ကြိုး၊ တင်ကြိုး၊ ပခုံးကြိုး၊ ခေါင်းကြိုး၊ ဗနောင့်ကြိုး၊ ခြေဖျားကြိုး၊ ခါးကြိုး ဟူ၍ ဖြစ်သည်။

ထိုသို့သော အစိတ်အပိုင်းများ ထုလုပ်ရာတွင် သူ့အတိုင်းအတာနှင့်သူ တိတိပပ အချိုးအစားကျလှပစေရန် စနစ်တကျ ထုလုပ်ရပေသည်။ ရုပ်သေး၏ အရပ်အမောင်း အတိုင်းအတာ လုံးပတ်အကြီးအသေး၊ လက်မောင်း၊ လက်တံ အတိုအရှည်၊ ရုပ်သေး၏ အဆစ်ပိုင်းအဆက်တို့၏ ကြိုးဆက်အရှည်ကို သူ့နေရာနှင့် သူသတ်မှတ်၍ တိတိကျကျလုပ်ကိုင်ရလေသည်။

<u>အရပ်အမောင်းအတိုင်းအတာ</u>

| | | |
|---|---|---|
| (က) ခြေဖျားမှတင်ပါးဆုံအထိ | ၁၃ | လက်မ |
| (ခ) တင်ပါးဆုံမှပခုံးအထိ | ၇ | လက်မ |
| (ဂ) လည်တံမှမေးဖျားအထိ | ၂ | လက်မ |
| (ဃ) မေးဖျားမှဆံပင်အစပ်အထိ | ၃ | လက်မ |
| (င) ခြေဖဝါးမှဆံပင်အစပ်အထိ | ၂၅ | လက်မ |

<u>ကိုယ်ထည်လုံးပတ်အတိုင်းအတာ</u>

| | | |
|---|---|---|
| (က) ဦးခေါင်းပတ်လည် | ၉ | လက်မ |
| (ခ) ချိုင်းပတ်လည် | ၁၀ | လက်မ |
| (ဂ) တင်ပါးဆုံပတ်လည် | ၁၇ | လက်မ |

<u>ခြေလက်အရှည်အတိုင်းအတာ</u>

| | | |
|---|---|---|
| (က) လက်မောင်းသားအရှည် | ၃ ၁/၂ | လက်မ |
| (ခ) တတောင်ဆစ်မှလက်ကောက်ဝတ်အထိ | ၃ | လက်မ |
| (ဂ) လက်ဖဝါးလက်ချောင်းအရှည် | ၂ | လက်မ |

(ဃ) ပေါင်သားအရှည် ၃ ၁/၂ လက်မ
(င) ဒူးအောက်မှခြေဖဝါးအထိ ၅ ၁/၂ လက်မ

<u>ကြိုးအဆက်တို့ကိုပြခြင်း</u>

(က) ပခုံးအဆက်ကြိုးအရှည် ၃ ၁/၂ လက်မ
(ခ) တတောင်ဆစ်အဆက်ကြိုးအရှည် ၁ ၁/၂ လက်မ
(ဂ) ပေါင်ရင်းအဆက်ကြိုးအရှည် ၃ ၁/၂ လက်မ
(ဃ) ဒူးဆစ်အဆက်ကြိုးအရှည် ၁ ၁/၂ လက်မ

မြန်မာ့အမြင့်သဘင် ရုပ်စုံစင်တော်ကြီးများတွင် အသုံးပြုလျက်ရှိသော ရုပ်သေးရုပ်များကို မန္တလေးမှ ဝယ်ယူကြရသည်။ မန္တလေးတွင် တစ်ချိန်ကထင်ပေါ်ကျော်ကြားခဲ့သည့် ရုပ်သေးထုလုပ်သူပန်းပုဆရာကြီးနှစ်ဦးရှိ၏။ ထိုပုဂ္ဂိုလ်များမှာ ဦးမှန်ရောင်နှင့် ဦးကျော်လှိုင်တို့ဖြစ်သည်။ ဆရာကြီးဦးမှန်ရောင်သည် အရုပ်ကြမ်းဖြစ်သည့် ဘီလူး၊ မျောက်၊ နတ်ပစ်ရုပ်၊ ကျား၊ ဂဠုန်၊ နဂါးရုပ်များ ထုလုပ်ရာတွင် လက်ရာမြောက်သူအဖြစ် ထင်ရှားခဲ့သည်။ ဆရာကြီးဦးကျော်လှိုင်မှာမူ ဖြဟ္မာ၊ သိကြား၊ ရှင်ဘုရင်၊ မင်းသား၊ မင်းသမီး၊ ဝန်ရုပ်များကို လက်ရာမြောက်စွာ အကောင်းဆုံးဖြစ်အောင် ထုလုပ်နိုင်စွမ်းရှိသည့် ပညာရှင်များဖြစ်ပေသည်။

ရုပ်သေးထုလုပ်ရာတွင် မန္တလေးလက်ရာနှင့် ရန်ကုန်လက်ရာမှာ ကွာခြားမှုရှိကြောင်းတွေ့ရသည်။ မန္တလေးလက်ရာမှာ မျက်နှာခပ်မျှော်မျှော်မဟာဆန်ဆန်ထုလုပ်တတ်ကြသည်။ ပုံသဏ္ဌာန်မှာ ဝင့်ဝင့်ကြွားကြွားအသွင်မျိုးဖြစ်သည်။ ရန်ကုန်လက်ရာမှာမူ မျက်နှာခပ်စိုက်စိုက်(ငိုက်ငိုက်)ထုလုပ်တတ်ကြသည်။ ရုပ်သေးမျက်နှာမှာ ဗှက်ပြပုံနှင့် ဖော်ပြပုံကွဲပြားခြားနားမှုရှိနေပေသည်။

**ရုပ်စုံသဘင်ဗန်းစကားနှင့်ဝေါဟာရများ**

မြန်မာ့ယဉ်ကျေးမှု အနုပညာနယ်ပယ်တွင် ဆိုင်းသုံး၊ ဇာတ်သဘင်သုံးဝေါဟာရများရှိသည့် နည်းတူရုပ်စုံသဘင်သုံး ဝေါဟာရများလည်းရှိသည်။ ရုပ်စုံသဘင်သည်တို့သည် အများပြည်သူပွဲကြည့်ပရိသတ်တို့နှင့် အဆက်အဆံများကြသည့်ကြားမှ မိမိတို့အချင်းချင်းသာ ပြောဆိုဆက်ဆံလိုသည့်အခါများလည်း ရှိပေသည်။ ထိုအခါမိမိတို့ကိစ္စကို ပရိသတ်နားမလည်စေဘဲနှင့် မိမိတို့ပြောလိုရာကိုပြောဆိုဆောင်ရွက်နိုင်ရန် စကားဝှက်များကို တီထွင်ပြောဆိုကြရသည်။ ဤသို့အားဖြင့် လိုအပ်သော အကြောင်းများကြောင့် တီထွင်ပြောဆိုဆက်ဆံကြရာမှ ရုပ်စုံသဘင်သုံးဗန်းစကားများနှင့် ဝေါဟာရများအပေါ် ပေါက်လာခြင်းဖြစ်ပေသည်။

မြန်မာ့ရုပ်စုံရုပ်သေးသဘင် စင်တော်သားတို့ တီထွင်သုံးနှုန်းပြောဆိုကြသော ဗန်းစကားဝေါဟာရများအား လက်လှမ်းမှီသမျှစုစည်းဖော်ပြရပေသည်။

| ရုပ်စုံသဘင်သုံးစကား | အရပ်သုံးစကား |
| --- | --- |
| ဇိုးလေး | မင်းသား |
| ဇိုးကြီး | မင်းသားကြီး |
| ငမှင် | ယောကျ်ားမင်းသမီး |
| မဒီ | မင်းသမီးရုပ် |
| ဇယ်၊ မြာ | အပျိုအရွယ်[illegible]ကလေး |
| ဇယ်ကြီး | အပျိုတော် |
| ဇွိ | ကလေး |

| ရုပ်စုံသဘင်သုံးစကား | အရုပ်သုံးစကား |
| --- | --- |
| ဟားငနဲ | လူပြက်ရုပ် |
| ဇွတ် | ဝန်ကြီးရုပ် |
| မိုး | နတ်ရုပ် |
| ဂေါက် | မြင်းရုပ် |
| ပကာဒီး | ဆိတ် |
| က | ငါး |
| ကခြောက် | ငါးခြောက် |
| ဇက် | ဆိုင်း |
| နက်ခါသည် | မစင်စွန့်သည် |
| အုံခါသည် | သေးပေါက်သည် |
| ဇု | ဝက်သား |
| လွှား | ခေါင်းပေါင်း |
| ဒေါက် | ဖိနပ် |
| ချင်း | လုံချည် |
| ဘော့ | ဆေးလိပ် |
| ပုံးတို | ထမင်း |
| ပုံးတွတ်သည် | ထမင်းစားသည် |
| ရှုပ်ငနဲ | အရက်သမား |
| ဒိုးငနဲ | ဘိန်းစား |
| ပုံးရှည် | မုံ့ဟင်းခါး၊ ခေါက်ဆွဲ မြီးရှည် |
| မန်သ | အမဲသား |

| | |
|---|---|
| ယွန်းသည် | သွားသည် |
| ဝက် | ငွေ |
| ငတရော် | နှဲ |
| ရှာစား | ဆိုင်းဆရာ |
| ဇက်တောကြီး | ပတ်မကြီး |

ရုပ်စုံစင်တော်ပေါ်မှ ဗန်းစကားအသုံးအနှုန်းများသည် ပြင်ပသာမန်အရုပ်သူအရုပ်သားများ၏ အသုံးအနှုန်းဖြစ်လာသော ဝေါဟာရတို့မှာလည်း များပြားလှပါသည်။ ရုပ်စုံသဘင်၌ဇော်ကြိုးဆွဲခြင်းသည် အလွန်မြန်ပြီး ကြိုးဆွဲပညာ၊ ကြိုးပြောင်းကြိုးလွှဲတော်မှသာ ဆွဲရပါသည်။ သာမန်အရုပ်သူအရုပ်သားများတွင် အလွန်တော်သူအလွန်ထူးချွန်သူကို 'ဇော်ဆွဲ' ဟုခေါ်ဝေါ်သုံးစွဲကြသည်။

တစ်ဖန် တစ်စုံတစ်ယောက်၏ လှုပ်ရှားမှုသည် မိမိသဘောအလျောက်မဟုတ်ဘဲ တစ်စုံတစ်ဦး၏ ပရောဂကြောင့်ဖြစ်ပါက 'ရုပ်သေး' ဟုသုံးနှုန်းခေါ်ဝေါ်ပြောဆိုကြသည်။

မြန်မာ့ရုပ်သေးလောကမှ သံချိုကိုင်ပုဂ္ဂိုလ်များသည် လက်တန်းမှနေ၍ လျင်မြန်သောဉာဏ်ဖြင့် ရုတ်တရက်သံချိုကဗျာဖွဲ့ဆိုနိုင်မှု၊ သက်ဆိုင်သည့်အကြောင်းအရာများ အားလုံးပါဝင်စေရန် ရုတ်ချည်းဖွဲ့ဆိုနိုင်သည်။ ယင်းသို့ ချက်ချင်းလက်ငင်း မဆိုင်းမတွပြုမူပြောဆိုနိုင်သူကို 'လက်တန်းပြောသည်၊ လက်တန်းဉာဏ်ကောင်းသည်'ဟု ပြောဆိုကြသည်။ ဤစကားသည်လည်း ရုပ်စုံစင်မှ ဆင်းသက်လာသော ဝေါဟာရပင်ဖြစ်၏။

'မျက်ရည်ခံထိုးသည်' ဟူသော စကားမှာလည်း ရုပ်သေးတွင် အငိုစကားများ ညှပ်သွင်းရာမှ အတုယူသုံးစွဲလာခြင်းဖြစ်သည်။

'သေတ္တာမှောက်' ဟူသောစကားမှာလည်း ရုပ်သေးရုပ်များ ထည့်သောသေတ္တာကို သွန်မှောက်၍ ပါသမျှအရုပ် အားလုံး အတွက် သရုပ်ဆောင်နိုင်စွမ်းရှိပြီး အဖက်ဖက်မှ ကျွမ်းကျင်တတ် မြောက်သော ရုပ်သေးပညာကိုခေါ်ဆိုသည့် ဝေါဟာရစကားပင် ဖြစ်လေသည်။ အဖက်ဖက်၌သုံး၍ရသူ နှံ့စပ်ကျွမ်းကျင်သူကို 'သေတ္တာမှောက်' ဟုအရုပ်သုံးဝေါဟာရ စကားအဖြစ် ပြောဆို သုံးနှုန်းခဲ့ကြလေသည်။

'ထင်ပေါ်လျှင်စင်တော်ကောက်သည်' ဟူသောစကားမှာလည်း ရုပ်သေးစင်ပေါ်မှ ပေါ်ပေါက်လာသော စကားအသုံးအနှုန်းတစ်ခု ပင်ဖြစ်သည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တော်၌ အမြင့်သဘင်ဟု ခေါ်တွင်သော ရုပ်သေးများသည် ယခုကဲ့သို့ အရပ်တကာအနှံ့ လှည့်ကြားမရောက်သေးချေ။ နန်းတော်ကြီး၏ ပရိဝုဏ်အတွင်း၌သာ ဖျော်ဖြေတင်ဆက်နေရခြင်းသာဖြစ်သည်။

ထိုအချိန်ကာလက ရုပ်သေးပွဲပြီး၍ သိမ်းသိမ်းခြင်း မင်းတုန်းမင်း ကြီးသည် ပွဲကြည့်ဆောင်မှ ချက်ချင်းအမိန့်တော်မှတ်တော်မူသည် မှာ-

"နံနက်လင်းသကာလ၊ ချင်းတောင်
အတွင်းတော်သို့ ဝင်စေ" ဟူ၍ဖြစ်၏။

နောက်တစ်နေ့ညီလာခံတွင်မူ မှူးကြီး၊ မတ်ကြီး၊ ဗိုလ်ချုပ် ဗိုလ်မှူးများရှေ့တွင် မောင်ချင်းတောင်အား (မဒ္ဒသဒ္ဒရွှေတောင် ကျော်သူ)ဘွဲ့နှင့် သဘင်ဝန်ခန့်တော်မူပြီး စင်တော်ကြီးမင်းသမီး အဖြစ်တော်ကောက်ကာ အသပြာထောင်ထုပ်ပေးသနားတော်မူ သည်။ ထိုအချိန်မှစ၍ 'ထင်ပေါ်လျှင်စင်တော်ကောက်သည်'

ဟူသော ဆိုရိုးစကားသည် ယနေ့တိုင်အောင်ပင် အရပ်လောကတွင် ရေပန်းစားသုံးနှုန်းလျက်ပင်ရှိသေးသည်။

'ခြေထိုးသည်' ဟူသော ဝေါဟာရမှာ ရုပ်သေးရုပ်ကို လက်မှကြိုးဖြင့်ဆွဲရုံသာမက လက်တန်းအောက်မှခြေဖြင့်တို့ကာ ထိန်းဆ၍ကြည့်ရှုသူများမသိစေဘဲ ပြုပြင်သည်ကို သုံးနှုန်းသော စကားဖြစ်သည်။ ထိုစကားကိုယူ၍ ထင်ထင်ပေါ်ပေါ်မဟုတ်သော နောက်ပိုင်းမှ စေ့ဆော်ပေးနေခြင်း၊ ပြင်ပမှမသိအောင် တိတ်တဆိတ်ဖန်တီးခြင်းကို ခိုင်းနှိုင်းသုံးစွဲခြင်းဖြစ်၏။ ထို့ပြင်အခြားသော ဝေါဟာရများဖြစ်သည့် နန်းရင်းဝန်၊ ပတ်စာခွာဖျာသိမ်း၊ ဆိုင်းမဆင့်ပုံမဆင့်၊ ပတ်တိုက်၍မရ၊ မဒီ၊ ဇယ်တို့မှာ ပြင်ပတွင် ခေါ်ဝေါ်သုံးစွဲလျက်ရှိသည်။ ထိုစကားဝေါဟာရများသည် ရုပ်သေးမှဆင်းသက်လာသော ဝေါဟာရစကားများပင်ဖြစ်ပေတော့သည်။

**စင်ကာပူနိုင်ငံသို့ရုပ်စုံသဘင်ခရီးစဉ်**

ယဉ်ကျေးမှုတက္ကသိုလ်မှ ရုပ်သေးအကြံပေးလည်းဖြစ်၊ မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင်လည်းဖြစ်သူ ဆရာကြီးနန်းညွန့်ရှိန်သည် ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရုပ်သေးသဘင်ခရီးစဉ်တစ်ရပ်အဖြစ် စင်ကာပူနိုင်ငံသို့ သွားရောက်ခဲ့ရလေသည်။ ထိုအဖွဲ့တွင် စာရေးဆရာချစ်ဦးညို၊ နန်းညွန့်ရှိန်၊ ဦးဇော်မင်း၊ မန္တလေးမှဒေါ်မမနိုင်၊ ဦးသန်းအောင်(မန်းပန်တျာအကနည်းပြ-ငြိမ်း)နှင့် ဦးရွှေဘိုတင်ဆောင်တို့ပါဝင်သည့် အနုပညာအဖွဲ့ဖြစ်သည်။

သူတို့အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်မှာ ဆရာချစ်ဦးညိုဖြစ်ပြီး စကားပြန်နှင့် သင်တန်းကြီးကြပ်သူလည်းဖြစ်သည်။ THEATRE WORKS LTD. ၏ ဖိတ်ကြားချက်အရ FLYIN CIRCUS PROJECT ကိစ္စဖြင့် စင်ကာပူနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

THEATRE WORKS LTD. သည် စင်ကာပူနိုင်ငံ FORT CANNING ပန်းခြံကြီးထဲတွင်တည်ရှိပြီး အစိုးရမဟုတ်သော သီးခြားအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ခေါင်းဆောင်သူမှာ အသက် ၃၈ နှစ်ရှိ အနုပညာဒါရိုက်တာ ONG KEN SENG ဖြစ်သည်။ ထိုအဖွဲ့တွင် ပါဝင်သည့် အနုပညာရှင်များသည် အင်ဒို နီးရှား၊ ယိုးဒယား၊ မလေးရှား၊ စင်ကာပူလူမျိုးများဖြစ်သည်။

THEATRE WORKS LTD. ၏ ရည်ရွယ်ချက်မှာ ရိုးရာအစဉ်အလာ အနုပညာနှင့် မျက်မှောက်ခေတ်ပြိုင် အနုပညာတို့အကြားရှိ ကွာဟချက်ကို လျှော့လျက်ချုံ့ရေးပင်ဖြစ်သည်။

အဓိပ္ပာယ်မှာ ရိုးရာအစဉ်အလာဆရာကြီးများ အနုပညာရှင်ကြီးများက မျက်မှောက်ကာလခေတ်ပြိုင် အနုပညာကို စိတ်မဝင်စားသည်ရှိသော်လည်း မျက်မှောက်ခေတ်ပြိုင် အနုပညာသမားကမူ ရိုးရာအနုပညာများအပေါ် အလွန်စိတ်ဝင်စားကြသည်။ အတုခိုးစရာ နည်းယူစရာ အများကြီးရှိသည်ဟု ယုံကြည်ကြသည်။ မည်သည့်အကြောင်းကြောင့်နှင့်မှ ရိုးရာအစဉ်အလာအနုပညာများကို ငြင်းပယ်စရာမရှိဟူ၍ ဖြစ်လေသည်။

ထိုသင်တန်းတွင် သင်ကြားပို့ချပေးမည့် ဆရာများမှာ မြန်မာ၊ အိန္ဒိယနှင့် ကိုရီးယားတို့ဖြစ်သည်။ ဂျပန်နှင့်ပြင်သစ် အနုပညာရှင်အချို့လေ့လာသူများအဖြစ် တက်ရောက်လာကြသည်။

ONG KEN SENG ၏အဖွဲ့သားများသည် မြန်မာကဗျာလွတ်အက၊ ရုပ်သေးကြိုးဆွဲနှင့် ရုပ်ကြိုးစင်အကများကို သင်ယူကြသည်။ သင်တန်းကာလတစ်လအတွင်း ကဗျာလွတ်အက ၁၅ ကွက်၊ မင်းသား၊ မင်းသမီး၊ ဇော်ဂျီ၊ ရုပ်သေးကြိုးဆွဲပညာ ရုပ်ကြိုးစင်ကာကွက်များကို ဆရာကြီးနန်းညွန့်ရှိန်နည်းပြသင်ပေးမှုဖြင့် ၆၀% ခန့် တတ်မြောက်သွားကြသည်။



စင်ကာပူနိုင်ငံတွင် မြန်မာ့ရုပ်သေးကြိုးဆွဲပညာ
သင်ကြားပေးနေသော ဆရာကြီးနန်းညွန့်ရှိန်

စင်္ကာပူနိုင်ငံတွင် ရောက်နေစဉ်နေ့တစ်နေ့၌ အနုပညာနှင့် ပတ်သက်၍ အတွေ့အကြုံရကြသည်။ ထိုအတွေ့အကြုံမှာ. . . BLACK BOX ဟု အမည်ပေးထားသော စတူဒီယိုထဲတွင် မျိုးမတူဇာတ်ခြားအနုပညာရှင်များ စုဝေးလျက် ကြိုတင်ညွှန်ကြား၊ ဇာတ်တိုက်လေ့ကျင့်ထားခြင်းမပြုဘဲ (IMPROVISATION) ဆိုကြတီးကြကကြ၏။ ခွင် (SPACE) ထဲမှာ ဖြစ်ပေါ်လာသော ခံစားမှု၊ လှုပ်ရှားမှု၊ တုံ့ပြန်မှု၊ ဆက်သွယ်မှုများသည် ဇာတ်လမ်းမဲ့ ဇာတ်လမ်းတစ်ခုဖြစ်လာလေ၏။ ၎င်းကိုဝိုင်းဖွဲ့ထိုင်ကာ တစ်ယောက်စီ ဆွေးနွေးကြသည်။ ဒါရိုက်တာကင်ဆင်း၏ တောင်းဆိုချက်အရ သူတို့ဝိုင်းထိုင်နေသော အလယ်ကွက်လပ်ထဲသို့ ဆရာကြီးနန်းညွန့်ရှိန်သည် သူ၏ဇော်ဂျီရုပ်သေးရုပ်ကလေးဆွဲပြီး ဝင်ရောက်ခဲ့တော့သည်။

လက်တန်းကားလိပ်မရှိ၊ ကက်ဆက်လည်းမဖွင့်၊ ပတ္တလားနှင့် ပုံကိုလည်း မတီးပေး၊ ဆိုင်းမပါ၊ စည်းဝါးမပါ၊ ဇော်ဂျီရုပ်ကလေးကို ကြိုးဆွဲကာ ကပြရလေသည်။

ဇော်ဂျီကကြီးသည် သမားစဉ်အရ လက်တန်းကားလိပ်ပေါ်မှ နေ၍ ခုန်ပျံကျော်လွှားဆင်းလာပြီး သူ၏မြေလျှိုးမိုးပျံက္ကဒ္ဒိပေါက်များ ကို သရုပ်ဖော်ကရမည်။ ရှေ့ကျွမ်း၊ နောက်ကျွမ်း၊ ဆေးကြိတ်၊ သိဒ္ဓိ ပေါက်ကာ မနားတမ်းဆက်တိုက် ကြိုးဆွဲပြလိုက်သည်။ ပြီးလျှင် တောင်ဝှေးကိုထောက်၍ ပင်ပန်းမောဟိုက်နေသည်။ ရုပ်သေးမှာ အရုပ်ကတော့ လူနှင့်တူရမည် မဟုတ်ပါလော။

ထိုသို့ နန်းညွန့်ရှိန်၏ ဇော်ဂျီကကြီးမှာ စိတ်ဝင်စားဖွယ်ဖြင့် ပြီးဆုံးသွားလေသည်။ ဝိုင်းထိုင်ကြည့်နေသည့် နိုင်ငံခြားသား ပရိသတ်တစ်ဦးက သူ့ရေသန့်ဘူးဖြင့် ဇော်ဂျီရုပ်ကလေးကို ရေလာ တိုက်ရှာသည်။ နန်းညွန့်ရှိန်၏ ကြိုးဆွဲပညာမှာ ပီပီပြင်ပြင်ကပြနိုင် သဖြင့် ပရိသတ်စိတ်ဝင်စားခြင်းခံရသည်။

စင်ကာပူနိုင်ငံသို့ ရောက်နေစဉ်တွင် နန်းညွန့်ရှိန်၏ ရုပ်သေး ကြိုးစွမ်းပြ ညှိခံဖျော်ဖြေကပြနိုင်ခဲ့သည်။ ထိုရုပ်သေးပွဲသို့ မြန်မာ သံအမတ်ကြီး ဦးမျိုးမြင့်၊ စာရေးဆရာမကြီး ခင်နှင်းယုနှင့် သမီး ဒေါက်တာမိကျော်သောင်းနှင့် နိုင်ငံပေါင်းစုံမှ အနုပညာရှင်များ တက်ရောက်ကြသည်။ ဆရာကြီးနန်းညွန့်ရှိန်၏ မြန်မာ့ရုပ်သေး ကြိုးစွမ်းပြကကွက်မှာ မယ်ဥကျားချိခန်း ကကွက်ပင်ဖြစ်ပါသည်။ ထိုကကွက်မှာ မြန်မာ့ရုပ်သေး ကြိုးပညာစွမ်းတွင် ဂုဏ်ယူဖွယ် ရှားရှားပါးပါး ကကွက်များပင်ဖြစ်ပေသည်။

ရုပ်သေးကသည့်အခန်းမှာ ပေလေးဆယ်ခန့်ရှိ အခန်းထဲ၌ ပရိသတ်များ၏ ခေါင်းပေါ်တွင် နိုင်လွန်ကြိုးမျှင်ဖြင့် ရုပ်သေးစင်မှ တစ်ဖက်ဆီသို့ သွယ်တန်းထားလေသည်။ မြန်မာ့ရုပ်သေးကြိုးဆွဲ ပညာရှင်နန်းညွန့်ရှိန်၏ ကကြိုးကကွက်များ စတင်လေပြီ။

လေးခင်းတီးလုံးသံနှင့်အတူ လက်တန်းကားလိပ်ပေါ်မှ ကျော်လွှားကာ ကျားထွက်လာသည်။ လေးခင်းမှ ဗိန်းဗောင်း တိုက်ချိန် ဟိုဘက်သို့ရောက်နေသော ကျားပါးစပ်ကြီးကို ပေလေး ဆယ်အကွာမှ ထိန်းရသည်မှာ မလွယ်ကူချေ။ မင်းသမီးလေးကို ကျားကကိုက်ချီပြီး ပြန်လည့်လာပါသည်။ လက်တန်းကားလိပ် ရှေ့သို့ ကျားကြီးရောက်လာပြီး မင်းသမီးလေးကို ခံတွင်းမှချလိုက် သည်။ ပြီးလျှင် ထပ်မံကိုက်ချီပြီး ခါရမ်း၊ လွှင့်ပစ်၊ ကျွမ်းထိုး၊ မာန်ဖီ၊ ခုန်အုပ်၍ ခဲလိုက်သည်။ မယ်ဥကျားချီခန်းကားပြီးလေပြီ။ ထိုပွဲတွင် ဒေါ်မမနိုင်က နတ်ကတော်ရုပ်ကို ကြိုးဆွဲကပြခဲ့သည်။ ဆရာ ချစ်ဦးညိုက ပတ္တလားတီးပြီး ဦးသန်းအောင်က ဗုံတီးသည်။ ဦးရွှေဘို တင်ဆောင်က သီချင်းဆိုသည်။ ဦးဇော်မင်းက စည်းဝါးလိုက်သည်။ ကြည့်ရှုအားပေးကြသော ပရိသတ်မှာ စုံလင်များပြားလှသည်။ အမေရိကန်၊ အင်္ဂလိပ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မဏိပူရ၊ အိန္ဒိယ၊ ထိုင်းနှင့်စင်ကာပူတို့ဖြစ်သည်။

ဆရာကြီးနန်းညွန့်ရှိန်တို့ မြန်မာယဉ်ကျေးမှု အနုပညာအဖွဲ့ သည် စင်ကာပူနိုင်ငံတွင် တစ်လတိတိကြာခဲ့သည်။ ထိုကာလအတွင်း ဆရာကြီးနန်းညွန့်ရှိန်သည် မြန်မာ့ရုပ်သေးကြိုးဆွဲပညာများကို နိုင်ငံတကာမှ အနုပညာရှင်များအား သင်ကြားပို့ချနိုင်ခဲ့သည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။

## ကျောက်တော်ကြီးရုပ်ပွားတော်မြတ်အား ကြိုဆိုပူဇော်ခြင်း

မန္တလေးတိုင်း၊ မတ္တရာမြို့နယ် စကျင်တောင်မှ ထွက်ရှိသော သလင်းကျောက်ဖြူတုံးများကို ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ကိုးကွယ် ခဲ့ကြသည်မှာ နှစ်ပေါင်းရာထောင်မျှပင် ကြာခဲ့ပြီဖြစ်၏။

မြန်မာသက္ကရာဇ် ၁၁၉၂ ခုနှစ်၊ ကုန်းဘောင်ခေတ်ဘကြီးတော်ဘုရားလက်ထက်တွင် ဘဏက်တော် ၁၇ ပေ ၉ လက်မရှိ 'မဟာသကျရံသီ' ရုပ်ပွားတော်မြတ်သည် ပထမဦးဆုံးကျောက်တော်ကြီးဘွဲ့ရခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ်၊ ကုန်းဘောင်ခေတ်၊ မန္တလေးရတနာပုံနေပြည်တော် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် 'မဟာသကျမာရဇိန်' ဆင်းတုရုပ်ပွားတော်မြတ်သည် ဒုတိယမြောက်ကျောက်တော်ကြီးဘုရားဖြစ်သကဲ့သို့ မြန်မာ့သာသနာဝင်သမိုင်းတွင် အကြီးဆုံးဖြစ်သည်။

ယခုနှစ်ပေါင်း ၁၃၆ နှစ်ကြာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် မြန်မာသက္ကရာဇ် ၁၃၆၂ ခုနှစ် (ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်) တွင် မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ စကျင်တောင်မှ အလျား ၃၇ ပေ၊ အနံ ၂၄ ပေ၊ ထု ၁၁ ပေကျော်ရှိ ထူးထူးခြားခြားကြီးမားလှသော သလင်းကျောက်ဖျာကြီးကို ကျောက်ဆစ်ပညာရှင်ဦးတော်တော်တွေ့ရှိ၍ နိုင်ငံတော်အကြီးအကဲများထံ တင်ပြခဲ့သဖြင့် ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်သို့ ပင့်ဆောင်ပူဇော်ရန် စီစဉ်ခြင်းပင်ဖြစ်သည်။

အလေးချိန်တန် ၅၀၀ ခန့်ရှိ ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်ကြီးကို မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ စကျင်တောင်ခြေ၊ ရတနာရွှေဖောင်တော်ဆိပ်မှ ၁၃၆၂ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက် တနင်္လာနေ့တွင် 'သုံးလူ့တောက်ပရတနာရွှေဖောင်တော်ကြီး' ဖြင့် ဒေဝါဝင်း၊ ရာဇာ

ငင်းများ ခင်းကျင်းလျက် ဧရာဝတီမြစ်ရေလမ်းဖြင့် တွံတေး တူးမြောင်းကိုဖြတ်၍ လှိုင်မြစ်ကမ်း အင်းစိန်မြို့နယ်၊ ကြို့ကုန်းရတနာ ရွှေဖောင်တော်ဆိပ်မှတစ်ဆင့် မင်းဓမ္မကုန်းတော်သို့ ပင့်ဆောင်ခြင်း ဖြစ်သည်။ အထက်အညာဒေသမှ အကြေအောက်အရပ်သို့ စုန်ရာ တွင် သုံးလူ့တောက်ပရတနာ ရွှေဖောင်တော်ကြီးသည် ဧရာဝတီ မြစ်ခွဲ တိုးမြစ်ကြောင်းအတိုင်း စုန်ခဲ့၏။ မြစ်ဝကျွန်းပေါ်သည် အုန်းပင်၊ ဓနိပင်၊ လမုပင်တို့နှင့် အပြောကျယ်လှစွာသော မြကမ္ဘ လာလယ်ကွင်းကြီးများနှင့် ဗေဒါအလှပန်းများက ဦးခိုက်ဆီးကြိုနေ ကြသည်။ မအူပင်မြို့ကို လွန်ခဲ့ပြီးသော် တစ်ခုသော အဆစ်ချိုး ကွေ့တစ်နေရာတွင် အညာရေနှင့် လုံးဝမတူသည့် ပင်လယ်အငွေ့ အသက်ရောယှက်နေသော ညှိညစ်ညစ် ရေစီးကြောင်းတို့ ဆုံမိ ကြသည်။ ထိုရေစီးကြောင်းကြီးသည် တွံတေး တူးမြောင်းပင် ဖြစ်ပေတော့၏။ ထိုအရပ်ကို တွံတေးဝဟုခေါ်၏။ မြောက်မြား စွာသော လှေကြီးလှေငယ်တို့က မြစ်ရေပြင်ကို ဖုံးကွယ် ထားကြ သည်။ တွံတေးမြို့နယ်သားတို့ ကြိုဆိုဦးခိုက်ကြည်ညိုလိုက် ကြသည်မှာ ချမ်းမြေ့ကြည်နူးဖွယ်ပင်ဖြစ်ပေတော့သည်။

ပင်လယ်အရပ်သို့ ဦးတည်ကာ စီးဆင်းသွားသော တိုးမြစ် သည် ဝေး၍ဝေး၍ကျန်ရစ်သည်။ တရားဓမ္မဖြင့် ပူဇော်သံများ၊ အိုးစည်ဗုံမောင်းသံများဖြင့် ဦးခိုက်ကြိုဆိုသော အဖွဲ့များအား ဖြတ်ကျော်ခဲ့သည်။ သုံးလူ့တောက်ပရတနာရွှေဖောင်တော်သည် တွံတေးတူးမြောင်းအတွင်း ကွေ့ချိုးလာခဲ့ရာ ၁၄ မိုင်အရပ်၊ တွံတေးမြို့၊ ကွမ်းခြံရပ်၊ ဘုရားသုံးဆူဆိပ်ကမ်းသို့ ဆိုက်ကပ်အပူဇော်ခံလေ သည်။

တံ့တေးသည် သမိုင်းကျောက်စာများ၏ အထောက်အထား အရ ရှေးဒလမြို့ဟောင်းဖြစ်၏။ တစ်ရံရောအခါက သဖုသနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ မြတ်စွာဘုရား၏ ဆံတော်မြတ်ပင့်ဆောင် ရာတွင် ကြည်ညိုစွာ ကြိုဆိုပူဇော်ကြသော ဒလသားများကဲ့သို့ ယခု လည်း တံ့တေးသားတို့ ကန်တော့ပန်းများ ပွင့်လန်းဝေစည်နေတော့ သည်။ ကမ်းလုံးညွတ်မျှ ကြက်ပျံမကျစည်ကားနေသော လူထုပရိ သတ်ကြီးများ၊ ဝတ်အသင်းအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့၊ မြန်မာ့ ဆိုင်း၊ မြန်မာ့ရုပ်သေးသဘင်တို့ဖြင့် ခင်းကျင်းကြိုဆိုပူဇော်ကြည်ညို ကြသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး၊ ဗိုလ်မှူးကြီး ဆန်းဆင့် ယခု ဗိုလ်ချုပ်ဆန်းဆင့်၏ ညွှန်ကြားမှုဖြင့် နန်းညွှန့်ရှိန် ရုပ်စုံသဘင်စင်တော်သည်လည်း ပါဝင်ပူဇော်ခွင့်ရသည်မှာ ကုသိုလ် ထူးလှသည်။ တံ့တေးမြို့နယ်၊ ဇီးဖြူကုန်းရွာသား မြန်မာ့ရုပ်သေးကြိုးဆွဲ ပညာရှင် နန်းညွှန့်ရှိန်သည် ရုပ်သေးပညာဖြင့် ကြိုဆိုဦးခိုက်ပူဇော်ရ သည့် အစီအစဉ်မှာ အနုပညာဖောင်ကူးတို့ဖြင့် သံသရာတစ်ဖက် ကမ်း နိဗ္ဗာန်နန်းသို့ ပို့ဆောင်မည့်နှယ်ပင် ဖြစ်တော့သည်။

ဆရာကြီးနန်းညွှန့်ရှိန်၏ ရုပ်သေးအဖွဲ့သည် ပွဲဦးထွက်သမား စဉ် အခန်းများဖြစ်သည့် စင်တိုင်ခြင်းအခန်း၊ ဘုရားကန်တော့ခန်း၊ နတ်ကတော်ထွက်ခန်း၊ ဟိမဝန္တာခန်းတွင် မြင်း၊ မျောက်၊ ဘီလူး ဇော်၊ ဆင်၊ ကျား၊ နဂါး၊ ဂဠုန်တို့၏ အကအလှများ၊ ကြိုးစွမ်းပြ ထိုးအက၊ စည်ခတ်အက၊ ကုလားထိုင်နှင့် စတိုင်ထုတ်သည့် အက၊ အရုပ်နောက်ပြန်ဆွဲအက၊ နှစ်ရုပ်တစ်ပြိုင်တည်း အက၊ လေးရုပ် တစ်ပြိုင်တည်းအက၊ မြန်မာ့ရိုးရာဓလေ့ ရှင်ပြုပွဲတွင် အမယ်အို၊

အဘိုးအို သက်နီးပရိက္ခရာနှင့် ရှင်လောင်းလှည့်ပွဲ၊ အိုးစည်ဝိုင်းနှင့် ဦးရွှေရိုးအကတို့ဖြင့် ကပြပူဇော်ခဲ့ခြင်းဖြစ်၏။ ကြုံထောင့်ကြုံခဲ အနုပညာဖြင့် ပူဇော်ကန်တော့ရသည်မှာ မမောနိုင်မပန်းနိုင်အောင်ပင် ဖြစ်ပေတော့သည်။ တံ့တေးတွင် နာရီပိုင်းမျှသာ အပူဇော်ခံပြီးသည်နှင့် သုံးလူ့တောက်ပရတနာရွှေဖောင်တော်သည် ဆည်းဆာမအိုနေမညိုမီ တံ့တေးတူးမြောင်းမိုင်တိုင် အမှတ် (၄) သို့ အရောက် ခရီးဆက်ရလေသည်။ တံ့တေးမြို့နယ်၊ သာစည်ကျေးရွာအနီးတွင် ညအိပ်ရပ်နား အပူဇော်ခံလေသည်။

မြန်မာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၅ ရက်။

အရုဏ်သည် အရှေ့အရပ်မှ ပတ္တမြားသွေးအရောင်၊ ပုစွန်ဆီရောင်တို့ဖြင့် လှုံ့ဖိတ်ပျို့အံနိုးထလာကာ အမှောင်ထုကို အနိုင်ယူလိုက်၏။ တူးမြောင်းရေပြင်သည် ပုစွန်ဆီရောင်တောက်ကာ စီးနေသည်။ ပျိုမြစ်လတ်ဆတ်သည့် အလင်းရောင်အောက်ဝယ် ဒေဝါဝင်း၊ ရာဇာဝင်းတို့ဖြင့် ခမ်းနားစွာ အသီးသီးနေရာယူလျက် အသင့်ဖြစ်နေသည်။ ပင်လယ်ဒီရေတို့ကလည်း ကျောက်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အလျှင်အဟုန်ဖြင့် ခြေတော်စုံသို့ ဦးခိုက်ပူဇော်ကြသည်မှာ လေးညို့မှ လွှတ်လိုက်သော မြားကဲ့သို့ပင်တည်း။ ထိုနေ့နံနက် လှိုင်မြစ်သည် နိုးထလျက် လှုပလျက် သာယာလျက်ရှိ၏။ နေထန်းတစ်ဖျားခန့်တွင် အင်းစိန်မြို့နယ်၊ ကြို့ကုန်းရတနာရွှေဖောင်ဆိပ်သို့ သုံးလူ့တောက်ပရတနာရွှေဖောင်တော်ဆိုက်ကပ်တော်မူ၏။ ထိုရေဆိပ်မှ မင်္ဂလာနက်ပန်းရထားယာဉ်ဖြင့်၊ မင်းဓမ္မကုန်းတော်သို့ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ ညနေ ၆ နာရီတွင် ခရီးနိဂုံးပြီးဆုံးလေတော့သည်။

## နန်းညွန့်ရိုန်နှင့်ဒေါက်တာတင်မောင်ကြည်
## ရုပ်သေးကြိုးညာဆွေးနွေးပွဲ

မြန်မာ့ရုပ်သေးသဘင် နေဝင်ချိန်ရောက်ပြီဟု ပြောဆိုနေကြသည့်ကြားမှပင် ယဉ်ကျေးမှုတက္ကသိုလ်နှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၏ ကျေးဇူးဖြင့် ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ ဝမ်းမြောက်ဝမ်းသာဖွယ်ဖြစ်ပါ၏။ ရုပ်သေးကြိုးပညာနှင့် ရုပ်သေးထုလုပ်ခြင်းတို့ကို နှစ်ရှည်လများ အပင်ပန်းခံကာ ဇွဲလုံ့လဖြင့် သုတေသနပြုနေသူများလည်း ရှိသေးသည်။

ရုပ်သေးကြိုးပညာနှင့် ဆိုင်ိုပြောပညာကိုပါ ကျွမ်းကျင်လိမ္မာသူယဉ်ကျေးမှုတက္ကသိုလ် ရုပ်သေးအကြံပေး၊ ရုပ်သေးပညာရှင် နန်းညွန့်ရိုန်နှင့် မန္တလေးမှ ရုပ်သေးပညာရှင် ဒေါက်တာတင်မောင်ကြည်တို့နှစ်ဦးတွေ့ဆုံခဲ့ကြသည်။ နေရာမှာ ရန်ကုန်၊ စမ်းချောင်း၊ ရှမ်းလမ်းရှိ နိုင်ငံကျော် ရွှာစားစိန်ဗိုလ်တင့်၏ အစ်ကို ဦးခင်အေး၏ နေအိမ်တွင် ဖြစ်သည်။ သူတို့သည် နှစ်ရက်ကြာ ရုပ်သေးကြိုးပညာများ ဆွေးနွေးခဲ့ကြသည်။

ဆရာကြီးနန်းညွန့်ရိုန်သည် မန္တလေးမှ ဧည့်သည်တစ်ဦးလာမည်ဖြစ်၍ နံနက်ပိုင်းကပင် အသင့်စောင့်ကြိုနေသည်။ အတန်ငယ်ကြာလျှင် ကျောပိုးအိတ်ငယ်တစ်လုံးလွယ်ထားသည့် ဧည့်သည်တစ်ဦးအိမ်ပေါ် ထပ်သို့ တက်လာသည်။ ဧည့်သည်က "ကျွန်တော်တင်မောင်ကြည်ပါ" ဟု မိမိကိုယ်မိမိမိတ်ဆက်လိုက်သည်နှင့် ဆရာကြီးနန်းညွန့်ရိုန်က ချက်ချင်းပင် ခရီးဦးကြိုပြုလေသည်။

ဒေါက်တာတင်မောင်ကြည်သည် မြဝတီရုပ်မြင်သံကြား အစီအစဉ်မှ ဆရာကြီးနန်းညွန့်ရိုန်၏ ရုပ်သေးကြိုးဆွဲ ကကြိုးကဟန်များကို ကြည့်လိုက်ရသဖြင့် ဆရာကြီး၏ အနုပညာ အတိမ်အနက်ကို

မှန်းဆကာ တွေ့ချင်နေသည်မှာလည်း ကြာခဲ့ပြီဖြစ်သည်။ သူ၏ အာသီသဆန္ဒဇောများကို အနုပညာဦးစီးဌာန၊ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးခင်မောင်တင်နှင့် ရွှေဘိုတင်ဆောင်တို့၏ တိုက်တွန်း မှုများက တွေ့ဆုံပွဲကို အထမြောက်ဖြစ်စေရန် တွန်းအားပင် ဖြစ် တော့သည်။ ဆရာကြီးနန်းညွန့်ရှိန်သည် အောက်အရပ်ဒေသတွင် ရှားရှားပါးပါး သက်ရှိထင်ရှားရှိနေသေးသည့် ရုပ်သေးပညာရှင် တစ်ဦးဖြစ်၍ မတွေ့မဖြစ်တွေ့ရချေမည်။ မဖြစ်မနေတွေ့လည်း တွေ့သင့်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ အကြောင်းကား ရုပ်သေးကြိုးဆွဲပညာများနှင့်ပတ်သက်၍ ဆရာကြီးနန်းညွန့်ရှိန်ထံ မေးမြန်းဆွေးနွေးရန် အချက်များစွာရှိနေသောကြောင့်ပင် ဖြစ်၏။

နန်းညွန့်ရှိန်ထံ ဒေါက်တာတင်မောင်ကြည်လာရောက်တွေ့ ဆုံရသည့် ရည်ရွယ်ချက်မှာ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ တွင်ကျင်းပမည့် ဆရာကြီးဦးမောင်မောင်တင် မွေးနေ့အထိမ်း အမှတ်ပွဲကို ကုသိုလ်တော်ဘုရား၌ ကျင်းပမည်။ ဆီမီးတစ်ထောင် ထွန်းညှိ ပူဇော်ကြမည်။ စာတမ်းများဖတ်ကြားကြမည်။ ထိုပွဲတွင် ဒေါက်တာတင်မောင်ကြည်က ရုပ်သေးကြိုးဆွဲပညာနှင့်ပတ်သက်၍ စုန်းမသုံးပိုင်းပြတ် ကြိုးဆွဲပညာ စာတမ်းကို ဖတ်ကြားတင်သွင်းမည် ဖြစ်သည်။ လက်တွေ့ဆွေးနွေးကြရာတွင် အရပ်တော်တော်များများ ၏ ကြိုးဆွဲပညာများကို ဆွေးနွေးမေးမြန်းခဲ့လေသည်။ အထူးသဖြင့် စုန်းမသုံးပိုင်းပြချက် ကြိုးဆွဲနည်းနှင့် မင်းသား၊ မင်းသမီး၊ ဇော်ကြီး များနှင့်ပတ်သက်၍ ဒိုရာခဲဆစ်ကြိုးဆွဲပညာများကို လက်တွေ့ မြင်သိခွင့်ဆွေးနွေးခွင့်ရလိုက်သည်ဟု ဒေါက်တာတင်မောင်ကြည် က အားရဝမ်းသာပြောလေသည်။

စုန်းမရုပ်သေးကြိုးဆွဲပညာတွင် အဓိကကျ၍ ထူးခြားသည့် ကြိုးပညာမှာ သုံးပိုင်းပြတ်ကြိုးဆွဲနည်းပင်ဖြစ်သည်။ ယင်းကကြိုး ကကွက်များမှာ ယခုမန္တလေးတွင်မရှိတော့ပေ။ တိမ်မြုပ်ပျောက်ကွယ် ခဲ့လေပြီ။ တစ်ချိန်တစ်ခါကမူ ဦးဖုန်းမိုဆိုသူက စတင်ကခဲ့သည်ဟု သိရသည်။ သို့သော်လည်း ထိုသုံးပိုင်းပြတ်ကကွက်ကို စစ်ကိုင်း၊ မိုးဇာဈေးတွင် ဦးထွန်းဝင်း ကပြသွားသည်ကို ကိုယ်တိုင် မျက်ဝါး ထင်ထင်ကြည့်ခဲ့ဖူးကြောင်း ဒေါက်တာတင်မောင်ကြည်က ပြောပြ လေသည်။

ယခုမှပင် ထိုကြိုးဆွဲကို ရုပ်သေးပညာရှင် ဆရာကြီးနန်းညွန့်ရှိန် ထံတွင် အနီးကပ် အသေးစိတ် အကျိုးအကြောင်း စုံစုံလင်လင် လေ့လာခွင့်ကြုံလေသည်။ ထိုကျေးဇူးကား ကြီးမားပါပေ၏။ နက်နဲ ဆန်းပြားသော ရုပ်သေးပညာများကို မျိုးဆက်သစ်လူငယ်များလက် သို့ ပေးဝေရန်လည်းကောင်း၊ နိုင်ငံတကာ ကမ္ဘာ့ရုပ်သေးလောက တွင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြည့်ရှုနိုင်စေရန် ထိုကကြိုး ကကွက်များအား စာတမ်းပြုစု၍ အင်တာနက်ကွန်ယက်သို့ ပို့မည် ဖြစ်သည်။ ဒေါက်တာတင်မောင်ကြည်၏ စိတ်ကူး၊ ဆန္ဒနှင့် ရည်ရွယ် ချက်များကို လေးလေးစားစား ထောက်ခံမိသည်။ ပန်းချီ၊ ပန်းပု ကျွမ်းကျင်သူပီပီ ဆရာကြီးနန်းညွန့်ရှိန်၏ ဂျက်ကိုင်အနေအထား ကြိုးကိုင်လက်အနေအထား ပုံစံအဆင့်ဆင့်ကို ပုံဆွဲယူသည်။ မေးသည်။ ဆွေးနွေးသည်။ ဆရာကြီးနန်းညွန့်ရှိန်ကလည်း စိတ်ရှည် လက်ရှည် သေသေချာချာ ရှင်းပြသည်။ ရုပ်သေးရုပ် တစ်ခုပြီးတစ်ခု ထုတ်၍ လက်တွေ့ကပြသည်။ ရှင်းပြသည်။ ကြိုးဆွဲကပြနေရင်းက သူ့ဆရာများ၏အမည်ကို ဖော်ထုတ်ရင်း ဂါရဝပြုသည်။

ရုပ်သေးကြိုးဆွဲရာတွင် ကြိုးကောက်ကြိုးသိမ်းသည် အလွန်အရေးကြီး၏။ ကြိုးကိုင်ရာတွင် ဘယ်ရောညာပါ သန်လျှင် ပို၍ကောင်းသည်။ မန္တလေးတွင် ဘယ်သန်မရှိဟု သိရသည်။ ဆရာကြီးနန်းညွှန့်ရှိန်ကမူ ဘယ်ရောညာပါ ကြိုးဆွဲသန်သည်ကို တွေ့ရသည်။ စုန်းမသုံးပိုင်းပြတ် ကြိုးဆွဲကပြရာတွင် အရုပ်၏ ကျောကို ခြေမဖြင့်ဖိ၍ အပေါ်ကြိုးအောက်ကြိုးတင်းတင်း ဆွဲထားရမည်။ ကြိုးအဆက်အထုံး မရှိရပေ။ သုံးပိုင်းပြတ်ကကွက်ပြရာတွင် လက်မဖြင့် ရင်ကြိုးကို တင်းထားရမည်။ မလွှတ်ရချေ။ နထင်ကြိုးကို ညာဖြင့် ဆွဲတင်ရသည်။ ကြိုးသိမ်းတော့မည်ဆိုလျှင် မိန်းမချည်နည်းဖြင့် ချည်၍ သိမ်းရပါသည်။

ကကြိုးကကွက်မှာ ရုတ်တရက် စုန်းမခေါင်းကိုဖြုတ်၍ ဒူးခေါင်းအောက်ကြားသို့ ပစ်ချလိုက်သည်။ ခေါင်းပိုင်းနှင့်ကိုယ်ပိုင်း နှစ်ပိုင်းပြတ်ဖြစ်နေသည့်ကြားမှ လက်နှစ်ဖက်ဖြင့် ကပြနေသည်။ စုန်းမရုပ် ကျစ်ဆံမြီးနှစ်ဖက်ချထားခြင်းမှာ အရုပ်ခေါင်းဖြုတ်ထားချိန် ခေါင်းမလည်စေရန်နှင့် ခေါင်းငြိမ်နေစေရန် ကျစ်ဆံမြီးဖြင့် ထိန်းထားခြင်းဖြစ်သည်။

ကြိုးကိုသိမ်းလိုက်ပြီး ခါးကိုဖြုတ်ချလိုက်သည်။ ထိုအခါ စုန်းမ၏ ခန္ဓာကိုယ်မှာ သုံးပိုင်းပြတ်ဖြစ်သွားတော့သည်။ ထိုအချိန်အထိ စုန်းမသည်ကနေဆဲပင်ဖြစ်၏။ ကြောက်စရာကောင်းသည့် စုန်းမကကွက်ဖြစ်သည်။

ကြိုးကို လက်မတွင်ရစ်ထားပြီး တတောင်ကြိုးဖြင့် ယူရသည်။ ဇက်ကိုငိုက်ချလိုက်ပြီး ထလိုက်သည်နှင့် ခေါင်းပြတ်မှာ ကိုယ်ခန္ဓာနှင့် ပြန်ဆက်သွားလေသည်။ ထိုသုံးပိုင်းပြတ် ကကြိုးကရသည့် အကြောင်း အဓိပ္ပာယ်မှာ လောကတွင် လူတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊

မမြဲခြင်းတရားအသိကို ရှာတော့ ဝိပဿနာဖြစ်လေသည် ဟူ၍ ရုပ်သေးပညာရှင်ဆရာကြီးနန်းညွန့်ရှိန်က ရှင်းပြလေသည်။

ဆရာကြီးနန်းညွန့်ရှိန်အား စုန်းမရုပ်သေး သုံးပိုင်းပြတ် ကြိုးဆွဲပညာ သင်ကြားပေးခဲ့သူမှာ တတိယမြောက် သင်ဆရာ တွံတေးဦးထွန်းလှိုင်ဖြစ်သည်။ ဦးထွန်းလှိုင်သည် မန္တလေးဦးလူထွား စင်မှ လူရွှင်တော် ဦးကျောက်မီး၏ သားဖြစ်သည်။

ဒေါက်တာတင်မောင်ကြည်သည် အသက် ၆၃ နှစ် ရှိပြီ ဖြစ်သော်လည်း ဖျတ်လတ်သွက်လက်သည်။ နိုးကြားတက်ကြွမှု အားမာန်များက သူ့မျက်နှာတွင် ပေါ်လွင်နေသည်။ သူသည် အမ်ဘီဘီအက်(စ်)နှင့် အမ်အက်(စ်)စီဘွဲ့ရ ဆရာဝန်ကြီးတစ်ဦး ဖြစ်သည်။ မြန်မာပြည်အနှံ့ မြို့နယ်ဆရာဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။ လွန်ခဲ့သော နှစ် ၂၀ ကျော် သူ့အသက် ၄၀ ဝန်းကျင်အရွယ်ခန့်ကပင် ရုပ်သေးရုပ်များ ကိုယ်တိုင်ထုလုပ်ခြင်း၊ ပန်းချီရေးဆွဲခြင်းတို့ဖြင့် ဝါသနာပါရာ အနုပညာလုပ်ငန်းများကို ကြိုးစားအားထုတ်နေသူဖြစ်သည်။ ရုပ်သေးထုလုပ်ရာတွင် နည်းနာ နိဿရခံယူခဲ့သည့် ဆရာများမှာ ဦးမြသွင်၊ ဦးထွန်းရင်၊ ဦးပန်းအေး တို့ဖြစ်သည်။

၁၉၈၆ ခုနှစ်ကာလကမူ 'မြန်မာ့ရုပ်သေး ခန္ဓာဗေဒတည် ဆောက်ပုံ' စာတမ်းတစ်စောင်ပြုစုခဲ့သည်။ ထိုစာတမ်းပြုစုရန် အတွက် သူကိုယ်တိုင် ၇ နှစ်ခန့်အကြာ လက်တွေ့ထုလုပ်ခဲ့ပြီးမှ ရေးသားပြုစုခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံတွင်ကျင်းပခဲ့သည့် ကမ္ဘာ့ရုပ်သေးပွဲတော်သို့ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် မန္တလေး ဒေါ်မမနိုင် ရုပ်စုံ သဘင်အဖွဲ့နှင့်အတူ လိုက်ပါတက်ရောက်ခဲ့သည်။ ထိုနိုင်ငံခြား

ခရီးစဉ်တွင် ရုပ်သေးပညာနှင့်ပတ်သက်သည့် စာတမ်းလေးစောင် ပြုစုပြီး ကမ္ဘာ့ရုပ်သေးပွဲတော်နှင့် ပဲရစ်၊ အမ်စတာဒမ်၊ အူထရက် တို့ရှိ တက္ကသိုလ်ကျောင်းနှင့် ဇာတ်ရုံများတွင် ဟောပြောခဲ့ပြီး အလုပ် ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့လေသည်။

ဒေါက်တာတင်မောင်ကြည်ကို အဘ ဦးဘကြည်၊ အမိ ဒေါ်ခန့်တို့က မန္တလေးမြို့တွင် မွေးဖွားပါသည်။ မိဘဘိုးဘွား မျိုးရိုး အစဉ်အဆက်မှာ မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ယိုးဒယားဘုရင် ၏ အီနောင်၊ ရာမဇာတ်တွင်ပါဝင်ခဲ့သူ သဘင်သည်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။

## ရုပ်သေးပြိုင်ပွဲဖြိမ့်ဖြိမ့်သဲ

အမျိုးသားယဉ်ကျေးမှု တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှု သည် ထိုနိုင်ငံ၏ နှလုံးသားပင်ဖြစ်သည်။ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး သည် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တွင် ခိုင်ခိုင်မာမာ ချမှတ်ထားပြီး ဖြစ်သည်။ ထိုဦးတည်ချက်များနှင့်အညီ နိုင်ငံတော်မှ ဦးစီး၍ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ရာ ၂၀၀၂ ခုနှစ်တွင် ဒသမအကြိမ်သို့ပင် တိုင်ခဲ့ပြီဖြစ်၏။

မျက်မှောက်ကာလ အမျိုးသားယဉ်ကျေးမှု အနုပညာ ရေစီး ကြောင်းသည် အားကောင်းမောင်းသန်နှင့် ခရီးနှင်နေ၏။ အကြောင်း ကား သဘင်၊ ဂီတ၊ အနုသုခုမပြိုင်ပွဲများသည် နိုင်ငံအဝှမ်းဖြိမ့်ဖြိမ့် သဲသဲရှိနေသောကြောင့်ပင်ဖြစ်သည်။ ထိုပြိုင်ပွဲများတွင် မြန်မာ့ အမြင့်သဘင် ရုပ်သေးစင်တော်ပေါ်မှ ဇာတ်တော်ကြီးများ

ခင်းကျင်းယှဉ်ပြိုင်မှုများ ပါဝင်လာသဖြင့် ဝမ်းသာပီတိဖြစ်ရသည်။ ဆရာကြီးနန်းညွန့်ရှိန်၏ ပဉ္စမကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှစ၍ ဗဟိုဒိုင်လူကြီးတာဝန်နှင့် ရန်ကုန်နည်းပြတာဝန်များကိုပါ ထမ်းဆောင်ရလေသည်။ တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာ့ရုပ်သေးကြိုးဆွဲပညာရပ်များ ပြန်လည်ဖော်ထုတ်ယှဉ်ပြိုင်နိုင်ရန်အတွက် ၁၉၉၈ ခုနှစ်၊ ဆဋ္ဌမအကြိမ် ဆိုကရေးတီးပြိုင်ပွဲမှစတင်၍ ဝိဓူရဇာတ်တော်၊ ၁၉၉၉ ခုနှစ် သတ္တမအကြိမ် ဆိုကရေးတီးပြိုင်ပွဲ ရုပ်သေးသဘင်တွင် သောတ္တိသေန သမ္ဘုလဇာတ်တော်၊ ၂၀၀၀ ပြည့်နှစ် အဋ္ဌမအကြိမ် ဆိုကရေးတီးပြိုင်ပွဲတွင် ဆဒ္ဒန်ဆင်မင်းဇာတ်တော်နှင့် ၂၀၀၁ ခုနှစ် နဝမအကြိမ် ဆိုကရေးတီးပြိုင်ပွဲတွင် ဘူရိဒတ်ဇာတ်တော်တို့ ပြိုင်ပွဲဝင်ကြရသည်။

မြန်မာ့အမြင့်သဘင် ရုပ်သေးပညာရှင်များအတွက် ဇာတ်တော်ကြီးများ ယှဉ်ပြိုင်ကပြရာတွင် ဇာတ်စာ၊ ဇာတ်ချင်း၊ ဇာတ်စကားနှင့် ဇာတ်အိမ်ဖွဲ့မှုများ ထိရောက်ပီပြင်ခြင်း၊ အသံပညာရှင်များ၏ အသံသြဇာနှင့် အဆို၊ အငို၊ အပြောများကောင်းမွန်ပီပြင်ခြင်း၊ ဆိုင်းဝိုင်း၏ ဇာတ်ပို့၊ ဇာတ်ဝင်တီးမှုတ်မှုများ သမားစဉ်မှန်ကန်၍ ထိရောက်ပီပြင်ခြင်း၊ အရုပ်များ၏ အချိုးအစားပြေပြစ်မှုနှင့် အဝတ်အစား၊ ဒွါဒရာများ မှန်ကန်ပီပြင်လှပခြင်း စသည့်အင်္ဂါရပ် အရည်အချင်းများနှင့် ပြည့်စုံရန်လိုအပ်လှပေသည်။

ပြိုင်ပွဲဝင်ကြိုးတော်ဆွဲ ပညာရှင်များ၏ ကြိုးပညာစွမ်းများအား ဆန်းစစ်အကဲဖြတ် အမှတ်ပေးရာတွင် ကကြိုးကကွက်များကို ကျွမ်းကျင်ပီပြင်စွာ ကြိုးဆွဲ၍ ကပြနိုင်ခြင်း၊ ကကြိုးကကွက်များကို ကြိုးဆွဲကပြရာတွင် နရီစည်းဝါးမှန်ကန်နိုင်နင်းခြင်း၊ သရုပ်အသစ်

ကြိုးပညာ ကျွမ်းကျင်ပီပြင်စွာ ကြိုးဆွဲကပြနိုင်ခြင်း၊ ဇာတ်ဝင်စာ၊ စကား၊ သီချင်းရွတ်ဆို၊ ငို၊ ပြောမှုများ၊ ပေးယူချိတ်ဆက်မှုမှန်ကန်ခြင်း၊ အရုပ်များ၏ အဝင်ထွက် သမားစဉ်မှန်ကန်ခြင်းတို့ ညီညွတ်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိရမည်ဖြစ်ပေသည်။

ထိုပြိုင်ပွဲတွင် ဆို၊ ငို၊ ပြော ပညာရှင်များအားလည်း သတ်သတ်မှတ်မှတ် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ရန်အတွက်လည်း အရည်အချင်းသတ်မှတ်စံထားသည်ကား ဇာတ်ချင်းများ အနက် ပီပြင်၍ အနုပညာမြောက်ခြင်း၊ အသံဩဇာ၊ ဌာန်ကရိုဏ်း ပြည့်စုံမှန်ကန်၍ ဆိုင်းဝိုင်းနှင့် အပေးအယူအချိတ်အဆက်မိခြင်း၊ အဆို၊ အငို၊ အပြော၊ အနုပညာဂုဏ်မြောက်၍ ကျွမ်းကျင်စွာ အရည်အသွေးထုတ်ဖော်နိုင်ခြင်း၊ အသံပညာရှင်၊ ကြိုးဆွဲပညာရှင်၊ ဆိုင်းဝိုင်းအပေးအယူ အချိတ်အဆက်မိခြင်း၊ ဇာတ်ရုပ်တစ်ခုခြင်း၊ စရိုက်ပီပြင်၍ဇာတ်ကွက်ဇာတ်အိမ်၊ အချိန်မှန်ကန်ညီညွတ်ခြင်း စသည့်သဒ္ဒါလင်္ကာရ၊ အနုပညာရသများနှင့် တန်ဆာဆင်မွမ်းထုံမှုများအပေါ် အမှတ်ပေးအကဲဖြတ်ခြင်းဖြစ်သည်။

ထိုသို့ဇာတ်တော်ကြီးများ ပြိုင်ပွဲဝင် ခင်းကျင်းကပြကြရာတွင် မြန်မာ့ဆိုင်းပညာရှင်များ၏ ပံ့ပိုးမှု၊ အနုပညာစွမ်းဆောင်ချက်များ အပေါ် အကဲဖြတ်အမှတ်ပေး၍ ဆုများချီးမြှင့်ခြင်းဖြစ်၏။

ထို့ကြောင့်လည်း ရုပ်သေးအဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်ဆိုင်းအဖွဲ့များအနေဖြင့် မဟာဂီတဝင်သီချင်းများကို အထားအသိုမှန်ကန်စွာ ထုတ်နုတ်တီးမှုတ်နိုင်ခြင်း၊ အရုပ်များ၏ လှုပ်ရှားမှုကို ထိရောက်ပေါ်လွင်အောင် ပို့ဆောင်တီးမှုတ်နိုင်ခြင်း၊ အသံပညာရှင်များ၏ ရွတ်ဆို၊ ငို၊ ပြောမှုများကို ထိရောက်အောင် ပို့ဆောင်တီးမှုတ်နိုင်ခြင်း၊ တူရိယာတစ်ခုချင်းအလိုက် တစ်ဖွဲ့လုံးအလိုက်၊ ကျွမ်းကျင်စွာ တီးမှုတ်နိုင်ခြင်းမရှိစေဘဲ မှန်ကန်စွာ နိမ့်မြင့်ထိန်းသိမ်းနိုင်ခြင်း၊

အချက်များအပေါ် အကဲဖြတ်အမှတ်ပေး၍ ဆုချီးမြှင့်ခြင်းဖြစ်လေသည်။

၂၀၀၁ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ယဉ်ကျေးမှုတက္ကသိုလ်မှ တော်ဝင်ရုပ်စုံ သဘင်အဖွဲ့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ဖွဲ့စည်းမှု၊ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ကြရသည်။ ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့မှ ဆဋ္ဌမမြောက် ဘူရိဒတ်ဇာတ်တော်ကြီးဖြင့် ပြိုင်ပွဲဝင်ရန်သတ်မှတ်လေသည်။

ယဉ်ကျေးမှုတက္ကသိုလ်သည် ရန်ကုန်တိုင်းအဖွဲ့(၁) တော်ဝင်အမြင့်သဘင် ရုပ်စုံစင်တော်ကြီးအဖွဲ့အမည်ဖြင့် ရုပ်သေးပြိုင်ပွဲသို့ ဝင်ရောက်ခဲ့လေသည်။

မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင် ဆရာကြီးနန်းညွန့်ရှိန်သည် ရန်ကုန်တိုင်း အဖွဲ့(၁)တော်ဝင်ရုပ်စုံစင်တော်၏ ဦးစီးနာယကဖြစ်သကဲ့သို့ လိုအပ်သည်များကို သွန်သင်ညွှန်ပြပေးရသောနည်းပြလည်းဖြစ်သည်။ ထို့အပြင်လည်း ရုပ်သေးပြိုင်ပွဲ ဗဟိုဒိုင်တွင် ဒိုင်လူကြီးတာဝန်ကိုပါ ထမ်းဆောင်ရလေသည်။

၂၀၀၁ ခုနှစ် နဝမအကြိမ် ဆိုကရေးတီးပြိုင်ပွဲတွင် ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲ၌ ဘူရိဒတ်ဇာတ်တော်ကြီးကို အခန်း (၁၆) ခန်းဖြင့် ကပြရန် ပွဲမဝင်မီ အပြင်မှလေ့ကျင့်ကြရသည်။ ထိုသို့လေ့ကျင့်ရာတွင် ဇာတ်တော်၏ အနှစ်သာရများဖြစ်သည့် ခန္တီပါရမီ၊ သီလပါရမီ၊ မေတ္တာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ နိက္ခမပါရမီတို့ဖြင့် ဖြည့်ကျင့်အားထုတ်ခြင်း၊ ကြားစကားယုံ၍ ချစ်ကြည်မှုပျက်ပြားခြင်း၊ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှား၍ အပါယ်လားခြင်း နှစ်ပြည်ထောင် ချစ်ကြည်ရင်းနှီးမှုရခြင်း စသည့်အနှစ်သာရ ၈ ရပ်ကို သရုပ်ပေါ်လွင်စေရန် ယှဉ်ပြိုင်ကပြကြရလေသည်။

## ဘူရိဒတ်ဇာတ်တော်ကြီး

## ဇာတ်ဝင်ခန်းများ

### ဇာတ်ဝင်နှစ်ပါးသွားခန်း

ပြကွင်း ။ နောက်ခံတောကား

ပြကွက် ။ ခမည်းတော်နတ်ရွာစံ၍ သားတော်အား
အမတ်များလာခေါ်ပုံနှင့် သားတော်နှင့်
သမီးတော်သမုဒ္ဒဇာတို့ကို နန်းတော်သို့
ခေါ်ပြီး မယားနဂါးမနှင့်ခွဲခန်း
(ငိုချင်းနှင့်ပိတ်သည်)

သစ်ဆန်း ။ ကိုချစ်မွေးရေ . . .

ချစ်မွေး ။ ဘာတုံး . . ကိုသစ်ဆန်းရဲ့ . . .

သစ်ဆန်း ။ ကျုပ်တို့တစ်တွေဟာ အိမ်ရှေ့စံကိုယ်တော်
လေး မြစ်ဆိပ်ကမ်းအကွေ့မှာ ရသေ့ဘဝ
ရောက်ကတည်းက နှစ်ယောက်တွဲပါလာခဲ့
ကြတယ် မဟုတ်လားဗျာ . . .

ချစ်မွေး ။ အေးလေဗျာ . . ယုံနာမြစ်ကမ်းနဘေးမှာ
ခလေးထိန်းဘဝနဲ့ အေးအတူပူအမျှပါရမီ
ဖြည့်ခဲ့ကြတယ်လေ . . .

သစ်ဆန်း ။ အေးဗျာ . . . ထူးခြားတာက ကျုပ်တို့
ကိုယ်တော်လေးဟာ. . . ရသေ့ဘဝက
အတွေ့ကာမကို မခွာချနိုင်လေတော့
နဂါးမလေးနဲ့ မေတ္တာမျှခဲ့ကြတော့ ခုတော့

မယားကညာအလှနဲ့ သားနှစ်ဖြာတောင် ရနေပြီ မဟုတ်လားဗျာ . . . အင်း . . . ကိုယ်တော်လေးကလဲ ကြည်ကြည်သာသာ၊ နဂါးမလေးကလဲ တီတီတာတာ ပလီပလာ စကားလေးတွေနဲ့ . . . ဟော . . . ခြေတော်သံကြားတယ် . . . နားထောင်ကြဦးစို့ . . . သူငယ်ချင်းရေ . . .

မင်းသား ။ ချစ်မွေးတို့ . . . သစ်ဆန်းတို့လားကွယ် . . .

ချစ်/သစ် ။ မှန်ပါဘုရား . . .

မင်းသား ။ သံသရာ ဒီဝဋ်တွင်းမှာလ မာန်တဏှာ မလွတ် ကင်းပြန်တော့ ဇွတ်အတင်းရယ်တဲ့ ကြုံရတယ် . . . ကာမသဝ ကာမဂုဏ်သား တွေဆိုတော့ အချစ်နဲ့ မကင်းကြဘဲကိုးကွ၊ ဒါကြောင့် ဟောဒီက မယားအလှ နဂါးမလေးနဲ့ သံသရာတစ်ကွေ့မှာ ဆုံတွေ့ခဲ့ရတာက . . . ဒီလို . . . ကွဲ့ . . .

<u>သီချင်း</u>

(နဒီပြင်ဇလာ . . . မြစ်ဆိပ်ကမ်းမှာ . . . ဖန်ရည်စွန်းတဲ့ ဇာတ်သက်န်းကို . . . ဆင်မြန်း ကာသာ ဘာဝနာရိပ်ကြီးခိုခဲ့တာ . . . )

စကားပြော ။ အေး. . . လောကလူ့ခွင်သံယောစဉ် အမျှင်မတန်းချင်လို့ မြစ်ဆိပ်ကမ်းတစ်ကွေ့ အထွက်မှာ . . . ရသေ့ဝတ်ပြီး. . . တရားဘာဝနာပွားခဲ့ပေမယ့် နဂါးရတနာ တစ်ပါးကို မယားက ညာအလား . . . သနားခဲ့မိလို့ ဩယထဲမျောရ လေတော့မယ်. . .

<u>သီချင်း/ပြန်ဆက်</u>

ရှေးပရံပရရယ်က. . . ချဖူးရေစက်ဆုံလာ ပြန်တာ. . . ရေနတ်နဂါးအလှကညာ. . . အပါးက မခွာရ . . . သားအလှနှစ်ဖြာရ . . . အတူတစ်တွဲချစ်လာ. . . မျိုးဇာတ်မတူပါ. . . ပျူပျူငှာငှာ. . . ပါရမီဖြည့်ဆည်းတာ . . . ထူးမြတ်ပါတဲ့ နာဂသူဇာ. . .

ကောထပ် မင်းသမီး ။ (ချစ်တဲ့သဘော . . . ပြောမကုန်ပါ . . . မေတ္တာနှော. . . သဘောယုံပါ. . . ထူးမြတ်တဲ့သည်မေတ္တာ. . . သည်မေတ္တာ စံနမူနာထားစရာ)၂ နေနတ်နဂါးမ ထားတဲ့ မေတ္တာဆုထူးကို ယုံကြည်ပါ. . . ပါရမီ ကူညီဖြည့်ဦးမှာ . . .

မင်းသား ။ ငှက်ပျော၊ နာနတ်၊ တွတ်တပတ်ကယ်နဲ့ ရပ်ရွာမနီး စုံမြိုင်ကြီးဝယ် သစ်သီးအရှာ

ထွက်ရပေအုံးမယ်. . . လင်ချစ်တော့ ကာမတဏှာ. . . သားချစ်တော့ ဂဏှာတဏှာ သမီးချစ်တော့ ဇာလီယတဏှာတဲ့. . . သားလေးတွေ. . . သမီးလေးတွေ မွေးထားပြန်တော့ ကျွေးမွေးဖို့တစ်ခါ သစ်သီးအရှာ. . . သွားရချေဦးမယ်. . . ချစ်မွေ့တို့သစ်ဆန်းတို့ရေ. . .

ချစ်/သစ် ။ အမိန့်ရှိပါ . . . ကိုယ်တော်လေးဘုရား . . .

မင်းသား ။ မင်းတို့တစ်တွေ တဲစောင့်ရစ်ကြအုံးကွ၊ တလွဲတမှောင့် ဖြစ်အောင် တိုင်တွေလဲ ချွတ်မထားကြနဲ့ဦး . . .

ချစ်မွေ့ ။ မှန်ပါ . . . ချွတ်မထားပါဘူး စွပ်ထားပါ့မယ်. . . ဘုရား . . .

မင်းသား ။ အေး. . . မင်းက အကျင့်ဆိုးတွေ မစွန့်သေးပဲကိုးကွ. . . ကဲ ကဲ ကဲ ငါကိုယ်တော်လဲ သစ်သီးအရှာသွားဖို့အတွက်. . . အတွင်းဝင်ပြီး ခြင်းပြင်လိုက်ဦးမလေး. . .

ဝန်နှစ်ပါး ။ လာဗျား. . . လာဗျား. . . လာဗျား. . . ဟဲ့ ဟဲ့. . . နင်တို့ သစ်ဆန်းနဲ့ချစ်မွေ့တို့ မဟုတ်လား . . .

ချစ်မွေ့ ။ ဟော. . . နှမ်းတောကြီးထဲက. . . ဘိုးဘိုးတို့ပါလား . . .

ဝန် ။ နန်းတော်ကြီးက လုပ်စမ်းပါကွာ. . .

သစ်ဆန်း ။ အော်. . . ဘယ်သူတွေလဲလို့ (ဘိုးဘိုးကြီး) ဘိုးဘိုးကြီး (ပိုပိုပိုပို့၊ ပပိုပို့ဂျိ)

ဝန်များ ။ ဟယ်. . . လူကြီးကို နောက်စရာလားကွ . . .

သစ်/ဆန်း ။ အော်. . . ဘိုးဘိုးတို့၊ အဘယ်ကိစ္စကြောင့် ရောက်လာကြပါသလဲ . . .

ဝန် ။ ကဲ. . . ကဲ. . . မင်းတို့ ပြောနေရင် နှစ်ထပ်ပြောရာကြမယ်၊ ကိုယ်တော်လေး ကိုသာ ဘိုးဘိုးတို့ရောက်ရှိကြောင်း သံတော်ဦးတင် ပေးကြစမ်း. . .

ချစ်မွေး ။ မှန်လှပါ. . . ကိုယ်တော်လေးဘုရား. . . ရွှေနန်းတော်က ဘိုးဘိုးတို့ အခစားရောက် ရှိကြောင်းပါဘုရား. . .

မင်းသား ။ သုတပဏ္ဍိ. . . မြော်ညာဏ်ရှိပါတဲ့ ပြည်၏ တံခွန်မတ်ကြီးဝန်တို့ပါလား. . . ဘယ် အကြောင်းဆိုက်၍ ကျွန်ုပ်ထံလိုက်လာရပါ သလဲဗျာ . . .

ဝန် ။ မှန်လှပါ. . . သဟာသရောင်ဝင့်နေတစ်ပွင့် . . . ဘုရင့်သွေးတော်ဘုရား. . . အရှင်၏ ခမည်းတော်ဘုရား ဗြဟ္မဒတ်မင်းကြီးသည် နတ်ရွာစံ. . . ကံတော်ကုန်ပါပြီဘုရား. . .

မင်းသား ။ အလို. . . ဘုရား. . . ဘုရား. . . ကြားရ သည့် စကား၊ နားဝမှာ မသက်သာ အသက်

ခန္ဓာ အဆုံးမနေးရအောင် (အောင်မလေး . . . ) နှလုံးသွေးပျက်ရချေရဲ့လေး. . .

ဝန် ။ မှန်ပါ. . . တရားနဲ့သာ ဖြေတော်မူပါရော့ . . . ဘုရား. . . ဘုရင်ထီးဘုရားကြီး နတ်ရွာလားပြီးနောက်၊ သားကြီး တစ်ယောက်ဖြစ်တဲ့၊ ကိုယ်တော်လေးအား ရှာဖွေရန်အတွက် ဖုတ်သ ရထားများ လွှတ်ဘို့ စီစဉ်ပါသေးတယ် ဘုရား. . . သို့သော်. . . တောတွင်းခြတိုး. . . မုဆိုးတစ်ဦး ရဲ့ သတင်းပေးစကားအရ အပြေးအလွှား ရောက်ရှိလာရကြောင်းပါဘုရား. . . အဖ ရိုက်ရာဆက်တာ စိုးစံရန်အတွက် နန်းကနက်သို့ ကြွမြန်းတော်မူပါဘုရား. . .

မင်းသား ။ ကောင်းပြီ မင်းကြီးများ. . . ကျွန်ုပ်သည် . . . ခမည်းတော်ဘုရားက သဘောတော် မတွေ့၍ တောပျော်မွေ့နေစဉ်. . . ပါရမီ ကူညီဖြည့်နေတဲ့ နဂါးမလေးတစ်ဦးနဲ့ သင့်မြတ်ခဲ့ကြလို့ ခလေးနှစ်ဖြာရနေပြီ ဘိုးဘိုးတို့ရဲ့. . . ဒါကြောင့် မျိုးမတူ ဇာတ်ခြားတဲ့ နတ်နဂါးမလေး နာဂသူဇာကို ထာဝရတူမကွာ၊ နန်းတော်သို့ ထိုက်ဖို့အရေး . . . နှစ်ကိုယ့်တစ်စိတ်မေးရချေအုံးမယ် ဗျာ. . .

ပြာပြာတစ်ချို့ ဝါတစ်ချို့နဲ့ ကြာညို့
ဝတ်မှုန်. . .
ရွှေခံတွင်းနှုံ လွန်သင်းပျံ့ပါတဲ့ ရနံ့စုံခင်လေး
. . . ဗျာ. . .

မင်းသမီး ။ မှန်လှပါ. . . ဖဝါးခြေထပ်၊ အနားမသေ
ကပ်လို့ ထက်ကြပ်မကွာ. . . မောင်မောင့်
အပါးခစားလျက်ရှိကြောင်းပါဘုရား. . .

မင်းသား ။ အေးကွယ် . . . မောင်ဘုရားသည်၊
ဗာရာဏသီ မင်းတစ်ပါးရဲ့သားတော်ဖြစ်ပေ
တယ်ဗျာ. . . ယခုအခါ ခမည်းတော်ဘုရား
နတ်ရွာလားပြီမို့ သားဖြစ်တဲ့ကျွန်ုပ်ကို
တိုင်းပြည် အုပ်ချုပ်မင်းလုပ်ရန်
နေပြည်တော်သို့ အခေါ်တော် ရောက်
ကြပြီ၊ မောင့်ကြင်ရာ ဇနီးမယားနဲ့
သမီးသားတို့ကို အပါခေါ်၍ ဘမရာဖျော်ဖို့
အကြောင်းဆိုက်ပြီမို့ . . . လိုက်ကြမယ်
မဟုတ်လား . . . နှမရဲ့. . .

မင်းသမီး ။ မှန်လှပါ. . . မယ့်ဦးထိပ်တင် ပျို့ချစ်လင်
ဘုရား. . . နှမတစ်ပါးသည် ဘဝခြားနေတဲ့
ရေနတ်နဂါးမို့ လူသားတွေနေတဲ့ တိုင်းခွင်
ရပ်နဲ့ မအပ်စပ်ပါ ဘုရား. . . ဘုရားနှမ
သည် သဘောက ချိုချိုး ဒေါသကို
မချုပ်တည်းနိုင်ပါက စမုတ်ထီးဘမရာ
တစ်ခုလုံးပြာကျ ဆုံးရှုံးကြရပါလိမ့် မယ်

ဘုရား. . . ဒါကြောင့် ဟောဒီက သားနဲ့သမီးကို သာ ပွားစည်းအောင် မွေးရစ်ပါတော့ဘုရား . . .

ငိုချင်း

သားနဲ့လင်မဟာကို. . . ထားခဲ့ကာမသေွ ပစ်ရချေတော့. . . မေချစ်သူလင်ရတနာရဲ့ . . . ကြင်နာစွာသားနဲ့သမီးကိုလ. . . အပြီး တိုင်မွေး. . . လေးနှမ နဂါးမမှာ. . . ရှင် . . . ဆွေးစရာ့များ တစ်ဖေလင်နဲ့ ရေပြင် ကျယ် သမုဒ္ဒ ရာခြားကို လ (အောင်မလေး) သွားရပါမည်. . . မနေ့း . . . မနေ့း . . .

(ငိုချင်းတီးလုံးဖြင့် ကားပိတ်မည်)

ပြကွင်း ။ နောက်ခံကားပလ္လင်

ပြကွက် ။ ကသိကရာဇ်မင်းနန်းစံစဉ်သားတော်နှင့် သမီးတော်တို့အား ရေကန်နှင့်ထား၍ ရေကစားခဲ့ရာ စူဠလိပ်နှင့်တွေ့၍ စူဠလိပ်အား ဖမ်းပြီးရေတွင်ပစ်ခန်း။

ကာသိကရာဇ်မင်းညီလာခံ

ဘုရင် ။ စိန်ရတီလက်ရုံးရည်နှင့် ဇာနည်ပြောင်မြောက် ဇမ္ဗူဒီပံ ကျွန်းနိုင်ငံတွင် အောင်လုံ ဆောက်သည့် လေးယောက်သူမွန်မတ်ကြီး ဝန်တို့ . . .

ဝန်များ ။ ဘုရား . . .

ဘုရင် ။ ကျွန်ုပ်သည် ဗာရာဏသီတိုင်းသမိုင်းထိုး၍ စိုးအုပ်တော်မူကာ သိကရာဇ်မင်းသစ် တစ်ဆူရယ်လို့ . . ဇမ္ဗူနယ်တွင်းကောင်းခြင်း ငယ်ကြေညာကျော်လို့ တေဇာတော်များ လင်းခဲ့တယ်မဟုတ်လားဗျား . . .

ဝန် ။ မှန်လှပါ၊ သမုတ်တိနတ်မင်းဥဂ္ဂဟု မြင့်မြတ် ပလ္လင်မှာ စံနေတော်မူတဲ့ အချိန်ကစ၍ တိုင်းသားပြည်သူ ကြည်ဖြူလေးမြတ်လျက် ရှိပါကြောင်း. . . ရုံးပေါင်း၍. . . သံတော်ဦး တင်ရပါသည်ဘုရား. . .

ဘုရင် ။ မင်းကြီးလျှောက်တင်သည့်စကား ကြားရ . . . အားရလှတယ်မင်းကြီးဗျား. . . ဒါထက် ကျွန်ုပ်သည် မင်းပျိုမဟုတ်၊ မင်းအိုသာ ဖြစ်ပေတယ်မဟုတ်လားမင်းကြီးရဲ့. . .

ဝန်များ ။ မှန်ပါ. . . အသိဖြစ်ကြောင်းပါဘုရား . . .

ဘုရင် ။ ဒါ့ကြောင့်. . . နဂါးမလေး နာဂသူဇာရဲ့ မှာကြားတဲ့စကားနားဝယ်ကြားမိနေသေး တယ်ဗျား. . . သမီးနှင့်သား မြတ်နှစ်ပါးတို့ သည် နတ်နဂါးမအေတူတွေ့မို့ နေပူဒဏ်ကို အလွန်ကြောက်ကြပါတယ်ဘုရား. . . တဲ့. . . ဒါကြောင့် မသွန်မမှောက်နိုင်တဲ့ ရေလုံတဲ့ လှေကြီးတစ်စင်းကို တစ်နေကုန်မပြီးမချင်း၊ အမြန်နေ၁်စီမံ၍ ကန်တော်သဏ္ဌာန် ကလေးနှစ်ဖြာကိုထည့်ပြီး ဟို. . . ဝေးကွာ

တဲ့. . . မောင်တို့ပြည်ကို. . . ဆောင်လို့သာ
ချီတော်မူပါရော့လို့. . . သူမှာတဲ့စကားအတိုင်း
ကလေးတွေကို သယ်ဆောင်ခဲ့ကြပြီး. . .
တိုင်းပြည်ပြန်ရောက်တော့လဲ. . . အမြန်နော်
လျှင်မကြာ ကန်တော်မင်္ဂလာတူးဆောက်
ကြပြီး၊ နှစ်ဦးမောင်နှမကို. . . ပျော်မြူးစေခဲ့
တယ်မဟုတ်လား မင်းကြီးများရဲ့. . .

သားတော် ။ (ကယ်တော်မူပါ)၂ (ဘီလူးကြီး
ကြောက်တယ် ဘုရာ့)၂ အစွယ်ပြူးပြူးဘီလူး
ကြီးကြောက်တယ်

ဘုရင် ။ မင်းကြီးများ. . . ကလေးနှစ်ယောက်ကို
သွေးနောက်အောင်ခြောက်လှန့်တာ
ဘယ်ကဘီလူးလဲ၊ ခြောက်လှန့်တဲ့ရန်သူကို
မာန်မူကာ ပြေးမလွတ်စေနဲ့. . . တပ်တော်
နဲ့ဝိုင်း. . . ခုမဆိုင်းအဖမ်းထွက်ကြစေ. . .

ဝန်/စစ်သူကြီး ။ မှန်ပါဘုရား. . . မှန်ပါဘုရား. . .

ဘုရင် ။ မင်းကြီးများ. . .

ဝန် ။ ဘုရား . . .

ဘုရင် ။ အစောင့်အကြပ်တွေ အထပ်ထပ်ထားပါ
လျက်ကယ်နဲ့. . . ကြောက်လန့်တကြားဖြစ်
အောင် ဘယ်ကဘီလူးနှောင့်ယှက်ပါလိမ့်
. . . အစွယ်ကပြူးပြူးလို့ [illegible]ပုံထောက်
တော့ တော်ရုံကြောက်တာမဟုတ်ဘူး. . .
မင်းကြီးရဲ့. . .

စစ်သူကြီး ။ (မှန်ပါဘုရား)² ကန်တော်မင်္ဂလာ တစ်ဝိုက်မှာ အထူးရှာခဲ့ရာ၊ ဘီလူးဆိုတဲ့ သတ္တဝါမတွေ့ဘဲ . . . စိတ်ယုတ်မာတဲ့ လိပ်ပုပ်သတ္တဝါတစ်ကောင်သာ မိခဲ့ပါတယ်ဘုရား . . .

ဘုရင် ။ အောင်မာ . . . ဘာမဟုတ်တဲ့လိပ်အယုတ်တမာက စိတ်ပုပ်စွာ ဘီးလူးအရောင်ပြပြီး နှစ်ဦးမောင်နှမကို ခြောက်လှန့်ခဲ့တာကိုး . . . ဒါလောက်မိုက်တဲ့ . . . လိပ်ဘီလူးကို ထူးထူးခြားခြား ကြီးလေးတဲ့ အပြစ်ဒဏ်ထားကြမင်းကြီးများ . . .

ဝန် ။ ကဲ . . . လာစမ်း . . . လာစမ်း . . . ဒါလောက်အလုပ်ရှုပ်တဲ့ လိပ်ယုတ်ကို နုတ်နုတ်နုတ်စင်း . . . အမှုန့်ကြိတ်ပြီး . . . သုံးပါးသောချက်နည်းနဲ့ ချက်စားပစ်မယ် . . .

ဝန် ။ အိုး . . . ဝန်မင်းကလဲ . . . မီးပုံထဲထည့်ပြီး . . . သူ့အခွံကို အိုးပြု . . . သူ့အသားနုနုကို အခုစားပစ်မယ်ဗျ . . .

လိပ် ။ ဟင်းဟင်း . . . ဟင်းဟင်း . . . ဘိုးဘိုးတို့ လိပ်ချက်နည်းတွေကလဲ စိတ်ပျက်စရာကြီးပဲဗျ၊ ကျုပ်ကြောက်တာ တစ်နည်းတည်းရှိတယ်ဗျ . . .

ဝန် ။ အော်. . . နင်က. . . ဘာကို ကြောက်တာလဲ. . .

လိပ် ။ အော်. . . ကျုပ်က ဘီလူးလိပ်လေဘိုးဘိုးရဲ့ကျွန်ုပ်ကို ရက်ရက်စက်စက်သတ်လိုပါက သမုဒ္ဒရာဝဲထဲသာ ပစ်ချလိုက်. . . အသဲထဲနင့်ပြီး. . . ရေထဲကျသွားမှာကိုတော့. . . လိပ်တစ်ယောက်ဖုန်းကသိပ်အကြောက်ဆုံးဗျ. . .

ဘုရင် ။ မင်းကြီးများ. . . စကားရှုပ်လှတဲ့ စူဠလိပ်ဟာ ဇမ္ဗူပနိမိတ်မှာ ယုတ်စွာအခွင်းပေမို့ (သူကြောက်တဲ့) သမုဒ္ဒရာအတွင်း. . . ခုချက်ချင်း ပစ်ချစေ. . .

ဝန်များ ။ အမိန့်တော်မြတ်အတိုင်းပါဘုရား. . .

<u>ပြကွင်း</u> ။ <u>နောက်ခံတောကား</u>

<u>ပြကွက်</u> ။ <u>နဂါးမင်းက သမုဒ္ဒဇာမင်းသမီးအားတောင်းရာ ကာသိကရာဇ်မင်းမှ မပေးဟုဆိုသဖြင့် အမျက်ထွက်ကာ နဂါးများကိုလွှပြည်ဗာရာဏသီသို့လွှတ်၍ ခြောက်လှန့်ခန်း</u> (နောက်ခံစကားပြောဖြင့် သမီးတော်ပေးလိုက်ရကြောင်းရှင်းလင်းသည်။)

<u>သီချင်း</u>

မြစ်နဒီမှာရေနတ်နဂါးတို့. . . တပ်ခင်း၍
ချီတက်လာ. . . ကြောက်စရာလန့်စရာ. . .

ဘာရာဏသီမင်းကြီးရဲ့ . . သမီးကညာ . . ပဏ္ဏာဆက်ပါလို့ တောင်းခံရာ ကာသိမင်း . . . ခံပြင်းဒေါသ တေရမ္ဘာ တိရိစ္ဆာန်မို့ သာ . . ညီစော်နံပြန်ကြမြွေမိစ္ဆာ . . .

အများအော်သံ ။ (ကယ်တော်မူပါဘုရား)၂ မြွေနဂါးတို့သည် တွားလျက်တစ်မျိုး၊ တိုးလျက်တစ်ထွေ၊ ခွေလျက်ပါးပျဉ်း၊ မြို့တွင်းပြည့်နှက် ကြောက်မက်ဖွယ်ရာ အသက်ပင် ဝအောင် မရှုရဲကြတော့ပါဘုရား . . ဒါကြောင့် ပြည်သူတွေကို သနားညှာတာရင်ဖြင့် နဂါး ရာဇာထံ သမီးတော်အမြန်ဆက်တော်မူပါ ဘုရား . .

သီချင်းပြဆက်

ထိုရောအခါ . . . ကာသိမင်းအခက် တွေ့လာ . . တစ်ဖက်ကပြည်သူ . . တစ်ဖက် က သမီးရတနာ . . . ဝေခွဲမရပါ . . . ရွှေသဲကနာ . . ကြေကွဲစွာ . . ပြည်သူကို ငဲ့ကွက်ခါ . . သမီးသမုဒ္ဒဇာ . . နဂါးမင်းထံ . . . အပ်နှင်း . . . လက်ဆောင်ပဏ္ဏာ . . . (ဝေလာဖြင့်တီး၍ ကားပိတ်)

ပြကွင်း ။ နောက်ခံမြို့ရိုး

ပြကွက် ။ နဂါးအမတ်နှစ်ပါးနယ်လှည့်ထွက်ဇာတ် ပန္နက်ရိုက်

ဝန် (၁) ။ ဘယ်နှယ်. . . တေဇထန်သည်း နဂါး အမတ်ကြီးဗျား. . .

ဝန် (၂) ။ ဗျာ . . . ဗျား . . .

ဝန် (၁) ။ ခင်ဗျားတို့၊ ကျုပ်တို့. . . ဘောဂဝတီစိန် အုတ်စီ. . . ရွှေပြည်နန်းစံကို၊ စံမြန်းလို့ အုပ်ချုပ်မင်းလုပ်တော်မူတာက မတရဋ္ဌ နဂါးမင်းကြီး မဟုတ်လားဗျာ. . .

ဝန် (၂) ။ ဟုတ်သပါ့ဗျား . . .

ဝန် (၂) ။ အင်း. . . မတရဋ္ဌနဂါးမင်းကြီးမှာ၊ ဟိုလူ့ပြည်ဌာနဗာရာဏက ဖြဟ္မဒတ် မင်းကြီးရဲ့သမီးတော် သမုဒ္ဒဇာနဲ့ ဘဝရေစက် အခြေဆက်လို့သွေ့မပျက်ပေါင်းခဲ့ရာမှာ သားတော်လေးပါး ထွန်းကားခဲ့ပေတယ် ဗျာ . . .

ဝန် (၂) ။ ဟုတ်ကဲ့ဗျား. . . သားတော်လေးပါးက သုဒဿန၊ ဒတ္တ၊ သုဘောဂ၊ အရိဋ္ဌလို့ အမည်တော်ရကြတယ် မဟုတ်လားဗျာ. . . သားတော်ဒတ္တရဲ့ ဂုဏ်သတင်းကတော့ ပျံ့သင်းလှပါသဗျာ. . . ကြည့်လေ. . . ခမည်းတော်မတရဋ္ဌမင်းကြီးနဲ့ အတူ သိကြားမင်းထံ အခစားဝင်ပြန်တော့ နတ်သဘင်အစည်းအဝေးမှာ ပေါ်လာတဲ့ ပြဿနာကို သားတော်ဒတ္တကသာ ဖြေရှင်း နိုင်တာကို သိကြားမင်းက ဘူရိဒတ္တလို့

အမည်တော်အပ်နှင်းတော်မူ လိုက်တယ်
ဗျား. . .

ဝန် (၁) ။ (အားရစရာပေပဲ မင်းကြီး)
ဘူရိဆိုတာက မြေကြီးအထုနဲ့တူသော
ပညာရှိပေသောကြောင့် ဘူရိဒတ်လို့
ခေါ်မှတ်ပေသဗျား. . . ဒါနဲ့ မင်းကြီး၊
ဘူရိဒတ်နဂါးမင်းဟာ သကြားမင်းရဲ့
စည်းစိမ်လည်း မြင်လိုက်ရော၊ ဟာ . . .
ဒို့နဂါး စည်းစိမ်နဲ့ မယှဉ်သာအောင်
ကြီးကျယ် မြင့်မြတ်လှပါပေလို့ အားကျပြီး
သိကြား ဘဝရောက်အောင် လူ့ပြည်သို့
သွား၍ ဥပုသ်သီလများ ဆောက်တည်နေ
တယ် မဟုတ်လားဗျာ. . .

ဝန် (၂) ။ ဟုတ်ပါ့ဗျား . . .
အင်း. . . ဒါထက် မင်းကြီးနဲ့ ကျုပ်နဲ့က
နဂါးတို့ ပြည်ရွာညီညာစွာပကတိ၊ ရှိမရှိသိရ
အောင် နယ်လှည့်လည်ကြည့်ရှုဖို့ အမိန့်
တော်မှတ်ထားတာမို့ အချိန်မကြာခင်
သွားဦးစို့ရဲ့ဗျာ. . .

ဝန် (၁) ။ ဟုတ်ကဲ့ဗျား. . .

ဝန် (၂) ။ ဒါကြောင့် ရွှေအာဏာသတ္တာပြင်းပေသော
ရာဇတစ်မင်း တမန်ကျော်တွေပါနော်. . .
အထံတော်မှ ယခုထွက်မှာကြောင့်
ပြဒုကနက်နှင့် ခရီးဝေးသော်လည်း အနီး

ကလေးတင်ကာ မကြာရောက်တဲ့
အောင်မဟာဝန်နှစ်ယောက် စခန်းလှစေဖို့
လမ်းပြတော်မူစမ်း. . .
(ဝန်တီးလုံး)

ပြကွင်း ။ နောက်ခံမြစ်ကမ်းနားညောင်ကြီးတစ်ပင်

ပြကွက် ။ ဘူရိဒတ်နဂါးမင်းဥပုသ်စောင့်နေစဉ် နေသာဒပုဏ္ဏားသားအဖနှင့်တွေ့၍ နဂါးပြည်သို့ ပုဏ္ဏားသားအဖအားခေါ်သွားခန်း

ဇာတ်ရုပ် ။ တောင်ပို့ပေါ်တွင် ဘူရိဒတ်နဂါးမင်း တင်ပျဉ်ခွေထိုင်နေသည်။ ဘေးမှ နဂါးပျို လေးယောက်ယိမ်းကပန်းမွေ့ယာခင်းနေသည်။

ဘူရိဒတ် ။ အဇ္ဇတဂ္ဂေပါနုပေတံ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ အဇ္ဇတဂ္ဂေပါနုပေတံ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ အဇ္ဇတဂ္ဂေပါနုပေတံ၊ သံဃံသရဏံ ဂစ္ဆာမိ ပါဘုရား။ ဘုရား. . . ဘုရား. . . ကျွန်ုပ် ဘူရိဒတ်နဂါးသည် လူ့ပြည်သို့လာလျက် ငါ၏အရေကိုဖြစ်စေ၊ အကြောကိုဖြစ်စေ၊ အသားကိုဖြစ်စေ၊ အရိုးကိုဖြစ်စေ၊ အသွေးကိုဖြစ်စေ၊ အလိုရှိက ယူစေတော့လို့ အဓိဋ္ဌာန်စိတ်ကြံကာဖြင့် ထိုသို့အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဥပုသ်သီလကို စောင့်သုံးပြီး နေခဲ့တာ နှစ်လတွေကြာပါပေါ့လား။ ကြာပါပေါ့လား. . . ငါကား ဤသီလ အဓိဋ္ဌာန်

ပြည့်မှသာ ဘဝတစ်လီမြင့်မြတ်သည့် နတ်တိုင်းပြည်သို့ ချမ်းကြည်ရိပ်ငြိမ်၊ စည်းစိမ်တော်ခံစားနိုင်မှာပါကလား. . . ဟဲ့. . . ရံရွေတော်များတို့. . .

ရံရွေတော် နဂါးမများ ။ ဘုရား . . .

ဘူရိဒတ် ။ ငါကား ၁၅ ရက်ကြာလျှင် တစ်ကြိမ်ကျ မယ်တော်သမုဒ္ဒဇာဒေဝီထံပြန်လို့. . . ကန်တော့နေကြ၊ မယ်တော်ဘုရား ကျန်းမာတော်မူပါစေဗျား။

နဂါးမ ။ မှန်ပါ. . . ကျန်းမာပကတိ ချမ်းသာစွာ ရှိကြောင်းပါဘုရား. . .

ဘူရိဒတ် ။ အင်း. . . ကောင်းလေစွ. . . ကောင်းလေစွ။ ဟဲ့. . . အလို ဟိုက လူသံလိုလို ကြားတယ်။ နားထောင်ကြစမ်းဟဲ့. . . (ဆိုင်းရုန်း)

ဤတွင် နေသာဒပုဏ္ဏားသားအဖထွက်လာ။

နေသာဒ ။ အလို. . . ဟိုမှာကြည့် နင်းကီးစမ်း သား. . . တောင်ပို့ကြီးပေါ်မှာ ထက်ဝယ်ဖွဲ့ ခွေထိုင်နေသူဟာ အရောင်တွေကလဲ တဝင်းဝင်း တလှပ်လှပ်နဲ့ လူလား၊ နတ်လား၊ ဂုမ္ဘာန်လားဆိုတာ ခွဲခြားလို့ သိရအောင် အနားကပ်ပြီး ခဏရပ်မေးလေဦးမှ၊ လာ လာ လာ။ အို. . . အရှင် မမြင် စဖူး ထူးထူး

တဲကဲ ဤတောထဲ၌ စံမြဲခြွေရံ၊ အလျှံဝင်းပြောင် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် ဘယ်ရာဇာ၊ ဘယ်မင်းလဲ ဆိုတာ အခင်းသိနင်းကီးပါရစေလေ။

ဘူရိဒတ် ။ ငါကား. . . အခြားမဟုတ်၊ နဂါးတို့ပြည်ကို အစိုးရသော ဘူရိဒတ်နဂါးမင်းပင် ဖြစ်ပေသည်ဗျား. . .

သောမဒတ္တ ။ အမယ်လေး နဂါးတဲ့. . . အဖေ ကျွန်တော် ကြောက်တယ်။ ပြန်ကြမယ်။ ပြန်ကြမယ်. . .

နေသာဒ ။ အသာနေစမ်းပါသားရယ်. . . အဖေ တစ်ယောက်လုံးရှိပါတယ်. . .
(ဆို၍ဒူးတုန်နေသည်)

ဘူရိဒတ် ။ ဤပုဏ္ဏားဧ၊ ရုပ်အဆင်း လက္ခဏာကား ရုန့်ရင်းကြမ်းတမ်းစွာ ရှိပေ၏။ လောဘစရိုက်၊ မောဟစရိုက်နှင့် ဒုစရိုက်အန္တရာယ် အလမ္ပာယ်ဆရာတို့အား သွား၍ပြောကြားလျှင်ဖြင့် ငါ့အား တရားအားထုတ်တဲ့ ဥပုသ်သီလ အလုပ်ပျက်စီးရတော့မယ်။
အင်း. . . ဤပုဏ္ဏားကို နဂါးတို့ပြည်ခေါ်ဆောင်၍ များစွာသော စည်းစိမ်ကို ပေးရသော် ငါသည် အနှောင့်အယှက်ကင်းစွာနှင့် ဥပုသ်ကောင်းစွာ စောင့်သုံးရပေတော့မည်။

အို. . . သင်ပုဏ္ဏားတို့ ကျွန်ုပ်တို့အား မကြောက်ကြပါနဲ့၊ သင်တို့ဟာ ဥစ္စာဆင်းရဲလို့ တောထဲမှာ မုဆိုးလုပ်ရသည် မဟုတ်လား. . .

နေသာဒ ။ မှန်ပါတယ်အရှင်. . .

ဘူရိဒတ် ။ ကောင်းပြီသင်ပုဏ္ဏား. . . အသင်တို့ ဒီနေ့ကစပြီး ကြီးပွားချမ်းသာစွာ စည်းစိမ်ခံစားရအောင် ကျွန်ုပ်တို့ နဂါးပြည်သို့ ခေါ်ဆောင်၍ သွားပါမယ်။ ပျော်သလောက်စံ၊ ခံစားကြရမယ်ဗျား. . .

နေသာဒ ။ ဟယ်. . . နေသာဒ ပွနင်းကီးတာပဲ၊ ဒီခါမှ ကံပေါ်စိုင်ကော်လို့ ခြုပေါ်ရောက်ဆိုသလို တို့သားအဖနှစ်ယောက် လိုက်နင်းကီးကြမယ်. . .

သောမဒတ် ။ ဟာ. . . အဖေကလဲ ဖြစ်နင်းကီးပ့ါမလား

နေသာဒ ။ ဖြစ်ပါတယ်ကွာ . . ။

ဘူရိဒတ် ။ ဘယ်လိုလဲ သင်ပုဏ္ဏား၊ လိုက်ကြမယ် မဟုတ်လားဗျာ . . .

နေသာဒ ။ ကောင်းလှပါပြီ. . . ကျွန်ုပ်တို့သားအဖ လိုက်နင်းကီးပ့ါမယ်အရှင်. . .

ဘူရိဒတ် ။ ကောင်းလှပါပြီ. . . ဒါဖြင့် . . . ဘောဂဝတီ စိန်အုတ်စီတဲ့၊ သိင်္ဂီရောင်လျှမ်း ရွှေပြည်နန်းသို့ အရောက်လှမ်းကြွရအောင် နဂါးတို့ ကြွဒ္ဓိပတန်ခိုးနဲ့ စိတ်အရှိန်းပြီး မသွေ

အလျှင်မြန်းရအောင်၊ ရေခင်းသံပြ ကျွန်ုပ်တို့ ကြွလှမ်းမယ်ဗျား. . .
(ကားပိတ်သည်)

ပြကွင်း ။ ရသေ့ကျောင်းပုံ၊ ညောင်ပင်နှင့် တောကား နောက်ခံ

ပြကွက် ။ ဂဠုန်နှင့် နဂါးလိုက်ကြရာ ရသေ့ကျောင်း ရှေ့ ညောင်ပင်ကြီး အမြစ်ပါကျွတ်ပါသွားသဖြင့် ဂဠုန်က လူယောင်ဖန်၍ ရသေ့အား ပြဿနာမေးလျှောက်ပြီး နဂါးနိုင်သော ဂါထာပေးသည်တွင် ကပ္ပိယပုဏ္ဏားအား ဂါထာသင်ခန်း

ရသေ့ ။ ဗုဒ္ဓါမေသရဏံ အညာနတ္ထိ၊
ဓမ္မောမေသရဏံ အညာနတ္ထိ၊
သံဃောမေသရဏံ အညာနတ္ထိလို့ ပဿတိ အမှန်မြင်လို့၊ သမ္ဗုဇ္ဈ ဂရုဓမ္မတရားတွေနဲ့ ယခုဘဝမခြားဇောအဟုန်ကပ်ပြီး၊ တောရဂုံ ရပ်၊ အတွေ့တစ်ခွင်၌ ရသေ့အသွင် ကျောင်း သင်ခန်းနှင့်ကမ္မဋ္ဌာန်းရှုလို့နေခဲ့တာ၊ အဟောဝတ၊ ချမ်းသာလေစွတကား၊ ဟဲ့ . . . ဟဲ့. . . ကပ္ပိယအမောင်ပုဏ္ဏား. . .

ကပ္ပိယပုဏ္ဏား ။ ဘုရား. . .

ရသေ့ ။ တကာတော်ကပ္ပိယက အစစ ငါ့အား လုပ်ကျွေးမျက်သစ် တံပူပေးရတာ ပင်ပန်းနေပြီလား . . .

ကပွိယ ။ မှန်ပါ့ . . မပင်ပန်းပါဘုရား . . . တပ
တော်မှာ စီးပွားပျက်လို့ စိတ်ညစ်ညစ်
တောထွက်လာရာမှာ အရှင်ရသေ့ကျော
ရောက်ခါမှ ခိုမှီးနေရတဲ့ကျေးဇူးကြော
စိတ်အေးကြည်နူးမိပါဘုရား . . .

ရသေ့ ။ သာဓု ဒကာ၊ သာဓု . . . သာဓု . . . ပြုလုပ
ဖွယ်ရှိသည့် သောက်ရေ၊ သုံးရေများဖြည့်ပြီ
ပလားဟဲ့ . . .

ကပွိယ ။ ဖြည့်ပြီးကြောင်းပါဘုရား . . .

ရသေ့ ။ အလို . . . ကောင်းကင်က ဘာသံလဲ၊
နားထောင်စမ်းဟဲ့ . . .
(ဤတွင် ဂဠုန်မင်းအတွင်းက ပြောသည်)

ဂဠုန်မင်း ။ သယ် . . . သောင်းရှစ်ပျံမြင့်၊ လေးထောင်
ဆင့်သည့် . . . တောင်မြင့်မဟိန်၊ ရွှေဂိရိန်၏
အာသိန်ဒုတိယ စိုးပိုင်သသည့် . . . ငှက်များ
သနင်း၊ နဂါးတုန်တဲ့ ဂဠုန်မင်းတဲ့ ဟေ့ . . .
ယမုံနာဝဲ၊ ငွေသောင်သဲမှမကျန်၊ အမဲသား
ငါး၊ အစာရှာသွားတော့မည်။ ထက်ဖျား
မြင်းမိုရ်၊ သခွပ်ပွင့်ကား၊ အသူရာတပ်ကို၊
နတ်စစ်သည်ဖြိုသည့်နှယ်၊ ဗဟိုရ်သံ
ဆော်တော်မူလိုက်စမ်း . . .

(ဤတွင် ဆိုင်းမှ ဗိန်းမောင်းတိုက်ပေးပြီး
ဂဠုန်မင်းဝဲပျံပုံ ကသည်။ ပြီးလက်ယာဖက်ဝင်
သွားလျှင် နဂါးမင်းထွက်လာသည်။)

နဂါး ။ ရော. . . သည်တစ်ခါ၊ မြင်ယံမုံနန်း၊ ငွေသောင်ကမ်းသို့၊ ရွှင်လန်းပျော်ပါး၊ အစာရှာသွားစဉ်မှာ ငါ့အားနောက်က ကြောက်ဖွယ်ရာ အဟုန်ပြင်းတဲ့ ဂဠုန်မင်း လိုက်လို့လာပါပေါ့လား. . . ဘယ်နှယ်ကြံရပါ့၊ ဟင်. . . တတ်နိုင်ဘူးလေ. . . ဟိုရှေ့က ဗုဒ္ဓဟေမှာ အမြီးရစ်ခွေပြီး ဂဠုန်မင်း မသုတ်နိုင်အောင် ကျွန်ုပ်တစ်မူ ကြံရတော့မှာပဲ၊ ပြောနေကြာရော၊ ဟောဟိုက ဗောဓိပညောင်၊ ငါ့အမြီးနှင့် ရစ်ပတ်ကာနှောင်၍လို့၊ ဂဠုန်မမြင်အောင် ပုန်းလိုက်ဦးမလေ . . .

(ဆို၍ ညောင်ပင်ကို ကွယ်သည်)

(ဤတွင်ဗိန်းဗောင်းတီးပေးစဉ် ဂဠုန်လက်ဝဲဘက်မှ ပြန်ထွက်လာသည်)

ဂဠုန် ။ အလို. . . ထိုနဂါးသည်၊ ကြောက်အားတကြီး ကိုယ့်အမြီးနှင့် ခိုမှီးပညောင်ရစ်ပတ်ခါနှောင်၊ နန်းပညောင်အမြစ်ပါပြုတ်တဲ့အောင် တအားကုန်ထိုးကာ သုတ်လိုက်မယ်၊ အမြစ်ပါပြုတ်ရောလဟယ်. . .

(ဤတွင်ဗိန်းဗောင်းတိုက်၍ ဂဠုန်က နဂါးကို သုတ်ရာသို့ ညောင်ပင်ကြီးအမြစ်ပါပြုတ်၍ ပါသွားသည်။)

(ဟာသ) ။ (ဤသို့ ဂဠုန်နှင့် နဂါးလိုက်နေစဉ် ကပ္ပိယက ကြောက်လှသဖြင့် ရသေ့သင်္ကန်း ထဲတိုးဝင်ပြီး)

ရသေ့ ။ ဟဲ့. . . ဟဲ့. . . ကပ္ပိယ၊ ဂဠုန်၊ နဂါးမရှိ တော့ပါဘူးဟဲ့ သတိတဝထားစမ်းပါဦး၊ ငါ့သင်္ကန်းတောင်ကျွတ်တော့မယ်။

ကပ္ပိယ ။ မ. . . မရှိတော့ဘူးလားဘုရား. . . ကြောက်လို့ပါဘုရား၊ ကြောက်လို့ပါဘုရား။

ရသေ့ ။ အလို. . . ဟိုမှာကြည့်စမ်းဟဲ့. . . ဂဠုန်ရဲ့ တောင်ဟုန် ဘယ်လောက်များ ပြင်းသလဲ ဆိုတာ၊ ငါ့ကျောင်းရှေ့က ညောင်ပင်ကြီး အမြစ်ပါမကျန် ပြုတ်လို့၊ အဟုတ်ပင် ပါသွားပါပေါ့လား. . .။

အင်း. . . အနိစ္စ. . . အနိစ္စ. . . သင်္ခါရ တရားများ မမြဲကြပါလား. . .

(ဤတွင် ဂဠုန်လူယောင်ဆောင်၍ ရသေ့ထံ ဝင်ခစားသည်။)

ရသေ့ ။ အို. . . ဒကာတော်၊ ဘယ်ကလာလို့၊ ဘယ်အရေးကိစ္စနဲ့၊ ကျွန်ုပ်ကျောင်းသင်ခန်း ကို ဝင်ရောက်ခဲ့ပါသလဲ . . .

ဂဠုန်လုလင် ။ မှန်ပါ. . . တောတွင်ပျော်မွေ့အာစာရနှင့် ကျင့်သီလပြည့်ပါတဲ့ ရှင်ရသေ့ဘုရား. . . တပည့်တော်တောတွင်းမှာ ခရီးသွားရင်း

လမ်းကြုံလို့ ဝင်ခဲ့တာပါဘုရား . . . ဒါထက် ဟောဟိုကနေရာမှာ တွင်းချိုင့်ကြီးဖြစ်နေတာက ဘာကြောင့်များပါလဲ ဘုရား . . .

ရသေ့ ။ တစ်ခြားဟုတ်ပါရိုးလား . . ဒကာ။ ဂဠုန်ရာဇာနဂါးကို သုတ်တဲ့အခါ ဒီညောင်ပင်မှာ နဂါးရစ်ခါပတ်နေတော့ ညောင်ပင်ကြီးသည် အမြစ်ပါပြုတ်ပြီး၊ အခြေယွင်းစောင်းတော့ ဒီနေရာမှာလဲ မြေကြီးတွင်းခေါင်းကြီး ဖြစ်ကျန်ရစ်ခဲ့တာပေါ့ကွယ် . . .

ဂဠုန်လုလင် ။ မှန်ပါအရှင်မြတ်ဘုရား . . သူတော်မြတ်တို့ ကျောင်းပရိဝဏ်မှာ တွင်းခေါင်းကြီး ယခုလိုဖြစ်အောင်ပြုတဲ့ ဂဠုန်ရာဇာ၊ ဂဠုန်မင်းမှာ အပြစ်များရရှိနေပါသလား ဘုရား . . .

ရသေ့ ။ အို . . . ဒကာတော်၊ ဂဠုန်ရာဇာသည် သူ၏အစာချိုလိုဇောနဲ့ အဆောတလျင်ပြုမိတာမို့ သည်အမှုမှာ အပြစ်မရှိပါဘူး ဒကာ . . .

ဂဠုန်လုလင် ။ မှန်ပါ . . . ဒါဖြင့် ညောင်ပင်မှာ ရစ်ပတ်နေတဲ့ နဂါးမှာရော၊ အပြစ်များကျလေသလား ဘုရား . . .

ရသေ့ ။ အို . . . ဒီလိုလဲ မဟုတ်ပေဘူး ဒကာ၊ နဂါးခများလဲ ကြောက်အားတုကြီး အမြီးနှင့်ရစ်ပတ်မိတာကို အပြစ်ဟု မပြောသာပေဘူး ဒကာ . . .

ဂဠုန်လုလင် ။ မှန်ပါ. . . အရှင့်ထံမှ ဤစကားကြားရတာ တပည့်တော် စိတ်သက်သာရပါပြီ ဘုရား. . . တပည့်တော်သည် အခြား မဟုတ် ဂဠုဏ်ရာဇာ၊ ဂဠုန်မင်းဖြစ်ပါသည် ဘုရား. . . အပြစ်တစ်ခါရှိ မရှိ သိရအောင် လာခဲ့ခြင်းပါ ဘုရား. . . ယခုလို အပြစ် မရှိတာသိရလို့ ဝမ်းသာကြည်နူးလှပါသဖြင့် ဘုရားတပည့်တော် အရှင်ရသေ့အား နဂါးနိုင်သော ဂါထာ မန္တန်အား လှူဒါန်း ဆက်ကပ်ခဲ့ပါသည်။ လက်ခံတော်မူပါ ဘုရား . . .

(ဆို၍အင်ဖက်တွင်ရေး၍ ပေးခဲ့ပါသည်)

ရသေ့ ။ ကောင်းပြီးဒကာ . . . သာဓု . . . သာဓု. . . သာဓု၊ သွားပေဦးတော့ ဂဠုန်မင်း. . .

ကပ္ပိယ ။ အမယ်လေး. . . တပည့်တော် ဂဠုန်ကြီးဆို လို့ကြောက်လိုက်တာဘုရား . . . အခုတော့ အရှင်ဘုရားကို နဂါးနိုင်တဲ့ဂါထာ တောင် ပေးသွားတယ်။ မှန်ပါအရှင်ရသေ့ ဘုရား . . . တပည့်ကြီးသနားတာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်စားဖို့ နဂါးနိုင်တဲ့ဂါထာအား သင်ကြားလို့ ပေးတော်မူပါဘုရား. . .

ရသေ့ ။ အင်းလေ. . . ငါ့တပည့်က သည်လောက်
ပင် အလိုရှိတာဖြင့်၊ ဂဠုန်၏မန္တန်၊ နဂါးနိုင်တဲ့
ဂါထာပျံ့ကို မှန်ကန်ကျနေ၊ တသ မလွဲ၊
ရွတ်ဆိုလို့ရွဲ ရအောင်၊ သင်ကြားဆဲ
ခေါင်းစဉ်မှန်းပြီး လာ. . . ကျောင်းသခ်မ်း
အတွင်းက ဆိုင်းမယ် . . .
(လေပြည်ထိုး၊ တစ်ခန်းရပ်၊ ကားပိတ်)

ပြကွင်း ။ ညောင်ပင်အောက်ရှိတောင်ပို့

ပြကွက် ။ ဘူရိဒတ်နဂါးမင်း ဥပုသ်စောင့်နေစဉ်
နေသာဒပုဏ္ဏားက အလမ္ပာယ်ဆရာအား
နဂါးပြပတ္တမြားယူခန်း

ကား ။ ကားဖွင့်လျှင်ဘူရိဒတ်နဂါးမင်းသည်
တောင်ပို့ပေါ်၌ တင်ပျဉ်ခွေထိုင်ပြီးသော်
တေးတပ်တစ်ပုဒ်ဆိုသည်။
(ဘူရိဒတ်နဂါးမင်းဆိုတေးတပ်)
အမိဌာန်လေးချက်ဖြင့် မပျက်ရအောင်ပင်၊
အချက်ကျညောင်ပင်မှာ၊ နောင်အစဉ်မလွဲ။
တောင်ပို့ထက်တင်ပျဉ်ခွေကာ၊ အင်္ဂါရှစ်
ပါးသီလမြဲ။ အသားနဲ့ အရိုးအရေ၊ အသွေး
တွေတနဲ၊ ပေးစေကာယူရဲက၊ ဘယ်သူပါ
လာလာ။ ငါရာဇာဘူရိဒတ်ဆုံးဖြတ်ချက်
မိဌာန်ပြုကာ၊ နိဗ္ဗာန်ဆုဒီအနာကို ကြည်သာ
စွာစိတ်ဇောနှင့်၊ ဒေါသစိတ်မျိုးသိပ်ခါ၊

သည်းခံဘို့ရာ။ ဘူရိဒတ်ငါရာဇာသည် ပါရမီဖြည့်ဦးမယ်ပလေး။

(စကားဖန်)

အော်. . . ကျွန်ုပ်သည် ဗုဒ္ဓကျုံရ၊ ဆုပန်သပြီးတစ်လခွဲလျှင်တစ်ကြိမ်၊ ဥပုသ်တော်စောင့်သည့်ချိန်မှာ လေးဖြာသောအင်္ဂါနှင့်ပြည့်စုံစွာဆင်သ၊ အဋ္ဌင်္ဂသီလကို၊ ညီမျှအောင်ကျင့်ဆောက်တည်၊ လူ့ပြည်မှာလာပြီး တရားအားထုတ်ရတာ(အဟောဝတ၊ ချမ်းသာလေစွတကား)။

လှုပ်ရှားမှု ။ (ထိုစဉ် ဘေးတစ်ဖက်မှနေသာဒပုဏ္ဏားနှင့် အလမ္ဗာယ်ဆရာတို့ ဝင်လာကြသည်။)

နေသာဒပုဏ္ဏား ။ အဆွေ. . . လာနီးကီး၊ လာနီးကီး၊ ဒီနားကိုလာကြည့်နီးကီးစမ်း. . .

(ဤတွင်နေသာဒပုဏ္ဏားနှင့် အလမ္ဗာယ်ဆရာတို့ ချွတ်နင်း၍ဝင်လာကြသည်။)

ဘူရိဒတ် ။ အလို. . . ဟိုကလာတာ၊ နေသာဒပုဏ္ဏားပါလား။ နောက်ကအလမ္ဗာယ်ဆရာအားခေါ်ပြီး ငါ့အားအဖမ်းခိုင်းတော့မှာပါလား။ အင်း. . . ဤပုဏ္ဏားသည် လောဘစရိုက်ကြီးမည်ကို ငါသိသဖြင့် ငါ့အားအန္တရာယ်မဖြစ်စေရန် ရည်စူးပြီး၊ ကြည်နူးဖွယ်စည်းစိမ်များ၊ ပတ္တမြားရတနာပေးသည်ကို မယူဘဲ၊ ယခုတော့ အလမ္ဗာယ်ဆရာအားခေါ်

၍ ငါ့အားပြခဲ့ပြီ။ အင်း. . . ကျေးဇူးကို မသိ၊ မိတ္တဒုမ္ဘိကံတရား၊ ခင်ပွန်းကြီးဆယ်ပါး အားပြစ်မှားသည့်လူမိုက်၊ ဒုစရိုက်ပုဏ္ဏား အတွက်၊ ငါ့အမျက်ထွက်ခဲ့လျှင်(ဟင်း) ငါ့သီလပျက်ရတော့မယ်. . . ပျက်ရတော့ မယ်. . . (ဟင်း)ခေတရဋ္ဌာ၊ ဘုဇဂေါ်တဲ့ မြတ်သောအမျိုး၊ ငါမျက်စောင်းထိုးလိုက် လျှင်၊ ရိုးသားအစစ်၊ ဖွဲပြာပင်ဖြစ်နိုင်ငဲ့. . . (ဟင်း) မဖြစ်နိုင်သေးပါဘူး၊ အထူး သည်းခံ၍ အလမ္ပာယ်ဆရာကငါ့အား ရိုက်လိုရိုက်၊ နှက်လိုနှက်၊ အသက်ပင် သေလို့ဆုံးစေတော့။ ( အမယ်မင်း ) စိတ်လုံးလုံးလျော့ လိုက်ပါပေ့ဗျ။

(ငိုချင်းဆိုင်းတီးသည်)

နေသာဒ ။ ကဲ. . . ကဲ. . . တွေ့တယ်မဟုတ်လား အလမ္ပာယ်ဆရာ။ ဟောဟိုတောင်ပို့ပေါ် မှာ ခွေနေတာဘူရိဒတ်နဂါးကြီးပဲ။ ဟော . . . နဂါးလို့ကျုပ်ကပြပြီ။ ခင်ဗျား ပတ္တမြား ပေးပေတော့. . .

အလမ္ပာယ်ဆရာ ။ ဩော်. . . ဒီလိုဆိုလျှင် ကျုပ်ကလဲရော့ ပတ္တမြားပဲဗျား။ ကဲ. . . ကဲ. . . ယူ. . . ယူပါတော့။

(ဤတွင် အလမ္ပာယ်ဆရာပေးလိုက်သော

ပတ္တမြားကို နေသာဒပုဏ္ဏားလက်ဖြန့်ခံယူရာဝယ်၊ လက်ကြားထဲမှ ပတ္တမြားယိုကျ၍ မြေထဲသို့ဝင်ကာပျောက်ကွယ်သွားလေသည်။)

နေသာဒ ။ အရှိရှိရှိ. . . ပတ္တမြားကြီးလျောကျပြီး ဘယ်ရောက်သွားနီးကီးပါလိမ့်။ (ရှာသည်) အာ. . . ဟား. . . ဟား. . .။ အီးဟီး ဟီးဟီး ကျုပ်ပတ္တမြားကြီးမြေကြီးထဲဝင်သွားနင်းကီးပြီ။ ဟီး. . . ဟီး. . .

ငါရှူးရတော့မယ်ဗျ။ ငါမှားပြီ။ ခင်ပွန်းကောင်းပြစ်မှားမိပြီ။ ဟင်. . . ယခုတော့ ပတ္တမြားလဲပျောက်၊ သားလဲပျောက်၊ စိတ်နောက်လို့ချာချာလည်၊ အမလေး. . . ငါတကယ်ရူးပါပေါ့ဗျ။

(ငိုချင်းဆိုင်းတီးသည်။)

အထဲသို့ပုဏ္ဏားဝင်ပြေးသည်။

အလမ္ပာယ်ဆရာ ။ ဟယ်. . . ဟန်တော့ကျပေါ့. . . ငါ၏ကိုယ်ကို နဂါးနိုင်ဆေးများသုတ်လိမ်းပြီး၊ နဂါးနိုင်တဲ့မန္တာန်ကို ဥုံခံကာစုတ်၍မလွဲ၊ ပါးစပ်ထဲတံတွေးဆွတ်ပြီး ဆေးသွက်ကာဖမ်းတော့မည်။

(ဥုံဂဠုဏ်ာသဒ္ဒေါ၊ သုတံနာဂေါ်ဂဠုန်မင်းမန္တာန်နှင့် ဥုံခံကာအပြီးပ မလွဲရအောင်အမြီးကဆွဲ၍ ဇောက်ထိုးထားပြီး စားတဲ့

အစာအံထုတ်စေရအောင် တစ်ဖန်ကျွန်ုပ်၊
သရေနွယ်ခင်းသကဲ့သို့ ခြေပြင်းပြင်း
ဆောင့်ကာဖနောင့်စာကျွေးလိုက်မယ်။
အရိုးပါမသွေးမှုန့်မှုန့်ညက်ကြေရော့ဟယ်။
(ဤတွင်ဆိုင်းရှန်းပေးသည်)

ဘူရိဒတ် ။ အောက်မလေးဗျ. . . အောက်မလေးဗျ
. . . အမယ်မင်းသေရချေတော့မယ်။
နာလှချေရဲ့. . . နာလှချေရဲ့နော်. . .

ဘူရိဒတ်ငိုချင်း (ပြောငို)

ဟင်. . . ဒီဘဝတစ်သက်၊ သီလဖြင့် ဖျက်
နိုင်ဘူး၊ ရက်စက်တဲ့အလမ္ပာယ်၊ အန္တရာယ်
ယခုကြုံရပါပေါ့၊ ခေါကြမ္မာ အမယ်မင်း
သေမရဏာလားရချေရဲ့ ဗျာ။

(ဆိုငို)

ဘုရားဆုကိုပန်သူပါ . . . အသားစုမကျန်
အရိုးကြေလို့ပြုတ်စေတော့. . . တစ်မျိုး
အရေဆုတ်ကာ အကြောနဲ့ အသွေးကိုလ
. . . ငါပေးရန်အဓိဋ္ဌာန်ယူပါတဲ့. . . ဘူရိဒတ်
နဂါး. . ။ အသဲထိတ်စရာပ. . . ဖွဲ့အိတ်
လိုခါခါချေ၍. . . ပါဒေမှာနှင်းကာချတဲ့
ကြောင့်. . .
ငါ့ခန္ဓာနာကျင်လှသော်လည်း. . .

မဒါသမာန်၊ ကောခံမပြသာဘူး. . .
(အမယ်မင်း)
လက်ငင်းသီလ အပျက်မခံနိုင်ပါပြီတကား . . .
(ငိုချင်းဆိုင်းတီး)

အလမ္ပာယ်ဆရာ ။ အင်း. . . နဂါးမင်းကြီးတော့၊ အပါးချဉ်းပြီး ကျုပ်တအားဗျင်းလိုက်တာ. . . မသေရုံ ပျော့ပျော့ကလေးကော့ရှိသာ ခံပေတော့။ ဟင်. . . ဟန်ကျလိုက်လေ၊ ဟောဒီက ပခြုပ်သွင်းလို့ သင်းကိုအလမ္ပာယ်ဆရာ ပြစားရလျှင်ဖြင့် အများတကာက နဂါး ဆရာ၊ နဂါးဆရာနဲ့ ကျုပ်နံမည်ကြီးဦးမှာဗျ။ အဲဒီလိုနံမည်ကြီးတော့မှ ထီးဘုရင် ရွှေနား တော်ပေါက်ကြားမယ်။ ပေါက်ကြားတဲ့ အခါ ရွှေနန်းတော်ရင်ပြင်သာမှာ ပြင်ဆင် ကာ အလမ္ပာယ်ပြပြီး၊ ဘုရင် သဘောတော် ကျလျှင် ဆုတော်လာဘ်တော်တွေချလို့ အစစမြောက်စားရင်၊ တောက်ပွားဘို့ သေချာပါတယ်ဗျား. . .
ဟယ်. . . ပြောနေကြာရော့။ ဟောဒီက ပခြုပ်တွင်း၊ သွင်းခြေသို့ပိတ်လိုက်မယ်. . . သင်း. . . ခွေလို့အိပ်ကရော့ဟယ်။
(ဆိုင်းရှန်းပေး)

အင်း. . . နဂါးမင်းတော့ ပခြုပ်အလယ် ရောက်ပေါ့၊ ကျွန်ုပ်အလမ္ပာယ်တစ်ယောက် အမောအပန်းဖြေရင်း တောတန်းအခြေ ညောင်ပင်အောက်မှာ၊ အောင်မြင်သလောက် အတွေးစိတ်နဲ့၊ ကျုပ်တစ်ရေး အိပ်လိုက်ဦးမယ်ဗျား. . .

(လေပြည်ထိုးကားပိတ်သည်)

မြကွင်း ။ နန်းတော်ရင်ပြင်၊ သလွန်ခုံတစ်ခုချထားသည်

ပြကွက် ။ ဘုရင့်ရှေ့တော်တွင် အလမ္ပာယ်ဆရာနှင့် ရသေ့လောင်းကြေးဖြင့် နဂါးနှင့်ဖားတိုက်သည်။

ဖားအဆိပ်မိ၍ အလမ္ပာယ်ဆရာ ထွက်ပြေး။

ဘူရိဒတ်နှင့်ညီမငယ်။ နောင်တော်တို့ လူ့အသွင်ပြ၍ ဦးရီးတော်ဘုရားအား လျှောက်တင်ခန်း။

ဇာတ်ရုပ် ။ အပျိုတော်လေးယောက် လက်ဝဲဘက်မှ ကြည့်နေကြသည်။ လက်ယာဘက်တွင် လူရှင် တော်ရုပ်နှင့် သုဒဿနရသေ့တို့ ရုပ်လျက် ( တတ်နိုင်ပါက ) အခြားအရုပ်သားရုပ်များ နှစ်ရုပ်၊ သုံးရုပ်ရှိစေရမည်။

(ကားဖွင့်သည်နှင့် အလမ္ပာယ်ဆရာပြောရမည်)

အလမ္ပာယ်ဆရာ ။ ဘုရင်ထီးဘုရားကြီးနှင့်တကွ အားလုံး အလမ္ပာယ်ပွဲသို့ကြွလာကြတဲ့ နန်းတွင်းသူ နန်းတွင်းသားနှင့် ပရိတ်သတ်အပေါင်းတို့ ခင်ဗျား။ ကျွန်ုပ်သတိပေးပါရစေ။ ဝေးဝေး ကနေပြီး ကြည့်ကြပါ။ ယခုပြမှာကမူအရှိ မှတ်ကြဘို့ ဘူရိဒတ်နဂါးအစစ်ဗျ။ ဟောဒီ စည်းဝိုင်းနားကိုတော့ ခင်ဗျားတို့မကပ်မ ကြည့်ကြနဲ့။ အသက်အန္တရာယ်ရနိုင်ပါ တယ်။

ပရိသတ်များ ။ ဟာ. . . ဘူရိဒတ်နဂါးမင်းဆိုပါလား ဟေ့။ (ဤတွင်သုဒဿနရှေ့တိုးလာပြီး စည်းထိပ် တွင် ရပ်သည်)

အလမ္ပာယ်ဆရာ ။ အလို. . . ဘယ့်နှယ်ဒီရသေ့က၊ ရှေ့တိုး လာရတာလဲ။ ကျုပ်နဂါးအဆိပ်ဒဏ်ခံပြီး ပျံတော်မူမှာ မကြောက်လို့ သလောက်ရဲ နေရသလား။ နောက်နားဆုတ်လေ။

သုဒဿန ။ ဟား. . . ဟား. . . ဟား. . . မစိုးရိမ်ပါနဲ့ ဒကာ ကျုပ်မသေနိုင်ပါဘူးဗျ။ ဒီကပဲ ကြည့်ချင်ပါတယ်ဗျာ။

အလမ္ပာယ်ဆရာ ။ ကောင်းပြီလေ။ ဒီလောက်တောင်ပြောရ ခက်တဲ့ ရသေ့။ ဘေးတွေ့မှ ကျုပ်အပြစ်ပုံ မချနဲ့။ ကဲ ဒါဖြင့်ဟောဒီက ဘူရိဒတ်နဂါး မင်းကို အများတစ်သင်းအဟုတ်မြင်ရ

အောင် ပခြုပ်ကိုဖွင့်ကာ ပေးလိုက်မယ်။ ခုမနေ့းဒေါသအမျက်နဲ့ လျှောက္ကွ၍ထွက်စေဗျား. . .

(ဆိုင်းရှန်း)

(ဤတွင်နဂါးမင်းပခြုပ်တွင်းမှ ခေါင်းဖော်၍ကြည့်လျှင် နောင်တော်သုဒဿနနှင့် ညီမငယ်တို့အားမြင်၍ နောင်တော်သုဒဿနထံပြေးထွက်ပြီး ခြေဖမိုးကိုဦးတိုက်ခါငိုသည်)

(ပြောငို)

ဘူရိဒတ် ။ အလို. . . ဟိုမှာ နောင်တော်သုဒဿနနဲ့ ညီမငယ်အဇမုခိတို့ (လိုက်လာကြပါလား)၂ ဟင်း. . . ညီတော်ဘူရိအပူဖိ၊ လူ၏ရပ်ရွာ၊ အလမ္ပာယ်လက်အန္တရယ်နဲ့ဆက်လို့မသက်သာ၊ ခက်ဖြာသည့်ကြိမ်ပခြုပ် အတွင်းက၊ အချိန်တစ်မုဟုတ်အတွင်း လျှိုးကာထွက်ပြီး ငြိုးကြမ္မာချက်ယိုယွင်းတာကြောင့် အစ်ကိုရင်းတစ်ဖြာခြေတော်ဦးမှာလ ငိုရင်းသာ အဖြေဖော်ကျူးလို့ရယ် . . . (အမယ်မင်း) ဦးခိုက်လို့ဖူးလိုက်ပါတယ်ဘုရား. . .

(ငိုချင်းဆိုင်းတီး)

ဤတွင်နဂါးမင်းဘူရိဒတ်သည် ပခြုပ်တွင်းသို့ ပြန်ဝင်သွားသည်။

ပရိသတ်များ ။ ဟယ် . . . တာကယ့်ကိုနဂါးအစစ်ပါလား ဟေ့ . . . ဟာ . . . ရသေ့ကြီးကို နဂါးကြီး ပေါက်သွားပြီထင်တယ်ဟ . . .

အလမ္ပာယ်ဆရာ ။ ဟာ . . . ဒုက္ခပါပဲ။ ဒါကြောင့် ရသေ့ကြီး အနားမကပ်ပါနဲ့လို့ ကျုပ်တားလျက်နဲ့ ကျုပ်စကားနားမထောင်ဘူး။ ခုတော့ ဘယ့်နှယ်ရှိစ။ နဂါးတောင်အပေါက်ခံလိုက် ရပြီမဟုတ်လား။ (ခက်ပါတယ်)၂ စကား နားမထောင်တာခက်တယ်။ ကဲရှင်ရသေ့ မကြောက်နဲ့၊ မစိုးရိမ်နဲ့ နဂါးအဆိပ်ကျ မန္တာန်နဲ့ အမြန်ပင်ကုသပေးမယ်။ စိတ် ချမ်းသာစွာနေပါ။ ကိစ္စမရှိပါဘူး။ (ပျောက် စေရမယ်)၂။

သုဒဿန ။ (ဟား ဟား ဟား)၂ ဟယ် . . . အလမ္ပာယ် သမားလူကြွား၊ သင့်နဂါးကား ငါ့အား ကိုက်ဝံ့မည်မဆိုထားနှင့်၊ ခြေဖျားဦးခိုက်၊ မာန်ကိုလျှော့၍ ကန်တော့လိုက်တာကို မြင်လို့ကိုက်သည်ဟုထင်နေသလား။ ငါသည်မူကားမြွေသမားတို့တွင် ဤဇမ္ဗူ တစ်ခွင်မည်သူမျှမယှဉ်နိုင်တဲ့၊ အရှင် တစ်ပါးဆိုတာ နင်လားလားမှ မသိပါ လား . . . အလမ္ပာယ်ကြွားရဲ့ . . .။

အလမ္ပာယ်ဆရာ ။ အလို . . . ဤရသေ့ကား ယနေ့ငါ့အား၊ အလမ္ပာယ်ပြရာဝယ်၊ ပရိသတ်အလယ်၌

ချုပ်ချယ်စောင်းမြောင်း၊ မကောင်းသတင်း၊ ရှန့်ရင်းကြမ်းတမ်းစွာနဲ့ ငါ့အရှက်ကွဲအောင် အလမ္ပာယ်ပွဲဖျက်ဘို့ လာတာနဲ့တူတယ်။ (သိကြရောပေါ့)

သုဒဿန ။ ဟယ်. . . အလမ္ပာယ်သမား၊ လူကြွားရဲ့ သင်နဲ့ငါဟာ ဒီနေရာမှာ ပညာချင်းပြိုင် အနိုင်ယူပြမည်။ သင်ကငါ့အား နဂါးနှင့် တိုက်ပါ။ ငါဆရာရသေ့ကယနေ့ဖြင့် သင်လူမိုက်ကို ဖားနှင့်တိုက်ပါမည်။ ဖား ကိုက်၍လုံးလုံး အသင်ရှုံးလျှင်သာ အသပြာ ငါးထောင်လောင်းကြေးကို ဆောင်ပေ တော့။ ငါအခေါင်ရသေ့ ဒီယနေ့ရှုံးပါက ငါးထောင်သော အသပြာသင်ယူကာ သွား ပေတော့. . .

ရသေ့စကားဆက် ။ ကြေးထား၍ စိန်ခေါ်ပွဲ၊ ကြောက်ရွံ့၍ နောက်တွန့်မလွဲနဲ့၊ ခုဆင်နွဲကြမယ်ဗျား. . .

ပရိသတ်များ ။ ဖားနဲ့နဂါးပြိုင်တာကြည့်ချင်တယ်ဗျို့။ မြန်မြန်ပြိုင်ပွဲစကြပါ။

အလမ္ပာယ်ဆရာ ။ ဒီမှာရသေ့ ကျုပ်ကစိန်ခေါ်ရင်တိမ်ပေါ် တက်မယ့်နဂါးဆရာပဲဗျ။ ခင်ဗျားကို ဘာမှ မှုစရာမလိုဘူး။ အေး. . . တစ်ခုတော့ သတိထား၊ ခင်ဗျားလို အညတရ၊ ရဲသေ့ ဗလချာမှာအသပြာငါးထောင်လောင်းမယ် ဆိုတာ အကြောင်းရှာမယုံစရာ ပုံပမာ

ခက်ခဲလို့ပဲဝက်တောင်ရှိပါစ။ အေး. . . ကျွန်ုပ်မှာက ဒီလောက်တော့ စာမဖွဲ့လောက်ပေဘူး။ ခုကောက်ခုပေး၊ ကျုပ်အရေးမလုပ် အသေးအနုပ်ပါပဲ၊ ဒါပေမဲ့ ခင်ဗျားကို ကျုပ်က ဘယ်လိုသက်သေခံနဲ့ ပြနိုင်မလဲ ဆိုတာ အသေအချာသိရမှ ပြိုင်ပွဲကို စနိုင်မယ်ဗျာ။

သုဒဿန　။ ကောင်းပြီ၊ အလမ္ပာယ်ဆရာ၊ ကျွန်ုပ်က မင်းကြီးကိုသက်သေထားလို့ ငွေအသပြာ အားလဲ အာမခံစေမယ်။ ဘယ့်နှယ်လဲ ဟေ့. . .

အလမ္ပာယ်ဆရာ　။ ကောင်းပြီ၊ ဒါဖြင့်စိန်လိုက်. . .

ဘုရင်　။ ဟဲ့. . . မင်းကြီးများ. . .

ဝန်များ　။ ဘုရား. . .

ဘုရင်　။ ဒီအလမ္ပာယ်ပွဲမှာ ဟိုရှေ့မှာရသေ့တစ်ပါး ရောက်လို့နေပါလား၊ တော်တော်တော့ ထူးခြားနေပြီမှတ်တယ်။
အို. . . ရှင်ရသေ့. . .
ဘာကြောင့်ဒီအလမ္ပာယ်ပွဲလာရသလဲဗျ။

သုဒဿနရသေ့　။ အို. . . အရှင်မင်းမြတ်. . . ကျွန်ုပ်ဒီ ကနေ့လာခဲ့ရတာတော့ အခြားမဟုတ်ပါ။ ဟောဒီကအကြွားတစ်ခါပိုတဲ့ နဂါးဆရာ လိုအလမ္ပာယ်သမားဟာ မာန်စွယ်များ လိပ်ပြီး၊ အဆိပ်မရှိတဲ့ နဂါးကိုအများ

ပြည်သူဘာမှမသိတဲ့၊ တိုင်းသူပြည်သား တို့အား ဉာဏ်များပြီးမဟုတ်မဟပ်ပြတာ ကြောင့် ကျွန်ုပ်ကဆုံးမရန်လာခဲ့ခြင်းဖြစ် ပါတယ်။ ယခုအခါ အလမ္ပာယ်ဆရာနှင့် ကျွန်ုပ်၊ အဟုတ်ပင်လောင်းကြေးထားတာ က အသပြာငါးထောင်ပါ။ နဂါးကို ဆောင်သူအလမ္ပာယ်ဆရာက ကျွန်ုပ်အား နဂါးနှင့်တိုက်၊ ကျွန်ုပ်ရသေ့ကတော့ ဖားနှင့် သာတိုက်ပါမည်။ အကိုက်မခံရ၍ နိုင်သူက လောင်းကြေးယူရှုံးသူက လောင်းကြေးပေး ဒီအရေးမှာ မင်းကြီးနှင့်တကွ မျက်မြင် သက်သေတည်တော်မူပါ။ လျော်ရန် အဟုတ်အကျွန်ုပ်သာဖြစ်ပါက အထုပ် သပြာအစစ်ရစေရမယ်ဟု အကျွန်ုပ်ရသေ့ အတွက် အာမခံ၍ သက်သေတည် တော်မူပါအရှင်မင်းကြီး . . .

ဘုရင် ။ မင်းကြီးများ . . .

ဘုရား . . .

ဤရသေ့သည်ကား ထူးခြားသောအတတ် ပညာများရှိလို့သာ ရဲရဲဝံ့ဝံ့မင်းပရိသတ်ဗိုလ် ပုံအလယ်မှာ အလမ္ပာယ်ဆရာ၏မြွေနဂါး အား၊ ဖားနှင့်ပင်ပြိုင်မယ်လို့ဆိုတာ တကယ် ကိုမြင်ရခဲတဲ့ အံ့ဖွယ်သရဲရှိလှတယ်။ ဒါကြောင့် ငါကိုယ်တော်တိုင်ရှုစားလို့

မျက်မြင်သက်သေတည်ထားပြီး ရသေ့အား အာမခံပေးတော်မူတယ်ဗျား . . .
ကဲ . . ရှင်ရသေ့နှင့် အလမ္ပာယ်သမားတို့ နဂါးနှင့်ဖားပြိုင်ပွဲကိုဆင်နွှဲဘို့စနိုင်ပါပြီဗျား . . .

သုဒဿန ။ ကောင်းလှပါပြီ အရှင်မင်းကြီး . . . ဟယ် . . ပြောနေတာကကြာရှည်ရော့မည်။ အဇမုခီအမည်ရှိတဲ့ ငါ၏ဖားမနှင့် သင့်အားတိုက်တော့မည်။ ငါ၏ဖားမသည် နှယ်နှယ်ရရမဟုတ်မတရဋ္ဌနဂါးမင်း၏ သမီးရင်းဖြစ်ပေတယ်။ အဆိပ်ပြင်းစွာ အသင့်အားဖွဲ့ပြာသို့ဖြစ်ရမည်။ ကဲ၊ နှမငယ် အဇမုခီ၊ ယခုငါ၏ဆံကျစ်ကြားမှ ထွက်၍ လက်ဝါးသို့တည်လေလော့ . . .
(ဤတွင်ဖားမထွက်၍ သုဒဿန၏ လက်ဝါးပေါ်သို့အဆိပ် သုံးစက်ကိုချပြီး ဆံကျစ်ကြားသို့ဝင်သွားသည်။)

အဇမုခီ ။ အလို . . မောင်တော်၏ ခေါ်သံကြားပေ့။ ဖားတို့၏အသံနှင့် ဆံကျစ်ကြားမှထွက်၍ ပခုံးထက်တွင် တစ်ထောက်နားပြီး လက်ဝါးပြင်အဆုံးတစ်လျှောက် သုံးပေါက်သော အဆိပ်အစက်ချလျက်ပင်ခုန်ကာ ပြလိုက်မယ်။ ပုံတော်ဟန်လှရော့ဟယ်။
(ဆိုင်းရှန်းပေးသည်)

သုဒဿန ။ အို. . . အရှင်မင်းမြတ်၊ ကျွန်ုပ်၏ လက်တွင်း၌ရှိသော ဤအဆိပ်ကားအလွန်ပင် ပြင်းထန်လှပေသည်။ မြန်မြန်သွန်ပစ်မှ တော်ချေမည်။ သွန်စရာနေရာဖွေရှာလို့ မတွေ့လျှင် ဤယနေ့ ဗာရာဏသီပြည် တစ်ပြည်လုံး အသက်ဆုံးရတော့မည်။ ဤအဆိပ် အားကောင်းကင်သို့ပစ်သော် မိုးခုနစ်နှစ်ခေါင်ရာ။ မြေကြီးသို့သွန်လျှင် မြက်သစ်ပင်ခြောက်ခမ်းအံ့။ ရေမှာသွန်ငြားလျှင် ငါးနှင့်တစ်ကွ သတ္တဝါတို့ သေဆုံးရတော့မည်။ ဒါကြောင့် မင်းကြီးအမိန့်နဲ့ တွင်းကြီးသုံးတွင်းကို အမြန်တူးစေ၍ အထူးထူးသော နတ်ဆေးတန်ခိုးနှင့် အခိုးအလျှံထွက်၍ သက်သာအောင်ပြုစီရင်ရပါမည်။ အရှင်မင်းကြီး. . .

ဘုရင် ။ ကောင်းပြီ၊ ဟောဟိုဘက် မြေကမ္ဘလာမှာ အသေအချာအမြန် တွင်းသုံးတွင်းတူးကြစေဟဲ့။

ဝန်များ ။ (မှန်ပါဘုရား)၂
(အတွင်းဝင်ပြီးပြော. . .)
မှန်ပါ၊ တူးပြီးပါဘုရား . . . တူးပြီးပါဘုရား။
(ပြန်ထွက်လာ)

သုဒဿန ။ ကောင်းပြီ။ ကျွန်ုပ်ကနတ်ဆေးနှင့်တကွ သုတ်လို့၊ ဤအဆိပ်ကို အဟုတ်ပင်တွင်းဝ

ကချလိုက်မယ်၊ အခိုးအလျှံထ၍ ပျောက်စေဗျား. . .

(ဤတွင်ဆိုင်းရှန်းပေသည်။ အတွင်းမှ ဂက်စ်ဖြင့်မှုတ်၍ အခိုးထုတ်လွှင့်ပေးသည်)

အလမ္ပာယ်ဆရာ ။ အမလေးပူ. . . ပူလှချည်ရဲ့၊ လောင်လှချည်ရဲ့ (လူးလှိမ့်နေသည်)

အမယ်လေး. . . ကျုပ်ကိုယ်မှာလဲ၊ ဇီးဖြူသီး၊ ဖန်ခါးသီးတစ်မျှ အဖုအပိန့်တွေထလို့၊ ကျုပ်. . . ကျုပ်နူနူသွားပြီ။ အမလေး သေရပါတော့မယ်။ ကျုပ်ကိုချမ်းသာပေး ပါ။ ကျုပ်နဂါးမင်းဘူရိဒတ်အား လွှတ်ပါတယ်. . . လွှတ်ပါတယ်. . .

(အော်၍အထဲဝင်ပြေးသည်)

(ဤတွင်မီးမှိတ်၍ဘူရိဒတ်နဂါးမင်းနှင့် တကွ သုဒဿနနှင့်အဇမုခိတို့ ဘုရင်အား ခစားလျက်မီးပြန်လင်းသောအခါ ပေါ်လာသည်။)

ဘုရင် ။ အလို. . . အသင်တို့ကား အသွင်ဆန်းပြားသနဲ့ မည်သူများဖြစ်ကြပါသလဲဗျား. . .

ဘူရိဒတ် ။ မှန်ပါအရှင်မင်းကြီး. . . ကာသိကရာဇ်မင်းကြီး၏ သမီးတော်သမုဒ္ဒဇာကို ဓတရဋ္ဌနဂါးမင်းအား ပေးအပ်နှင်းခဲ့သောအဖြစ်ကို မှတ်မိတော်မူပါ၏လော။

ဘုရင် ။ ဩော် . . မှတ်မိပါသော်ကောလား။ သမီးတော်သမုဒ္ဒဇာဟာ ငါ၏နှမတော်အရင်းပေပဲ ဟဲ့ . . .

ဘူရိဒတ် ။ မှန်ပါအရှင်မင်းကြီး . . . ကျွန်ုပ်တို့ကားအခြားမဟုတ်ပါ။ အရှင်မင်းကြီး၏ နှမတော်သမုဒ္ဒဇာမှ ဖွားမြင်သော ဟောဒါကနောင်တော်ကြီးသုဒဿနပါ။ ကျွန်တော်မျိုးက ဘူရိဒတ်ညီငယ်ပါဘုရား။ ဟောဒီကအဇမုခိဆိုတာကတော့ ညီမဝမ်းကွဲတော်ပါတယ်ဘုရား . . . ဒါကြောင့် အသင်မင်းကြီးသည်ကား ကျွန်ုပ်တို့ရဲ့ ဦးရီးတော်အရင်းပင့်ဖြစ်ကြောင်းပါဘုရား . . .

ဘုရင် ။ အလို . . . ဒါဖြင့် ငါ၏တူတော်၊ တူမတော်များ ဘယ်ပုံနဲ့ အလမ္ဗာယ်ပစ်လက်တွင်းသို့ သက်ဆင်းခဲ့ရတာလဲဗျား . . .

ဘူရိဒတ် ။ မှန်ပါ . . . တူတော်ဘူရိဒတ်ဟာ လူ့ပြည်မှာ လာလို့ ဥပုသ်တော်ယူရာတွင် မသမာသော အလမ္ဗာယ်လက် ဆင်းသက်ခဲ့ရသည်မှာ နောင်တော်သုဒဿနနှင့် ညီမတော်အဇမုခိတို့က ယခုလိုလိုက်၍ ကယ်ဆယ်ခြင်းကြောင့် အန္တရာယ်မှ လွတ်ကင်းရပါတော့သည် ဘုရား . . .

ဘုရင် ။ အလိုလေး . . . ဖြစ်ရတယ် တူတော်မောင်တို့ရယ်။

ယခုလို ချမ်းသာရတာတော်ပေသေးပေ။
ဒါတဲ့ ကျုပ်နှမတော်သမုဒ္ဒဇာရော ကျန်းမာ
တော်မူပါစ . . .

ဘူရိဒတ် ။ မှန်ပါ . . . ကျန်းမာပကတိ ချမ်းသာစွာ
ရှိပါဘုရား . . .

ဘုရင် ။ အင်း . . . မတွေ့ရတာလဲ နှစ်ရှည်ကြာလှ
ပေါ့၊ တွေ့ချင်မြင်ချင်စမ်းပါဘိကွယ် . . .

ဘူရိဒတ် ။ မှန်ပါဘုရား . . . တစ်နေ့နေ့တစ်ရက်မှာ
အချိန်းအချက်ပြုလို့ မယ်တော်သမုဒ္ဒဇာ
ဒေဝီနှင့်တကွ အဘိုးရသေ့ကြီးကိုပါ
ပင့်ဆောင်၍ ဆွေတော်မျိုးတော်များ
တွေ့ဆုံပွဲကို အာခဲလို့ပြု လူ့ပြည်သို့
ပင့်ဆောင်ခဲ့ပါမည်ဘုရား . . .

ဘုရင် ။ (အေး . . .)၊ မင်းတို့မယ်တော်သမုဒ္ဒဇာ
ကို ဓတရဋ္ဌနဂါးမင်းထံ ပဏ္ဏာဆက်လိုက်
ရပြီးတဲ့နောက် ခမည်းတော်ကာသိကရာဇ်
ဘုရင်ကြီးဟာ စိတ်နှလုံးမသာယာတာမို့
ထီးနန်းကိုစွန့်ပြီး ရသေ့ရဟန်းဝတ်ခဲ့တာ
ယနေ့ အထိပါဘဲကွယ် . . . သို့မို့ကြောင့်
ခမည်းတော်ရသေ့ကြီးကို ဒို့မောင်နှမအတူ
ဖူးချင်ပါတယ်။
ဒါကြောင့် . . . ဒီသုံးပွင့်ဆိုင်တွေ့ဆုံမယ့်
ပွဲကို တူတော်မောင် ဘူရိဒတ်ကအစစ

တာဝန်ခံ၍ အမြန်စီမံပေတော့ဗျား . . .
ယခုတော့ အပန်းဖြေကြဦးကွဲ့ . . .

ဘုရိဒတ် ။ မှန်ပါ . . . မယ်တော်ယခုလောက်ဆိုရင်
ပူပင်ကာ သောကရောက်မည်ကြောင့်
ကြာရှည်စွာ ဦးရီးတော်ထံ မနေအားပါ
ဘုရား . . . သွားရပါမည်ဘုရား . . .

ဘုရင် ။ ကောင်းပြီ . . .
တားမရတာဖြင့် သွားကြပေတော့ဗျား . .

<u>ပြကွင်း</u> ။ <u>နန်းဆောင်အတွင်းကား</u>

<u>ပြကွက်</u> ။ <u>သာဂရမင်းနှင့် သမုဒ္ဒဇာနှမတော်တို့ ခမည်းတော်ရသေ့ကြီးအား မိသားစု ကန်တော့ပွဲကျင်းပခြင်း</u>

(ဇာတ်တော်ပေါင်းခန်း)

ဘုရင် ။ အော် . . . သမုဒ္ဒဇာနှမသည်ရဲ့ ဘဝ
နှစ်သွယ်ဆန်းပြားပုံကတော့ နန်းအပါး
ကနေ နဂါးပြည်ရောက်သားတွေကြောင့်
တစ်ဖန်အမျိုးအဆွေတွေ တွေ့ကြပြီး . .
ဘိုးအေရသေ့ကြီးကိုပါ အဆွေအမျိုး
တစ်သိုက်နဲ့ အစုံဖူးလိုက်ရတော့ မကြုံဘူး
အောင် အလွန်ထူးလှတာမို့ . . . ကိုင်း

အားလုံး၊ ဦးချကန်တော့ ပူဇော်ကြပါစို့ . . .

အားလုံးဆို ॥ ဖခင်အဘိုး၊ ရှိခိုးပူဇော် . . . သားသမီးနဲ့ မြေးစိတ်အေးရွှင်ပျော် . . . ပူဇာစမ့် . . . အတူတစ်ကွပူဇော် . . . မင်္ဂလာတရား . . . ထင်ရှားသာဓုခေါ် . . .
သာဓု . . . သာဓု . . . သာဓု . . . ॥

ရသေ့ကြီး ॥ (ကောင်းလေစွ)[၅] ဗာဟုသုတ္တစ္စည်း၊ သိပ္ပစ္စ၊ ဝိနယောစ၊ သုသိက္ခိတောတဲ့ အင်း . . . လူစိတ်သိသောဉာဏ်ပညာ အခြေပြုလို့ မြေအထုနဲ့တူတာမို့ သိကြားမင်းပေးတဲ့ ဘူရိဆိုတဲ့ အမည်ဟာ လူ၏ပြည်အထိ ပျံ့နှံ့ကျော်ဇောပေတာကိုး . . .
အေး . . . အေး . . . အေး . . . သုံးပွင့်ဆိုင်တွေ့ဆုံပွဲကြီး ဆင်နွှဲပေးခဲ့တဲ့၊ မြေးတော် ဘူရိဒတ်နဲ့အတူရှိကြတဲ့ ဆွေတော်မျိုးတော် အပေါင်းတို့အား အဘိုးရသေ့ကြီးက ဘကုန်းသဝေပေးလိုက်မယ် ဘေးကင်းကြစေသတည်း . . .

ဘူရိဒတ် ॥ ပေးတဲ့ဆုနဲ့ အားလုံးပြည့်စုံပါရစေဘုရား . . . ॥ သားတော်ဘူရိဒတ်သည် လူ၏အရပ်ဥပုသ်ဆောင် ဝင်စဉ်ကပင်လျှင် လူ့အယုတ်ကောင် အလမ္ပာယ်သမားကို ရန်စွယ်တစ်ပါးလို့ အမှတ်မပြုခဲ့ပါဘုရား

. . . . ။ ဒသပရမတ္တပါရမီရောတိလို့ . .
တစ်ဆင့်တက်၍ အသက်ကိုပင်လိုချင်က
ယူချေတော့လို့ စိတ်အကြံမှုဖြင့် အဓိဋ္ဌာန်
ပြုခဲ့တာမို့ ရန်သူလက်တွင်းက လွတ်ကင်း
ခဲ့ရပါတယ်ဘုရား . . .
အင်း . . . ထို့ပြင်တစ်ဝ ဟိုတစ်ချိန်အတိတ်
ကာလက မယ်တော်သမုဒ္ဒဇာကို ပဏ္ဏာ
အဖြစ်တောင်းခံစဉ်က အကောင်းအမှန်
မြင်ပြီး၊ ကြည်ဖြူလက်တွဲ အမြင်တွေ မလွဲ
ခဲ့ကြလျှင် . . အဖေတစ်ကွဲ၊ မောင်တစ်ကွဲ၊
အကျိုးတွေနည်းပြီး၊ အမျိုးအဆွေတွေလဲ
ကွဲခဲ့ကြမယ်မဟုတ်ပေဘူး . . . ဒါကြောင့်
. . . ယခုလူများ၊ အတုယူမမှားကြပဲ၊
အိမ်နီးချင်းကောင်းကဲ့သို့ ရင်းရင်းနှီးနှီး
ပေါင်းတတ်ကြဘို့ . . . ကောင်းမြတ်သည့်
စေတနာဖြူဖြူနဲ့ . . . ဒေသနာကူကာတစ်မူ
သိမှတ်ကြစေဘို့ . . . ဘူရိဒတ်ဇာတ်ကို
တင်ဆက်လိုက်ရပါတော့သည်။
ဤဇာတ်သည် ဥပုသ်သီတင်းသုံးသော
ဒါယကာကို အကြောင်းပြု၍ ဟောခဲ့ပါ
ကြောင်း . . .
ဇာတ်တော်ကို ပေါင်းလိုက်သော် . . .
မကောင်းသည့် နေသာဒမုဆိုးက
(ဒေဝဒတ် အလောင်း)

မုဆိုး၏သားပုဏ္ဏားက
(အာနန္ဒာအလောင်း)
သုဒဿနနောင်တော်ကတော့ (ရှင်သာရိ
ပုတ္တရာအလောင်း)
သုဘောဂညီတော်က
(ရှင်မောဂ္ဂလန်အလောင်း)
အဇမုခိသည်
(ဥပ္ပလဝန်ထေရီမအလောင်း)
ဘူရိဒတ်နဂါးမင်းသည် (ဘုရားရှင်ဂေါတမ
အလောင်း)
ဒါကြောင့် စောဘဂဝါအကြောင်း ဆယ်ဘွဲ့
ဇာတ်အလာကို မှတ်စရာဇာတ်လမ်းပြုစုပြီး
မှတ်တမ်းပြုတင်ဆက်လိုက်ရပါတော့သည်
ခင်ဗျား . . .
(ဇာတ်ပေါင်းသီချင်း)

အဖွဲ့သားများ ။ ခန္တီမူလ မာန်စွယ်ချ၊ လောင်းဘူရိဒတ် . . .
ဒေါသကိုပယ် မေတ္တာလွယ် . . .
စိတ်အလွန်မြင့်မြတ်၊
အမျိုးသားရေးကို ဦးစားပေးကာ . . .
တွေ့ဆုံစေ့စပ် ခင်ပွန်းဆယ်ပါးပြစ်မှား . .
ပုဏ္ဏားမသမာ မယုံနိုင်စရာ ပေးကမ်းချီးမြှင့်
. . . ကိုယ်နှင့်ယှဉ်၊ ထိုစိတ်ဓာတ် စံနမူနာ
မှတ် . . . အလောင်းတော်မြတ်ဘူရိဒတ်
ဇာတ်တော် မဟာ . . .

(ပြည်ဖုံးကားချသည်)

နဝမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကား ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် (သောကြာနေ့)၊ အမျိုးသားဇာတ်ရုံကြီးတွင် ခြိမ့်ခြိမ့်သဲအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေသည်။

ရန်ကုန်တိုင်းအဖွဲ့ (၁) ယဉ်ကျေးမှု တက္ကသိုလ်၊ တော်ဝင် ရုပ်စုံသဘင်၏ နာယကလည်းဖြစ်သူ ဆရာကြီးနန်းညွန့်ရှိန် ကိုယ်တိုင် အနီးကပ် ကြီးကြပ်လေ့ကျင့်မှုများအပေါ် အားမရသေးသည့် ကကြိုး ကကွက်များကို သူကိုယ်တိုင် ကြပ်မတ်ပြသ ခဲ့လေသည်။

တော်ဝင်ရုပ်စုံသဘင်အဖွဲ့၏ ကြိုးပမ်းမှုများက ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့လေသည်။

ထို့ပြင် ရုပ်သေးကြိုးဆွဲဆုကိုလည်း တော်ဝင်အဖွဲ့မှ ဦးအောင်တိုး (တောင်စွန်း အောင်တိုး) က ရရှိခဲ့ပြန်သည်။

အမြုတေရှိရာ အမြုတေစုသည်သာဖြစ်၏။ ဇာတ်ပို့တေးဂီတဆုကိုလည်း တော်ဝင်ရုပ်စုံ သဘင်မှ ဝိုင်းတော်ဇီး ရွှာစားပန်တျာ စိန်လှမြိုင်ရရှိခဲ့လေသည်။ တော်ဝင်ရုပ်စုံ သဘင်အဖွဲ့၏ အောင်မြင်မှုများမှာ အားရ ဝမ်းသာကြည်နူးစရာပင် ကောင်းတော့သည်။

ရွှေနှင့်ကွပ်သော ရတနာများ၏ ဂုဏ်သတင်းသည်ကား မြန်ပြည်အနှံ့မွှေးထုံ သင်းပျံ့နေပေတော့သည်။

# နိဂုံး

(က)

ဆယ်စုနှစ်လေးစုကျော်ကာလ။ ဝေးကွာလွန်းသော ရင့်ရော်နေသည့် အတိတ်ဒိုဆီမှ ငယ်အိပ်မက်များက ကျွန်တော့် နှလုံးသားတွင် ဝင်ရောက်ခိုအောင်းမွေ့ပျော်နေသည်မှာ ကြာခဲ့ချေပြီ။ ယခု ထိုမှတ်သိပ်မှုများ ပြေပျောက်ခွင့်ရလာ၏။

(ခ)

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ၏ ကျေးဇူးဖြင့် ရုပ်သေးပြိုင်ပွဲများက မျိုးဆက်သစ် လူငယ်ရုပ်သေးကြိုးဆွဲများအား နိုးကြားတက်ကြွစေသည်။ ရဲရင့် သွေးနှိုးစေသည်။

(ဂ)

၁၉၉၃ ခုနှစ်ကာလတွင် ယဉ်ကျေးမှုတက္ကသိုလ် ပေါ်ပေါက် လာရာ ရုပ်သေးကြိုးဆွဲပညာရပ်သည်လည်း ပြန်လည်သက်ဝင် စရာ လှုပ်ရှားခွင့်ရလာသည်မှာ အားရစရာဝမ်းမြောက်ဘွယ်ရာ ကောင်းလှသည်။

(ဃ)

မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင် နန်းညွန့်ရှိန်အား ယဉ်ကျေးမှု တက္ကသိုလ်တွင် ရုပ်သေးအကြံပေးအဖြစ် နိုင်ငံတော်မှ ခန့်အပ် တာဝန်ပေးခြင်းခံရသဖြင့်လည်း သူ့ကို သိခွင့်ရလာသည်။

သို့မို့ကြောင့်လည်း သူ၏နက်နဲသိမ်မွေ့ရှားပါးလှသော ရုပ်သေးကြိုးဆွဲပညာများနှင့် သူ့ကိုချဉ်းကပ်နိုင်သမျှ ချဉ်းကပ်၍ ရေးသားဖော်ထုတ်တင်ပြရပေသည်။

(င)

အတိတ်သည် ရင့်ရော်နေလင့်ကစား ကျွန်တော့်အတွက် သစ်လွင်နေသည်။ ထို့ကြောင့်လည်း ရှေးခေတ် ရုပ်သေး မင်းသမီးကြီးအဘ ဘိုးကြာမြစ်ကား ကျွန်တော့် နှလုံးသားဝယ် ယနေ့တိုင် ရှင်သန်နေဆဲပင် ဖြစ်သည်။

မင်းသျှင်အောင်

## ကျမ်းကိုး

၁။ မြန်မာသဘင်လောက — သဘင်ဝန်ဦးနု

၂။ မြန်မာ့ဇာတ်သဘင်သမိုင်း — မောင်သိန်းနိုင်

၃။ ပခန်းအနူသဘင်ကျော်များ — အောင်မြေညို (နံ့သာမြေ)

၄။ မြန်မာစွယ်စုံကျမ်း၊ အတွဲ (၁၁) — စာပေဗိမာန်၊ ၁၉၇၀

၅။ အင်တာဗျူးဂျာနယ်၊ အမှတ် (၈၂) — ချစ်ဦးညို

(**BLACK BOX** ဆိုသည်မှာ ဆောင်းပါး)

၄.၇.၂၀၀၁